# မြန်မာနိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုများအတွက် တာဝန်ခံမှုရှာဖွေခြင်း

မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး အရင်းခံမဟာဗျူဟာ



၂၀၂၄ ခုနှစ် မေလ

LEGAL AID NETWORK

# မြန်မာနိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုများအတွက် တာဝန်ခံမှုရှာဖွေခြင်း

## မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် တိုက်ဖျက်ရေး အရင်းခံမဟာဗျူဟာ

၂၀၂၃ ခုနှစ် မေလ

ဤအစီရင်ခံစာကို Burma Relief Center (BRC) မှ အဓိကထောက်ပံ့ထားပါသည်။

ဥပဒေအထောက်အကူပြုကွန်ရက် မူပိုင်ခွင့်။ ဤအစီရင်ခံစာကို ဥပဒေအထောက်အကူပြု ကွန်ရက်ထံသို့ တရားဝင်စာဖြင့်ခွင့်ပြု ချက်ကို တရားဝင် တောင်းခံခြင်းမရှိဘဲ ဤ အစီရင်ခံစာ၏ မည်သည့်အစိတ်အပိုင်းကိုမျှ ပြန်လည်ထုတ်လုပ်ခြင်း၊ ပြန်လည်ထုတ်ယူနိုင် သည့် စနစ်အတွင်း သိုလှောင်သိမ်းဆည်းထားခြင်း၊ လွှဲပြောင်းပေးခြင်း တို့ကို မည်သည့်ပုံစံ ဖြင့်ဖြစ်စေ၊ မည်သည့်နည်းလမ်းဖြင့်ဖြစ်စေ မပြုလုပ်ရ။

အသေးစိတ်သိလိုပါက ဆက်သွယ်ရန်:
ဦးအောင်ထူး
လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက် တည်ထောင်သူ
Email: legalaidnetwork@gmail.com
Website: www.legalaidnetwork.org

# မာတိကာ


အခန်း (၁)

**အနှစ်ချုပ်** ၁

အခန်း (၂)

**နောက်ခံအကြောင်းအရာ** ၇

အခန်း (၃)

**တပ်မတော်၏ လေယာဉ်ဖြင့် ဗုံးကြဲမှုများနှင့်**
**လေကြောင်းမှ တိုက်ခိုက်မှုများ** ၁၁

အခန်း (၄)

**အရပ်သားလူထုများစွာ သေကြေခဲ့သည့် အဆိုးဝါးဆုံးသော**
**လေကြောင်းတိုက်ခိုက်မှု** ၂၁

အခန်း (၅)

**ဥပဒေပြဿနာများ** ၂၇

အခန်း (၆)

**မင်းအောင်လှိုင် အာဏာဆက်လက်ကိုင်ထားရေးအတွက် ဘုံစီမံချက်** ၄၃
**(Common Plan)**

အခန်း (၇) နိဂုံးချုပ် သုံးသပ်ချက်

**မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်** ၆၁
**တိုက်ဖျက်ရေး အရင်းခံမဟာဗျူဟာ**

အခန်း (၈)

**ထောက်ခံအကြံပြုချက်** ၇၉

အခန်း (၁)

# အနှစ်ချုပ်

ဤအစီရင်ခံစာတွင် မကြာသေးမီကဖြစ်ပွားခဲ့သော ကချင်ပြည်နယ်၊ ဖားကန့် မြို့နယ်တွင်းရှိ အနန့်ပါ ဗုံးကြဲတိုက်ခိုက်ခံရမှုဖြစ်စဉ်ကို အထူးပြု တင်ပြထားပြီး၊ အထူးသဖြင့် ၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းပြီးနောက် ပိုင်း၌ တနိုင်ငံလုံးအနှံ့တွင် တပ်မတော်၏ လက်လွတ်စပယ် လေကြောင်း ဗုံးကြဲတိုက်ခိုက်မှု ဖြစ်စဉ်တို့ကိုလည်း ထည့်သွင်းတင်ပြထားသည်။ အဆိုပါ ဗုံးကြဲတိုက်ခိုက်မှုဖြစ်စဉ်တို့သည် နစ်နာသူအရပ်သားပြည်သူ လူထုအဖို့ သေကြေပျက်စီးခြင်းမှာ မနိုးထနိုင်သော အိပ်မက်ဆိုးသဖွယ်ဖြစ်နေသည်။ တဖက်တွင်လည်း မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်ရှိ ဌာနချုပ်များမှ ဇိမ်ခံ အမိန့်ပေးညွှန်ကြားလျှက်ရှိသော မင်းအောင်လှိုင်ဦးဆောင်သည့် အကြီးတန်း စစ်ဗိုလ်ချုပ်ကြီးများကို ကိုင်တွယ်ဖြေရှင်းရမည့် အခြေအနေ တရပ်ရှိနေပြီဖြစ်ကြောင်းကား ပိုမိုထင်ရှားပေါ်လွင်လာသည်။ မည်သို့ လက်တွေ့ဖြစ်နိုင်ပါမည်နည်း။ ယင်းနှင့်ဆက်စပ်၍ ဤအစီရင်ခံစာတွင် အသေးစိတ် ပြုစုဖော်ပြထားပါသည်။

လက်ရှိတပ်မတော်အနေဖြင့် နိုင်ငံ၏ အဓိက လုံခြုံရေးအဆောက် အအုံတခုအဖြစ် ဆက်လက်တည်ရှိနေဦးမည်ဆိုပါက နိုင်ငံတကာအဆင့် ပြစ်မှုကြီးများ၊ ပြင်းထန်ဆိုးဝါးလှသော လူ့အခွင့်အရေးချိုးဖောက်မှုများကို မည်သည့်အခါမျှ ဟန့်တားနိုင်မည်မဟုတ်ကြောင်းကို နှစ်ပေါင်း ၇၀ ကျော်ကြာ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်ကြီးက သက်သေပြလျက်ရှိသည်။ တပ်မတော်အုပ်ချုပ်မှု ဆက်လက်ရှိနေသေးလျှင် စစ်မှန်သော ငြိမ်းချမ်းရေး ရမည်မဟုတ်။ ထို့အတူ တိုင်းရင်းသားလူမျိုးအားလုံးအတွက် ဖွံ့ဖြိုး တိုးတက်မှု၊ တရားမျှတမှု၊ လွတ်လပ်မှုတို့ကိုလည်း မည်သည့်အခါမျှ ရရှိနိုင် မည်မဟုတ်။ ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် ၁၉၆၃ ခုနှစ်မှ စတင်

ခဲ့သော နှစ်ပေါင်း ၆၀ နီးပါးမျှကြာလာသော အမည်ခံ ငြိမ်းချမ်းရေးရှာဖွေမှု ဖြစ်စဉ်များ၏ အတွေ့အကြုံများက တပ်မတော်နှင့် အပစ်အခတ်ရပ်စဲမှု ပုံစံအမျိုးမျိုးတို့အပါအဝင် ငြိမ်းချမ်းရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲများ မအောင်မြင်ရခြင်း အကြောင်းရင်းမှာ ဥပဒေစိုးမိုးရေးမရှိခြင်းကြောင့် ဖြစ်ကြောင်း အထင်အရှားပြသလျက်ရှိသည်။ မြန်မာ့နိုင်ငံရေး အခင်း အကျင်းတွင် တိုင်းပြည်လုံခြုံရေး အဆောက်အအုံအား ပြုပြင်ဖွဲ့စည်း ရမည်ဟူသည့် အယူအဆမျှနှင့် မလုံလောက်တော့။ ယခုတပ်မတော်အား ဆက်လက်တည်ရှိနေရန် ခွင့်မပြုသင့်တော့။ လုံးဝဖျက်သိမ်းပစ်ရန် လိုအပ် လာသည်။ ယင်းကို အစားထိုးနိုင်ရန်အလို့ငှာ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်သစ် ပေါ်ပေါက်လာရေးအတွက် အားထုတ်ကြိုးပမ်းသွားကြရန် ဖြစ်သည်။ ဥပဒေစိုးမိုးရေးကို အခြေခံအားဖြင့် ယင်းသို့ ဖော်ဆောင်သွား ရန်တို့ကို ပါဝင်ပတ်သက်သူ အစုအဖွဲ့အားလုံးသို့ ဤအစီရင်ခံစာတွင် တိုက်တွန်းတောင်းဆိုထားသည်။

အစီရင်ခံစာ၏ အခန်း (၂) တွင် မြန်မာနိုင်ငံ၏ ယေဘုယျအခြေအနေ တို့ကို အာဏာမသိမ်းခင်၊ အာဏာသိမ်းပြီးနောက် အခြေအနေများနှင့် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်များကို အဓိကထားလျက် တင်ပြထားပါ သည်။ ထို့နောက် အခြားပြည်နယ်နှင့် တိုင်းတို့တွင် အရပ်သားလူထုအများ အပြားအား သေကြေပျက်စီးစေခဲ့သည့် တပ်မတော်၏ ဆိုးဝါးရက်စက်သော လေကြောင်းပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ်များထဲမှ တချို့ကိုလည်း အခန်း (၃) တွင် အသေးစိတ်ဖော်ပြထားသည်။ အခန်း (၄) တွင်မူ အနန့်ပါ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်အကျဉ်း၊ ယင်းဒေသ၏ မြေပြင်အခြေ အနေများနှင့် ထိုသို့တိုက်ခိုက်ခံရသည့် ပစ်မှတ်၏ ရည်ရွယ်ချက်၊ သဘော သဘာဝတို့ကို ဖော်ပြထားသည်။ ယင်းမှာ ဤအစီရင်ခံစာ ထုတ်ဝေရခြင်း၏ ပင်မသုံးသပ်ချက်ဟုလည်း ဆိုနိုင်ပါသည်။

ယင်းနောက် အခန်း (၅) တွင် အနန့်ပါလေကြောင်းဗုံးကြဲတိုက်ခိုက်မှု ဖြစ်စဉ်မှ ပေါ်ပေါက်လာသည့် ဥပဒေပြဿနာများကို ရှုထောင့် (၃) ခုမှ ချဉ်းကပ်တင်ပြထားသည်။ ယင်းတို့မှာ (၁) ဗုံးကြဲခံရသည့် နေရာမှာ

ပထဝီဝင် အနေအထားအရ စစ်ရေးပစ်မှတ်ဟုတ်မဟုတ်၊ (၂) တပ်မတော် အနေဖြင့် အနီးပတ်ဝန်းကျင်၌ အရပ်သားလူထု ရှိနေနိုင်ခြင်းကို သိရှိခြင်းရှိ မရှိနှင့် (၃) လူသားမျိုးနွယ်ကို ဆန့်ကျင်သည့် ပြစ်မှုမြောက်သော လေကြောင်းတိုက်ခိုက်မှု၏ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ကျူးလွန်မှု သဘောတရားဟူ၍ဖြစ်သည်။ ပထမ ဥပဒေအကြောင်းခြင်း ရာမှာ ဂျီနီဗာနိုင်ငံတကာသဘောတူစာချုပ်နှင့် နိုင်ငံတကာလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဥပဒေ၏ ဓလေ့ထုံးတမ်းစည်းမျဉ်းတို့ကို ကိုးကားပြီး အမှုဖြစ်ပွားရာနေရာမှာ စစ်ရေးပစ်မှတ်ဟုတ်မဟုတ်ဟူသည် ကိုလည်းကောင်း၊ ဒုတိယ ဥပဒေအကြောင်းခြင်းရာမှာ ကျူးလွန်သူ၏ စိတ်ပိုင်းဆိုင်ရာ အင်္ဂါရပ်များ၊ ကျူးလွန်သူ၏ အမူအကျင့်၊ လေကြောင်း ဖြင့်တိုက်ခိုက်ရန် အသုံးပြုသော နည်းလမ်းများကို ထည့်သွင်းစဉ်းစားကာ စစ်ရာဇဝတ်မှု မြောက်၊ မမြောက်ဟူသည်ကို ဆွေးနွေးတင်ပြထားသည်။ နောက်ဆုံးဥပဒေအကြောင်းခြင်းရာမှာ နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမဥပဒေပါ လူသားမျိုးနွယ်ကို ဆန့်ကျင်ကျူးလွန်သော ပြစ်မှုတွင် အကျုံးဝင်ရန် လိုအပ်သော ပြစ်မှုအင်္ဂါရပ်များကို ဆွေးနွေးထားပါသည်။ ထို့အပြင် ဤအခန်းတွင် မြန်မာနိုင်ငံနှင့် ဆက်စပ်နိုင်ဖွယ်ရှိသော နိုင်ငံတကာ တရားရုံးများ၏ အရေးပါသော ယခင်ဆုံးဖြတ်ချက်နှင့် စီရင်ထုံးများကို လည်း မီးမောင်းထိုး တင်ပြထားသည်။

အခန်း (၆)၊ မင်းအောင်လှိုင် အာဏာဆက်လက်ကိုင်ထားနိုင်ရေး အတွက် ဘုံစီမံချက် (common plan) ဟူသည့် ခေါင်းစဉ်အောက်တွင် အိုင်ဗရီကို့စ် (Ivory Coast) နိုင်ငံ၏ သမ္မတလောရန့်ဂါဘို (Laurent Gbagbo) ၏ အမှုနှင့် မြန်မာနိုင်ငံ အာဏာသိမ်းခေါင်းဆောင် မင်းအောင်လှိုင်တို့၏ အနေအထားကို နှိုင်းယှဉ်ဖော်ပြထားသည်။ အိုင်ဗရီကို့စ် နိုင်ငံအမှုတွင် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (ICC) ၏ တရားစွဲအရာရှိက သမ္မတ လောရန့်ဂါဘို အနေဖြင့် ပြစ်မှုကြီးများ ကျူးလွန် ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိခဲ့သောကြောင့် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးက သမ္မတဂါဘိုကို အပြစ်မရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့သည်။

သို့သော် ယခုအချိန်တွင် မင်းအောင်လှိုင်သည် သမ္မတဂါဘိုနှင့် မတူညီသည့် အခြေအနေဖြင့် ICC တရားခွင်သို့ရောက်ရန် လမ်းတဝက်တွင် ရောက်ရှိနေပြီ ဟုဆိုနိုင်သည်။

အခန်း (၇) တွင်မူ နိုင်ငံတကာဥပဒေ ရှုထောင့်မှနေ၍ ပြစ်မှုကျူးလွန်ထားသော်လည်း ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်ကင်းနေခြင်း၊ ကင်းလွတ်ခွင့်ရနေသည့် ပြဿနာများကို အဓိကထားကာ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးလျက်ရှိသော အရင်းခံကျသည့် လူမှုရေး၊ နိုင်ငံရေး၊ ဥပဒေပြဿနာ အလုံးစုံတို့ကို ခိုင်မာပြည့်စုံစွာ သုံးသပ်ထားသည်။ ထို့ပြင် ပြစ်မှုကြောင်း အရ တာဝန်ခံရမည်ကို ရှောင်လွဲလို၍ ရည်ရွယ်ချက်ရှိရှိနှင့် အာဏာ လုယူရန် ကြံစည်ခဲ့ခြင်း၊ မတရား အာဏာသိမ်းရန် လုပ်ဆောင်ခဲ့သော မင်းအောင်လှိုင်၏ နောက်ကွယ်မှ အကြောင်းအရာတို့ကိုလည်း အတိုင်း အတာတခုအထိ တစုံတရာလွှမ်းခြုံတင်ပြထားပါသည်။ တည်ငြိမ်အေးချမ်းမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို ရရှိနိုင်ရန်အတွက် မြန်မာနိုင်ငံတွင် လူထု၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို အလေးထားဖော်ဆောင်ရဦးမည် ဖြစ်ကြောင်းကိုလည်း ဤအခန်းတွင် ဖော်ပြထားသည်။ ယင်းသို့သော ဖော်ဆောင်မှုများကသာ ဥပဒေစိုးမိုးရေးအခြေခံ၍ မြန်မာနိုင်ငံနှင့် သင့်တော်သော ဖက်ဒရယ်စနစ် ပေါ်ပေါက်လာစေမည်ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာရန် တိုင်းပြည်အစိုးရ၏ တာဝန်ရှိမှု၊ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရှာဖွေခြင်းဆိုင်ရာ ကိစ္စရပ်နှင့် အမေရိကန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့်ဆိုင်ရာ အက်ဥပဒေ - NDAA စသည်တို့ကိုလည်း အသေးစိတ် ဆွေးနွေးတင်ပြထားပါသည်။

အခန်း (၈) တွင် တိုင်းရင်းသားအသီးသီး၏ အမျိုးသားရေးဝါဒကို ထိန်းသိမ်းထားရင်း တဖက်တွင် ယင်းအခြေခံမှ မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဖက်ဒရယ်စနစ် ပေါ်ပေါက်လာရေး၊ လူ့အခွင့်အရေးကို ဥပဒေစိုးမိုးရေး အခြေခံမှ ကာကွယ်ပေးထားခြင်းတို့ကို အဓိကထား ဖော်ဆောင်ရမည်

ဖြစ်ကြောင်းတို့အပါအဝင် ဥပဒေအထောက်အကူပြု ကွန်ရက်၏ အဓိကကျသော အကြံပြုချက်များကို တင်ပြထားပါသည်။ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်း၌ပင် ပြည်သူလူထု၏ အဆိုပါအခွင့်အရေးများကို အနိမ့်ဆုံးအားဖြင့် စစ်ဥပဒေခေါ် ဂျီနီဗာနိုင်ငံတကာသဘောတူစာချုပ်များနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရမည်ဖြစ်သည်။ ယင်းကို အကောင်အထည်ဖော်ရန်အတွက် အစိုးရအာဏာကို ကန့်သတ်ခြင်း (Limited Government) အယူအဆအခြေခံဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာစနစ် (Constitutionalism) ကို ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲရလဒ်နှင့် ဆက်စပ်ကျင့်သုံးရန် လိုအပ်ပေသည်။ အချုပ်အားဖြင့် ဥပဒေ၏ ပင်မထူးခြားချက်များကို အဓိကထားလျက် တရားမျှတမှုရှိပြီး ငြိမ်းချမ်း၊ တည်ငြိမ်၊ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတခုဖြစ်ရန် မရှိမဖြစ်အရေးကြီးသော ခိုင်မာသည့် ဥပဒေစနစ်တရပ် ဖော်ဆောင်ရန် အကြံပြုချက်ဖြင့် နိဂုံးချုပ်ထားပါသည်။

အခန်း (၂)

# နောက်ခံအကြောင်းအရာ

လွတ်လပ်ရေးရပြီးချိန်မှစတင်၍ မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် တောက်လျှောက် တောက်လောင်ခဲ့ရပြီး တိုင်းရင်းသားပြည်နယ်များရှိ သန်းပေါင်းများစွာသော လူထုမှာ တပ်မတော်၏[1] အကြမ်းဖက်မှုကို ခံခဲ့ရ သည်။ သို့ရာတွင် ထိုသို့ဆိုးဝါးလှသည့် ပြစ်မှုကျူးလွန်သူများက ပြစ်ဒဏ် ကျခံရခြင်းမှ အစဉ်လွတ်ကင်းလျက်ရှိနေသည်။ ၂၀၁၁ ခုနှစ်တွင် ကချင် လွတ်လပ်ရေးတပ်မတော် (KIA) နှင့် တပ်မတော်တို့အကြား တကျော့ပြန် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလာခဲ့ပြီး ရက်စက်ကြမ်းကြုတ်သော ပြစ်မှုကြီး များကို ကျူးလွန်မှုအရှိန်သည်လည်း မြင့်တက်လာခဲ့သည်။ ထိုအချိန်က စစ်တပ်တပိုင်း သိန်းစိန်အစိုးရအပါအဝင် စစ်အစိုးရအဆက်ဆက်က ၎င်းတို့ လက်မှတ်ရေးထိုးထားသော ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ် အပါအဝင် နိုင်ငံတကာဥပဒေများအရ လိုက်နာရမည့် တာဝန်ဝတ္တရားတို့ကို လိုက်နာမှုမရှိသလောက်ပင်။ စိုးစဉ်မျှ လိုက်နာခဲ့ခြင်းမရှိဟုပင် ဆိုနိုင်သည်။

ရက်စက်ကြမ်းကြုတ်သော နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းစစ် သမိုင်းတွင် တပ်မတော်က လေတပ်အင်အားကို ရံဖန်ရံခါမျှသာ အသုံးပြုခဲ့ သည်။ ဥပမာအားဖြင့် တပ်မတော်၏ စစ်စခန်းများကို တိုင်းရင်းသားခုခံ စစ်ဆင်အဖွဲ့ (EROs) များက တိုက်ခိုက်သိမ်းပိုက်လိုက်ပါက ယင်းသို့ သိမ်းပိုက်လိုက်သည့် စစ်စခန်းကို တပ်မတော်က လေကြောင်းဖြင့် တိုက်ခိုက်ခြင်း၊ လေကြောင်းမှ ဗုံးကြဲချခြင်းတို့ဖြင့် လက်တုံ့ပြန်လေ့ရှိသည်။ ဤကိစ္စနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂက ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင် (IIFFMM) ၏ အစီရင်ခံစာတွင် တပ်မတော်က တိုက်ခိုက်ရေး

---

1 တိုင်းပြည်လွတ်ရေးရပြီးချိန်မှစ၍ အစိုးစစ်တပ်အဖြစ် ရပ်တည်ခဲ့သော ပုံမှန်လက်နက်ကိုင် တပ်ဖွဲ့များကို ကိုယ်စားပြုကာ မြန်မာဘာသာဖြင့် တပ်မတော်ဟုခေါ်ဝေါ် သုံးနှုန်းထားပါသည်။

ရဟတ်ယာဉ်၊ ဂျက်ဖိုက်တာတို့ဖြင့် လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ အပြင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများနှင့် မြေပြင်သံချပ်ကာ ကားများဖြင့် အသုံးပြုတိုက်ခိုက် လေ့ရှိကြောင်း တင်ပြထားသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း တပ်မတော်က အထူးသဖြင့် ကချင်၊ ရှမ်း၊ ရခိုင် နှင့် ချင်းပြည်နယ်တို့တွင် အဆိုပါလက်နက်ပစ္စည်းများ အသုံးပြုကာ နိုင်ငံ တကာအဆင့်ရှိ ပြစ်မှုကြီးများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ရက်စက် ကြမ်းကြုတ်စွာ ကျူးလွန်ခဲ့သည်။[2]

ထို့အပြင် အာဏာသိမ်းပြီးနောက် မြန်မာပြည်အထက်ပိုင်းနှင့် အလယ် ပိုင်းဒေသများတွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) ဟု သိကြသော အာဏာသိမ်းမှုကို ဆန့်ကျင်သော ခုခံစစ်ဆင်အဖွဲ့များ၏ တိုက်ခိုက် လှုပ်ရှားမှုများ ရှိလာခဲ့သည်။ စစ်ကောင်စီအနေဖြင့် ၎င်းဒေသများတွင် နယ်မြေထိန်းချုပ်စိုးမိုးနိုင်မှု လျော့ကျလာသဖြင့် ယင်းတို့၏ တပ်သားများ၊ စားနပ်ရိက္ခာ အထောက်အပံ့များကို ပို့ဆောင်နိုင်ရန်သော်လည်းကောင်း၊ လေကြောင်းမှဗုံးကြဲ တိုက်ခိုက်ခြင်းတို့ လုပ်ဆောင်နိုင်ရန်သော်လည်း ကောင်း၊ လေတပ်နှင့် ရေတပ်အင်အားအပေါ် အလွန်အကျွံမှီခိုလာသည်။[3] အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အချက်အလက်များအရ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအတွင်း စစ်ကောင်စီ က အရပ်သား (၁၅၅) ဦးသေဆုံးခဲ့ရသော လေကြောင်းတိုက်ခိုက်မှုပေါင်း (၂၆၈) ကြိမ်ပြုလုပ်ခဲ့သည်။ လူဦးရေ ၈၀၀၀ ကျော်နေရပ်စွန့်ခွာထွက်ပြေး ကြရပြီး ဘာသာရေး အဆောက်အအုံများ အပါအဝင် အိမ်ပေါင်း (၁၃၈) လုံး

2 UNHRC, 'Enabling Atrocities: UN Member States– Arms Transfers to the Myanmar Military' (22 February 2022) UN Doc A/HRC/49/CRP.1, para 37-39. <https://www.ohchr.org/en/documents/thematic-reports/ahrc49crp1-conference-room-paper-special-rapporteur-enabling-atrocities> accessed November 23, 2022.

3 Kachin News Group 'လေကြောင်းအကူနဲ့ ရေကြောင်းအားသာလာတဲ့ စစ်ကောင်စီတပ်' (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂) <https://burmese.kachinnews.com/2022/11/02/zm1-23/> accessed November 23, 2022.

ပျက်စီးဆုံးရှုံးခဲ့သည်။[4] ယခုနှစ် မုတ်သုံရာသီကုန်ဆုံးချိန်မှ စတင်၍ လေကြောင်းတိုက်ခိုက်မှု တိုက်ပွဲများ သိသိသာသာမြင့်တက်လာခဲ့သည်။ ၂၀၂၂ ခုနှစ် အောက်တိုဘာ တလတည်းတွင်ပင် စစ်ကောင်စီသည် ကချင်၊ စစ်ကိုင်း၊ မကွေး၊ ကရင်နှင့်ရခိုင်ပြည်နယ်တို့တွင် လေကြောင်းတိုက်ခိုက်မှု ပေါင်း (၅၇) ကြိမ်ပြုလုပ်ခဲ့ပြီး အရပ်သားပေါင်း (၁၀၀) ကျော် သေဆုံးခဲ့သည်။[5]

စစ်ကောင်စီ၏ ရာနှင့်ချီသော လေကြောင်းတိုက်ခိုက်မှုများစွာထဲမှ မကြာသေးမီက ကချင်ပြည်နယ်ရှိ အနန့်ပါ ကျေးရွာအား တိုက်ခိုက်ခဲ့မှုမှာ လက်ရှိအချိန်ထိ အဆိုးဝါးဆုံးဖြစ်ခဲ့ပြီး စစ်ကိုင်းတိုင်း လက်ယက်ကုန်း ကျေးရွာ လေကြောင်းတိုက်ခိုက်မှုတို့မှာ ဒုတိယ အဆိုးဝါးဆုံးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ဤအစီရင်ခံစာသည် အနန့်ပါဒေသ လေကြောင်းတိုက်ခိုက်မှုကို အထူးအလေးပေး တင်ပြထားရခြင်းမှာ ယင်းဖြစ်ရပ်၏ ဆိုးဝါးပြင်းထန်မှု၊ အရပ်သား ထိခိုက်သေဆုံးမှု အမြင့်ဆုံး ဖြစ်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ပြင် ဤဖြစ်ရပ်သည် နိုင်ငံတကာဥပဒေနှင့် အရပ်သားပြည်သူများ၏ အသက်ကို ပဓာနမထား၊ ဂရုမစိုက်တတ်သော တပ်မတော်၏ စနစ်တကျ ရိုက်သွင်းခြင်းခံထားရသော ယဉ်ကျေးမှု အစဉ်အလာဆိုးကို မျက်ဝါး ထင်ထင် ပေါ်လွင်စေသော သာဓကကောင်းတခုဖြစ်သည်။ ထို့ကြောင့် ဤဖြစ်ရပ်ဆိုးကြီးအား ဥပဒေစိုးမိုးရေးအခြေခံ၊ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေ၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် အခြားသက်ဆိုင်မှုရှိသော နိုင်ငံတကာဥပဒေ အယူအဆများ အပေါ် အခြေခံ၍ ဥပဒေကြောင်းအရ လေ့လာသုံးသပ်ထားပါသည်။

4 အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ‘စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များဆိုင်ရာ အသိပေးထုတ်ပြန်ချက်’ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇) <https://burmese.kachinnews.com/2022/11/02/zm1-23/> accessed November 23, 2022.

5 မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျူ ISP-Myanmar ‘အလေးထားရမည့် ဒေတာအချက်အလက်များ’ (မြန်မာဘာသာဖြင့် ဖော်ပြသော လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲများ စုစည်းမှုပြဇယား) (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂) <https://ispmyanmar.com/community/isp-data-matters/> accessed 4 December 2022. ယုဇန ‘အာဏာသိမ်း မြန်မာစစ်တပ်က မြေပြင်တိုက်ပွဲများတွင် အရေးနိမ့်လာသဖြင့် လေကြောင်းအားကိုးလာရ’ ဧရာဝတီ (၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈) <https://www.irrawaddy.com/news/burma/losing-the-ground-battle-myanmar-junta-takes-to-the-skies.html> accessed November 25, 2022.

အခန်း (၃)

# တပ်မတော်၏ လေယာဉ်ဖြင့် ဗုံးကြဲမှုများ နှင့် လေကြောင်းမှ တိုက်ခိုက်မှုများ

အာဏာသိမ်းပြီးနောက် ပေါ်ပေါက်လာသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF) အသစ်များနှင့် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များအပေါ် တပ်မတော်က အရှိန်မြှင့်ကာ စစ်ဆင်ရေးများ လုပ်ဆောင်လာသဖြင့် အရပ်သားထိခိုက်နစ်နာမှုနှုန်း သိသိသာသာ မြင့်တက်လာခဲ့သည်။ စစ်ဆင်ရေးလုပ်ဆောင်ရာတွင်လည်း လေကြောင်းတိုက်ခိုက်မှုများ ယခင်ကထက် ပိုမိုအသုံးပြုလာသည်ဖြစ်ရာ အရပ်သားလူထု သေကြေပျက်စီးမှုနှင့် စာသင်ကျောင်းများအပါအဝင် အရပ်သားလူထု၏ အခြေခံအဆောက်အအုံ၊ နေအိမ်ပျက်စီးဆုံးရှုံးမှုများလည်း ပိုမိုများပြားလာခဲ့သည်။ အထူးသဖြင့် တပ်မတော်သည် စစ်ရေးပစ်မှတ်နှင့် အရပ်သားလူထု ခွဲခြားခြင်းမရှိဘဲ သာလွန်အင်အားဖြင့် တိုက်ခိုက်ရာတွင် တိုက်ခိုက်ရေးရဟတ်ယာဉ်၊ တိုက်လေယာဉ်နှင့် ထောက်လှမ်းရေးဒရုန်းများ အသုံးပြုပြီး လေကြောင်းမှ တိုက်ခိုက်ခြင်းနှင့် ဝေဟင်မှ ဗုံးကြဲခြင်းများကို လုပ်ဆောင်လာခဲ့သည်။



Min Aung Hlaing inspecting a fighter jet

*(PHOTO MYANMAR NOW)*

## ၃.၁။ ကရင်ပြည်နယ်

အာဏာသိမ်းပြီးနောက် ပထမဆုံးအကြိမ် လေကြောင်းတိုက်ခိုက်မှုမှာ ၂၀၂၁ ခုနှစ် မတ်လ ၂၇ တွင် ဖာပွန်ဒေသရှိ ကျေးရွာတရွာတွင်ဖြစ်ပွားခဲ့ပြီး ကရင်လူမျိုး သုံးဦး သေဆုံးခဲ့သည်။[6] ထီးမူထဒေသရှိ တပ်မတော်၏ ရှေ့တန်းကင်းစခန်းတခုကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ် (KNLA) က သိမ်းပိုက်ပြီးမကြာမီ ညအချိန်တွင် လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ လေကြောင်းတိုက်ခိုက်မှုအပြီးတွင် ကရင်အမျိုးသားရွာခံ တသောင်းကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[7] ထိုအချိန်မှစ၍ တပ်မတော်နှင့် ကေအဲန်ယူတို့အကြား တိုက်ပွဲများ တဖန်ပြင်းထန် လာခဲ့သည်။ မတ်လနှောင်းပိုင်းမှစ၍ မေလအထိ တပ်မတော်က ဖာပွန်ခရိုင်ရှိ အရပ်သားပြည်သူများ နေထိုင်သော နေရာများကို အနည်းဆုံး လေကြောင်းတိုက်ခိုက်မှုပေါင်း (၂၇) ကြိမ်၊ ဗုံး (၄၇) လုံးဖြင့် တိုက်ခိုက်ခဲ့သည်။[8] ကရင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စစ်ရှောင်စခန်းနှင့် ဆေးရုံဆေးခန်းများ အပါအဝင် အရပ်သားလူထု၏ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားကာ လေကြောင်းဖြင့် ဆက်လက်၍ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။[9]

---

6 ဧရာဝတီ 'မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ကရင်ရွာသား သုံးဦးသေဆုံး' (၂၀၂၁ ခုနှစ် မတ်လ ၂၈) <https://www.irrawaddy.com/news/burma/three-karen-villagers-killed-myanmar-military-airstrike.html> accessed 8 December 2022.

7 ဧရာဝတီ 'မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကရင်ရွာသား တသောင်းကျော် ထွက်ပြေးရ' (၂၀၂၁ ခုနှစ် မတ်လ ၂၉) <https://www.irrawaddy.com/news/burma/10000-karen-flee-myanmar-military-airstrikes.html> accessed 8 December 2022.

8 UN OHCHR –Report of the Special Rapporteur on the situation of human rights in Myanmar– (2 September 2021) UN Docs A/76/314 para.43-45 available at <undocs.org/en/A/76/314> accessed 8 December 2022.

9 Amnesty International, –Bullets rained from the sky: War crimes and displacement in eastern Myanmar– (index n ASA 16/5629/2022, 31 May 2022) <https://www.amnesty.org/en/documents/asa16/5629/2022/en/> accessed 3 December 2022.

လွန်ခဲ့သော ဒီဇင်ဘာလမှစတင်၍ ငြိမ်းချမ်းရေးပုံဆောင်မြို့ တခုဖြစ်သော လေးကေကော်သည် တပ်မတော်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်တို့၏ တိုက်ပွဲစစ်မြေပြင်အလယ်သို့ ရောက်ရှိသွားခဲ့သည်။ တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် ဝေဟင်မှ တိုက်ခိုက်မှုများ အပါအဝင် လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့်လည်း တိုက်ခိုက်ခဲ့သည်။[10] ၂၀၂၂ ခုနှစ် ဧပြီလ ၁၀ တွင် တပ်မတော်၏ တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်းဖြင့် လေးကေကော်ဒေသကို (၂၂) ကြိမ် လာရောက်ပစ်ခတ်ပြီး နေအိမ်ပေါင်း (၃၀) ပျက်စီးခဲ့ပြီး (၅) လုံးမှာ လုံးဝ မီးလောင်ပြာကျသွားခဲ့သည်။ ထိခိုက်ပျက်စီးမှုတွင် စစ်ရှောင်ကလေးများ၏ စာသင်ကျောင်း တကျောင်းလည်း ပါဝင်ခဲ့သည်။[11] ၂၀၁၅ ခုနှစ်တွင် နီပွန်ဖောင်ဒေးရှင်း၏ ရံပုံငွေလှူဒါန်းမှုဖြင့် ကေအဲန်ယူနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရတို့က ပူးတွဲ၍ ငြိမ်းချမ်းရေးပုံဆောင်မြို့အဖြစ် လေးကေကော်မြို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့် တချိန်က ငြိမ်းချမ်းရေးမြို့အဖြစ် တည်ရှိခဲ့သည့်မြို့မှာ ဒေသခံလူထုတခုလုံး ထွက်ပြေး တိမ်းရှောင်သွားခဲ့ရသည်အထိ စစ်တလင်းပြင်အတိသို့ ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

## ၃.၂။ ကရင်နီ (ကယား) ပြည်နယ်

၂၀၂၁ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းမှ စတင်၍ ကယားပြည်နယ်ရှိ လွိုင်ကော်၊ ဒီမော့ဆိုနှင့် ဖရူဆိုမြို့နယ်တို့တွင် အာဏာသိမ်းမှုကို ဆန့်ကျင်သော ဒေသခံကာကွယ်ရေးအဖွဲ့များနှင့် တပ်မတော်တို့အကြား ပြင်းထန်သော တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၃၁

10 UN OHCHR, –Report of the Special Rapporteur on the situation of human rights in Myanmar– (13 June 2022) UN Docs A/HRC/49/76 para.18 available at <undocs.org/en/A/HRC/49/76> accessed 13 December 2022.

11 ကရင်သတင်းဌာန (ကေအိုင်စီ) ‘စစ်ကောင်စီ လေကြောင်းနှင့် လက်နက်ကြီးကြောင့် လေးကေကော်ရှိ နိပွန်ဖောင်ဒေးရှင်း၏ စာသင်ကျောင်းဆောင်ပျက်စီး’ (၂၀၂၂ ခုနှစ် ဧပြီ ၁၁) < http://bitly.ws/z83S > accessed 4 December 2022.

တွင် ပြင်းထန်သော ဒီမော့ဆိုမြို့တိုက်ပွဲအတွင်း မြေပြင်တွင် အရေးနိမ့်သော တပ်မတော်က တိုက်လေယာဉ်နှစ်စင်းဖြင့် လာရောက်ပစ်ခတ်သဖြင့် ဒေသခံတသိန်းဝန်းကျင် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။[12] ထို့ပြင် ဒီမော့ဆိုတိုက်ပွဲအပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၇ တွင် ကယားပြည်နယ်၏ မြို့တော်ဖြစ်သော လွိုင်ကော်မြို့တွင် လက်နက်အပြည့်အစုံ တပ်ဆင်ထားသော ရဟတ်ယာဉ်တစ်စင်းနှင့် တိုက်လေယာဉ်နှစ်စင်း အသုံးပြုကာ တိုက်ခိုက်ခဲ့သည်။ ယင်းနောက် ဇန်နဝါရီ ၁၁ တွင် တပ်မတော် တိုက်လေယာဉ်နှစ်စင်းဖြင့် လွိုင်ကော်ရှိ နယ်မြေတခုအား ကိုးကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ဒေသခံလေးသောင်း နေအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည်။[13] ဇန်နဝါရီ ၁၆ နှင့် ၁၇ တို့တွင်လည်း ဒီမော့ဆိုရှိ စစ်ရှောင်စခန်းတခုကို တပ်မတော်က ဆက်လက်တိုက်ခိုက်သဖြင့် ခုနစ်နှစ်အရွယ်ကလေးငယ်တဦး၊ ဆေးဝန်ထမ်းသုံးဦးအပါအဝင် စုစုပေါင်းအရပ်သားခြောက်ဦး တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့သည်။[14]

12 UN OHCHR, –Report of the Special Rapporteur on the situation of human rights in Myanmar– (13 June 2022) UN Docs A/HRC/49/76 para.18 available at <undocs.org/en/A/HRC/49/76> accessed 13 December 2022. ဧရာဝတီ 'မြန်မာစစ်တပ်၏ အရပ်သားများအပေါ် အဆိုးရွားဆုံး လေကြောင်းတိုက်ခိုက်မှု' (၂၀၂၂ ခုနှစ် ဇန္နဝါရီ ၁၈) <https://www.irrawaddy.com/news/burma/the-worst-myanmar-regime-airstrikes-on-civilians.html> accessed 28 November 2022.

13 ဧရာဝတီ 'ကယားပြည်နယ်တွင် အာဏာသိမ်းမြန်မာစစ်တပ်က လေကြောင်းဖြင့် ဆက်လက်တိုက်ခိုက်' (၂၀၂၂ ခုနှစ် ဇန္နဝါရီ ၁၂) <https://www.irrawaddy.com/news/burma/myanmar-junta-airstrikes-continue-in-kayah-state.html> accessed 28 November 2022.

14 ဧရာဝတီ 'မြန်မာစစ်တပ်၏ အရပ်သားများအပေါ် အဆိုးရွားဆုံး လေကြောင်းတိုက်ခိုက်မှု' (၂၀၂၂ ခုနှစ် ဇန္နဝါရီ ၁၈) <https://www.irrawaddy.com/news/burma/the-worst-myanmar-regime-airstrikes-on-civilians.html> accessed 28 November 2022.

## ၃.၃။ စစ်ကိုင်းတိုင်း

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလတွင် ကချင်၊ စစ်ကိုင်း၊ မကွေး၊ ရခိုင်နှင့် ကရင်ပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၅ ခု တွင် တပ်မတော်က အနည်းဆုံး လေကြောင်းတိုက်ခိုက်မှုပေါင်း ၅၇ ကြိမ်ရှိ ခဲ့သည်။ စစ်ကိုင်းတိုင်း တခုထဲတွင်ပင် တလအတွင်း၌ လေကြောင်း တိုက်ခိုက်မှုပေါင်း ၂၆ ကြိမ်ရှိခဲ့ပြီး ၎င်းထဲမှ ၁၂ ကြိမ်မှာ ဗန်းမောက်မြို့နယ် တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။[15] တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ပေါင်း ၃၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး အနန္တပါဖြစ်စဉ်ပြီးနောက် ဒုတိယ အသေအပျောက်အများဆုံးဖြစ်စဉ် တခုလည်း ဖြစ်သည်။

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် လက်ယက်ကုန်းကျေးရွာရှိ စာသင် ကျောင်းတကျောင်းကို တပ်မတော် တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်းက လာရောက်ပစ်ခတ်သည့် ဝမ်းနည်းဖွယ်ရာဖြစ်ရပ် စက်တင်ဘာ ၁၆ ရက်နေ့ တွင် ဖြစ်ပွားခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုတွင် ကလေးငယ် ကိုးဦးနှင့် လူကြီး ခြောက်ဦးသေဆုံးခဲ့သည်။[16] ကျောင်းဆရာ၊ ဆရာမ များနှင့် ဒေသခံရွာသားများ၏ ပြောကြားချက်အရ ဘုန်းကြီးကျောင်းဝန်း အတွင်း၌ ဖွင့်လှစ်ထားသော စာသင်ကျောင်းကို တည့်တည့်ပစ်မှတ် ထားကာ ရဟတ်ယာဉ်များဖြင့် အနည်းဆုံး ဖုံးလောင်ချာသုံးလုံးနှင့် စက်သေနတ်များဖြင့် တနာရီနီးပါးခန့် ပစ်ခတ်ခဲ့သည်။ တပ်မတော်မှ ဘက်

15 မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု ISP-Myanmar 'အလေးထားရမည့် ဒေတာအချက်အလက်များ' (မြန်မာဘာသာဖြင့် ဖော်ပြသော လက်နက်ကိုင် ပဋိပက္ခတိုက်ပွဲ များ စုစည်းမှုပြဇယား) (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၂) <https://ispmyanmar.com/community/isp-data-matters/> accessed 4 December 2022.

16 ဧရာဝတီ 'မြန်မာနိုင်ငံရှိ ကလေးငယ်များ ထပ်မံသေဆုံးခြင်း မရှိစေရန် ကမ္ဘာက အရေးယူ ဆောင်ရွက်ရန်လိုအပ်' (၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၀) https://www.irrawaddy.com/opinion/the-world-must-act-to-stop-more-myanmar-children-from-being-killed.html accessed 4 December 2022. See also UN OHCHR, –Report of the Special Rapporteur on the situation of human rights in Myanmar– (3 October 2022) UN Docs A/77/494 para.32 available at <undocs.org/en/A/77/494> accessed 8 December 2022.

ပြောင်းခိုလှုံလာသူ ရဟတ်ယာဉ်မှူး တဦးက လေယာဉ်မှူးအနေဖြင့် ဝေဟင်အထက်စီးမှ ကလေးများပြေးလွှားနေသည့် စာသင်ကျောင်း မြင်ကွင်းကို ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်ကြောင်း အတည်ပြုပြော ကြားသည်။[17] တပ်မတော်က ရဟတ်ယာဉ်နှင့် အရင်တိုက်ခိုက်ခဲ့ပြီးနောက် ခြေလျင်တပ်ဖွဲ့များက ဘုန်းကြီးကျောင်းကိုတိုက်ခိုက်ခဲ့သဖြင့် ကလေး နှစ်ဦး ထပ်မံသေဆုံးခဲ့သည်။[18]

## ၃.၄။ ရှမ်းပြည်နယ်

ရှမ်းပြည်နယ်အတွင်း အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းသည် မြန်မာနိုင်ငံ၏ ပဋိပက္ခတိုက်ပွဲဒဏ်ခံရမှု အမြင့်ဆုံးပြည်နယ်များထဲမှ တခု ဖြစ်သည်။ ၂၀၁၅ မှ ၂၀၁၈ ခုနှစ်အတွင်း တရုတ်နယ်စပ်ရှိ မုံးကိုးမြို့နယ် တွင် တပ်မတော်က လေတပ်၊ ကြည်းတပ်ဖြင့် အင်အားအလုံးအရင်း အသုံး ပြုကာ မြောက်ပိုင်းမဟာမိတ်အဖွဲ့များကို တိုက်ပွဲကြီးများ ဆင်နွှဲခဲ့သည်။ ယင်းတိုက်ပွဲများအတွင်း တပ်မတော်က အလွန်ရက်စက်ကြမ်းကြုတ် သော လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း အများအပြားကို ပြစ်ဒဏ်ခံရခြင်း မရှိဘဲ ကျူးလွန်ခဲ့သည်။[19] ၂၀၂၂ ခုနှစ် မေလ ၁၂ ရက်နေ့တွင်လည်း တပ်မတော်၏ ထီရိကျေးရွာရှိ စစ်ဆေးရေးဂိတ်တခု တိုက်ခိုက်ခံရမှုကို လက်တုံ့ပြန်သည့်အနေဖြင့် ရှမ်းပြည်တောင်ပိုင်းရှိ ဖယ်ခုံမြို့နယ်တွင်

---

17 ခင်နဒီ, 'မြန်မာစစ်တပ်မှ ထွက်ပြေးလာသူတဦးက စစ်ကိုင်းတိုင်း စာသင်ကျောင်းကလေး ငယ်များကို အာဏာသိမ်း စစ်တပ်က မည်သို့သတ်ဖြတ်ခဲ့ကြောင်းဖွင့်ဟ' ဧရာဝတီ (၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၃) https://www.irrawaddy.com/news/burma/myanmar-military-defector-reveals-how-junta-killed-sagaing-school-kids.html accessed 8 December 2022.

18 ၎င်း။

19 ဥပဒေအထောက်အကူပြုကွန်ရက် 'မြန်မာနိုင်ငံတွင် ပြစ်မှုကျူးလွန်သူများ လွတ်ငြိမ်းခွင့်ရနေ မှုအား အဆုံးသတ်စေရန် တာဝန်ခံမှုရှာဖွေခြင်း (၂၀၁၈ ခုနှစ် ဖွန်လ) https://www.legalaidnetwork.org/Reports LAN/Seeking Accountability for Ending Impuni.pdf accessed 3 December 2022.

အခြေစိုက်လှုပ်ရှားသော ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တခုကို ထိုးစစ်ဆင် တိုက်ခိုက်ခဲ့သည်။ ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဖြစ်ပွားသော တိုက်ပွဲအတွင်း တပ်မတော်က သာလွန် အင်အားဖြင့် လေကြောင်းအကူနှင့် တိုက်ခိုက်သဖြင့် ဒေသခံ လေးထောင်ဝန်းကျင် နေအိမ်စွန့်ခွာ ထွက်ပြေးခဲ့ ကြရသည်။[20]

## ၃.၅။ ချင်းပြည်နယ်

၂၀၂၀ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း၌ တပ်မတော်က နယ်မြေ ရှင်းလင်းရေး ဆောင်ရွက်စဉ် ရခိုင်ပြည်နယ်နှင့်ထိစပ်နေသော ပလက်ဝ နှင့် ဆာမီးမြို့ကြားရှိ မိတ်ဆာဝ ၂ နှင့် ၃ ကျေးရွာတို့ကို တပ်မတော်က တိုက်လေယာဉ် နှစ်စင်းအသုံးပြုကာ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ အေအေနှင့် တပ်မတော်အကြား ဖြစ်ပွားသော ပြင်းထန်တိုက်ပွဲများသည် အိမ်နီးချင်း ချင်းပြည်နယ်ထိ ကူးစက်သွားခဲ့ပြီး ချင်းကျေးရွာများစွာ ထိခိုက်ပျက်စီး သွားခဲ့သည်။ ၂၀၂၀ ခုနှစ် မတ် ၁၄ တွင် တပ်မတော်လေကြောင်းတိုက်ခိုက် မှုကြောင့် အရပ်သားပေါင်း ၁၂ ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၁၅ ဦး ထိရှိခဲ့သည်။ တိုက်ပွဲမှာ နောက်တရက်အထိ ဆက်လက်ဖြစ်ပွားခဲ့ပြီး ပလက်ဝမြို့နယ် ဝက်မကျေးရွာနေ ပြည်သူ ၈ ဦးသေဆုံးပြီး ၁၂ ဦး ထိခိုက် ဒဏ်ရာရခဲ့သည်။[21]

တပ်မတော်က ချင်းပြည်သူများအပေါ် ကျူးလွန်သောပြစ်မှုများ အပြင် အထူးသဖြင့် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ကျူးလွန်မှု ပိုမို

20 ရှေ့ပြေးအသံ (Progressive Voice) ‘ရှမ်းပြည်နယ်တောင်ပိုင်း မိုးဗြဲရေကန်အရှေ့ပိုင်းတွင် စစ်ကောင်စီက မြေလှန်မီးရှို့မှု ပြုလုပ်သဖြင့် နေအိမ်ပေါင်း ၁၀၀ ကျော် မီးလောင်ဆုံးရှုံးပြီး လူဦး ရေပေါင်း လေးသောင်း ထွက်ပြေးတိမ်းရှောင်နေရ (၂၀၂၂ ခုနှစ် ဇူလိုင် ၂၇) <Over 100 houses burned, 4,000 displaced by SAC scorched earth operation east of Moebye Lake, southern Shan State - Progressive Voice Myanmar> accessed 5 December 2022.

21 မြန်မာ့ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ ‘လေကြောင်း စစ်ဆင်ရေးကြောင့် နှစ်ရက် အတွင်း ပလက်ဝဒေသခံ အရပ်သား ၂၁ ဦးသေဆုံး၊ ၁၄၀၀ ကျော် စစ်ရှောင်နေရ’ (၂၀၂၀ ခုနှစ် မတ်လ ၁၇) <http://bitly.ws/z8mb> accessed 5 December 2022.

ပြင်းထန်လာနိုင်သည်ဟူသည့် အကြောက်တရား ပြည်သူများအကြား ဆက်လက်ကြီးထွား နေဆဲဖြစ်သည်။ ထို့ပြင် ဇွန်လိုင် ၂ နှင့် စက်တင်ဘာ ၂၀ ရက်တို့တွင် တပ်မတော်က မင်းတပ်မြို့နယ်တွင် နောက်ထပ် လေကြောင်းတိုက်ခိုက်မှု နှစ်ကြိမ်ပြုလုပ်ခဲ့ပြီး အရပ်သားပြည်သူ ၃ ဦး သေဆုံးကာ ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာရရှိပြီး အရပ်သားပိုင်ပစ္စည်းဝတ္ထု အမြောက်အမြား ပျက်စီးခဲ့သည်။[22]



Tatmadaw Fighter jets in 2018 military drill
*(PHOTO: MYANMAR NOW)*

22 ဧရာဝတီတိုင်းမ် 'ချင်းပြည်နယ်တွင် စစ်ကောင်စီတပ်က လေကြောင်းဗုံးကြဲတိုက်ခိုက်မှု ယခင်ထက်ပိုမိုလုပ်ဆောင်လာ' (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆) https://ayartimes.com/?p=10392 accessed 10 December 2022.

## ၃.၆။ ကချင်ပြည်နယ်

၂၀၂၁ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် တပ်မတော်က မိုးမောက်မြို့နယ်၌ ကေအိုင်အေနှင့် ဖြစ်ပွားသော တိုက်ပွဲအတွင်း တိုက်လေယာဉ်နှစ်စင်းဖြင့် တိုက်ခိုက်ခဲ့သည်။ စစ်တပ်အာဏာသိမ်းပြီးနောက် ကချင်ပြည်နယ်တွင် ပထမဦးဆုံးအကြိမ်ပြုလုပ်သော အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသတွင်းရှိ ကျေးရွာများစွာ ထိခိုက်ပျက်စီးခဲ့သည်။ တပ်မတော်သည် ယင်းတိုက်ခိုက်မှုများအတွင်း ကေအိုင်အေစစ်သားများကိုသာ ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း မဟုတ်ကြောင်း တွေ့ရသည်။ အထူးသဖြင့် ၂၀၂၁ ခုနှစ် မေလ ၃ ရက်နေ့တွင် ကေအိုင်အေက တပ်မတော်၏ တိုက်ခိုက်ရေး ရဟတ်ယာဉ်တစင်းကို ပစ်ချလိုက်သည်ဟု သတင်းထွက်လာပြီးနောက် မိုးမောက်မြို့ နယ်ထဲသို့ အပြင်းအထန်ထိုးစစ်ဆင်ကာ ဆက်လက်တိုက်ခိုက်ခဲ့သည်။ လေတပ်အင်အားနှင့် လက်နက်ကြီးတို့ဖြင့် မြို့သစ်၊ ကုန်းလောနှင့် ဆီဟတ်ကျေးရွာတို့ကို မဆင်မခြင် လက်လွတ်စပယ် ပစ်ခတ်သောကြောင့် ဘုန်းတော်ကြီး တပါးနှင့် အသက်ခြောက်ဆယ်အရွယ် အမျိုးသားတဦး သေဆုံးခဲ့ပြီး အနည်းဆုံး ပြည်သူ ၁၀ ဦးထိခိုက်ဒဏ်ရာ ရခဲ့သည်။[23]

အနန့်ပါလေကြောင်းတိုက်ခိုက်မှုမတိုင်မီ နှစ်လအလို ၂၀၂၂ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ကချင်ပြည်နယ်၊ ဆယ်ဇင်းကျေးရွာတွင် ကေအိုင်အေနှင့် မြန်မာစစ်တပ်အကြား လေကြောင်းတိုက်ခိုက်မှု ပါဝင်သော တိုက်ပွဲနှစ်ကြိမ် ဖြစ်ပွားခဲ့သည်။ ဇူလိုင်လအတွင်း ဖြစ်ပွားသော တိုက်ပွဲများအတွင်း တပ်မတော်က အနည်းဆုံး လေကြောင်းတိုက်ခိုက်မှု ရှစ်ကြိမ်ပြုလုပ်ခဲ့ပြီး တိုက်ပွဲမှာ လေးရက်တာ ကြာမြင့်ခဲ့သည်။[24] ၂၀၂၂ ခုနှစ် ဇူလိုင်

---

23 Myanmar Now ‘မိုးမောက်တွင် ရဟတ်ယဉ်ပစ်ချခံရပြီးနောက် စစ်ကောင်စီတပ်က အရှိန်မြှင့်တိုက်ခိုက်နေ’ (၂၀၂၀ ခုနှစ် မေလ ၃) <https://myanmar-now.net/mm/news/6669> accessed 5 December 2022

24 Myanmar Now ‘ကချင်ဒေသ တိုက်ပွဲများတွင် စစ်ကောင်စီက လေကြောင်းကို အားပြု၍ တိုက်ခိုက်’ (၂၀၂၂ ခုနှစ် ဇူလိုင် ၂၀) <https://www.myanmar-now.org/mm/news/12029> accessed 5 December 2022.

၁၉ ရက် တရက်ထဲတွင်ပင် လေကြောင်းတိုက်ခိုက်မှုကြောင့် နေအိမ်သုံးလုံး ပျက်စီးသွားခဲ့သည်။ ဆယ်ဇင်းကျေးရွာတွင် ဩဂုတ်လ ၉ ရက် ညအချိန်၌ တပ်မတော်က လေကြောင်းမှ မီးလောင်ဗုံးများဖြင့် တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး အရပ်သားနေအိမ်ပေါင်း ၄၀၀ နီးပါး မီးလောင်ပျက်စီးသွားခဲ့ပြီး ဒေသခံများ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ ဒေသတွင်း မီဒီယာတခု၏ သတင်းထုတ်ပြန်ချက်တွင် အနည်းဆုံး ဒေသခံ ၃၀ ဦးကို ပစ်မှတ်ထားပစ်ခတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။[25]

25 Myanmar Now 'ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာမှ နေအိမ် ၄၀၀ ကျော်ကို စစ်ကောင်စီတပ်မီးရှို့၊ ဒေသခံများ ထိခိုက်သေဆုံးမှုရှိ' (၂၀၂၂ ခုနှစ် ဩဂုတ် ၁၀) ဖားကန့် ဆယ်ဇင်းရွာကို စစ်တပ် မီးရှို့ပစ်ခတ်၊ ဒေသခံအချို့သေဆုံး၊ Myanmar NOW (myanmar-now.org) accessed 5 December 2022.

အခန်း (၄)

# အရပ်သားလူထုများစွာ သေကြေခဲ့သည့် အဆိုးဝါးဆုံးသော လေကြောင်းတိုက်ခိုက်မှု

အာဏာသိမ်းပြီးချိန်မှစ၍ တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှု နှုန်းမှာ သိသိသာသာ မြင့်တက်လာခဲ့သည်။ တဆက်တည်းတွင် မြန်မာ လူထုကလည်း ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် မတရားအာဏာသိမ်း မှုကို ဆန့်ကျင်သောအားဖြင့် မြန်မာစစ်တပ်ကို လက်နက်စွဲကိုင် တိုက်ခိုက် လာခဲ့သည်။ စစ်တပ်က လေတပ်အင်အားကို ပိုမိုအသုံးပြုလာသောကြောင့် အရပ်သားပြည်သူ သေကြေပျက်စီးမှုများပြီး ပြည်သူပိုင်စည်းစိမ်ဥစ္စာများ လည်း ထိခိုက်ပျက်စီးသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် မြန်မာ စစ်တပ်၏ မဆင်မခြင် လက်လွတ်စပယ် ဗုံးကြဲခြင်းနှင့် ဥပဒေနှင့်မညီ ညွတ်သော၊ ပြစ်မှုမြောက်သော တိုက်ခိုက်ခြင်းတို့ကြောင့် ဖြစ်သည်။ အောက်တိုဘာလ ၂၃ ရက် တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ အနန့်ပါ ကျေးရွာတွင် တပ်မတော်က လေကြောင်းဖြင့် သဲကြီးမဲကြီးတိုက်ခိုက် ခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် ထိခိုက်သေကြေပျက်စီးမှု အများအပြား ရှိခဲ့ပြီး အများစုမှာ အရပ်သားပြည်သူများဖြစ်သောကြောင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေနှင့် စစ်ရာဇဝတ်မှုတို့ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ခြင်းဖြစ်သည်။ ဥပဒေအထောက် အကူပြုကွန်ရက်က ယင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် အသက်ရှင် လွတ်မြောက်လာသူများနှင့် မျက်မြင်ကိုယ်တွေ့သက်သေ စုစုပေါင်း ခြောက်ဦးကို တွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့သည်။ ၎င်းတို့၏ ပြောကြား ချက်များမှတဆင့် လေကြောင်းတိုက်ခိုက်မှု မတိုင်မီနှင့် တိုက်ခိုက်မှုပြီး နောက် မြေပြင်တွင် ဖြစ်ပျက်သွားခဲ့သော အခြေအနေအကြောင်းစုံကို သိရှိ

ရသည်။ စစ်ရေးအကြောင်းပြချက် တစုံတရာ မည်မည်ရရမရှိပါဘဲလျက် အရပ်သားလူထု အများအပြားရှိနေကြောင်းကို သိရှိထားသည့်တိုင် တပ်မတော်က ဓာတ်ငွေ့ဖြိုးပွဲကို ရည်ရွယ်ချက်ရှိရှိဖြင့် တိုက်ခိုက်ခဲ့သည်ဟု ယုံကြည်ရသော အခြေခံအချက်များကိုတွေ့ရသည်။

## ၄.၁။ အနန့်ပါကျေးရွာ၏တည်နေရာထူးခြားချက်ကို လေ့လာကြည့်ခြင်း

စစ်တပ်က ရက်စက်စွာ ဗုံးကြဲတိုက်ခိုက်ခဲ့သည့် ဖျော်ဖြေပွဲကို ကျောက်စိမ်းပေါကြွယ်ဝသော ဖားကန့်မြို့နယ်၏ အနန့်ပါဟုခေါ်သော နေရာ၌ ကျင်းပခဲ့ခြင်းသည်။ အနန့်ပါသည် ကေအိုင်အို၏ လက်နက်ကိုင်တပ်ဖြစ်သော ကေအိုင်အေ တပ်မဟာ ၉ ထိန်းချုပ်နယ်မြေအတွင်း တည်ရှိပြီး ကံဆီးကျေးရွာနှင့် နှစ်မိုင်ခန့်သာကွာဝေးသည်။[26] ယခင်က အနန့်ပါရွာထဲတွင် ကေအိုင်အေ၏ ဥရုတိုင်းအောက်ရှိ တပ်ရင်း ၆ ၏ စစ်လေ့ကျင်ရေးကွင်းအဖြစ် အသုံးပြုခဲ့သည့် နေရာတချို့ ရှိခဲ့ဖူးသည်။ သို့သော် ၂၀၁၃ ခုနှစ်တွင် ထိုနေရာ၌ စစ်တပ်နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီးနောက် ကေအိုင်အေက အဆိုပါနေရာများမှ ရွှေ့ပြောင်းသွားခဲ့သည်။ ဒေသခံ အငြိမ်းစားကျောင်းဆရာတဦး၏ ပြောကြားချက်အရ ၂၀၁၉-၂၀၂၀ ခုနှစ်ဝန်းကျင်ခန့်တွင် ကေအိုင်အေ၏ တပ်မတော် ၉ ဌာနချုပ်ကို အနန့်ပါ၏ မြောက်ဘက်တောင်ကြော ၁၂.၈၇ ကီလိုမီတာအကွာခန့်တွင် တဖန်တည်ဆောက်ခဲ့ကြောင်းသိရသည်။[27] ထို့ကြောင့် အနန့်ပါဒေသသည် တပ်မတော်ထိန်းချုပ်ထားသည့် ကံဆီးကျေးရွာနှင့် ကေအိုင်အေတပ်မဟာ ၉ တို့၏ အလယ်ခန့်တွင်တည်ရှိသည်။ ကားဆိုင်ကယ် နှစ်မျိုးလုံးဖြင့် နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်သည်။ သို့သော် စစ်တပ်ထိန်းချုပ်ထားသော

26 ဥပဒေအထောက်အကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၁) ၏ ဖြေကြားချက်၊ ကံဆီးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆)။

27 ၎င်း။

ကံဆီးစစ်ဆေးရေးဂိတ်ကို ဖြတ်သန်းပြီး သွားရသည့် လမ်းကြောင်း တခုတည်းဖြင့်သာ အနန့်ပါသို့ သွားနိုင်သည်။

အနန့်ပါသည် အနီးဝန်းကျင်ရှိမှော် (ကျောက်စိမ်း၊ ရွှေတူးဖော်ရာနေရာ)များ၊ ကျေးရွာများမှ ကျောက်စိမ်းနှင့် ရွှေတူးဖော်သူများ၊ ကေအိုင်အေစစ်သားများနှင့် ဒေသခံများ၏ ကုန်ရောင်းကုန်ဝယ်ပြုလုပ်ရာ ဈေးတန်းငယ်မျှသာ ဖြစ်သည်။[28] ထို့ကြောင့် အမြဲတမ်းနေထိုင်သူများမှာ အရပ်သားများဖြစ်သော်လည်း အနန့်ပါသည် အရပ်သားများအပြင် ကေအိုင်အေစစ်သားများလည်း ရောပြွန်းလျက်ရှိသည်ကို တွေ့ရသည်။



A Nang Pa Village

*(PHOTO: GENERAL GUN MAW FACEBOOK)*

28 ဥပဒေအထောက်ကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၄) ၏ဖြေကြားချက်၊ ကံဆီးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆)။

## ၄.၂။ တေးဂီတဖျော်ဖြေပွဲကို ညအချိန်လေကြောင်းမှ တိုက်ခိုက်ခြင်း

ဖားကန့်မြို့နယ်အတွင်း အောက်တိုဘာလ ၂၃ ရက်တွင် ကျင်းပသော ဖျော်ဖြေပွဲမတိုင်မီ နှစ်လကျော် ကြာသည်အထိ မည်သည့်တိုက်ပွဲမျှမရှိခဲ့ပါ။ အနန့်ပါလေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်ရှေ့တွင် ဖားကန့်မြို့နယ်တွင် နောက်ဆုံးဖြစ်ပွားခဲ့သော တိုက်ပွဲများမှာ ၂၀၂၂ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လတို့တွင် ဖြစ်ပွားခဲ့သော ဆယ်ဇင်းကျေးရွာ တိုက်ပွဲတခုသာရှိခဲ့သည်။[29] အဆိုပါဖျော်ဖြေပွဲကို (၆၂) ကြိမ်မြောက် ကေအိုင်အို အထိမ်းအမှတ် အကြိုနေ့အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ အောက်တိုဘာ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကေအိုင်အို ဉရုတိုင်းအဖွဲ့၏ ဂေါက်ရိုက်ပြိုင်ပွဲတွင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်အချို့၊ ကေအိုင်အိုအရာရှိများနှင့် ၎င်းတို့၏ သူငယ်ချင်း မိတ်ဆွေ များက ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီးနောက် ညအချိန်တွင် ဖျော်ဖြေပွဲကျင်းပခြင်းဖြစ်သည်။ အထိမ်းအမှတ်ပွဲအတွက် ရက်သတ္တပတ်ခန့်ကြာအောင် ကြိုတင်စီစဉ်ခဲ့ကြပြီး လိုအပ်သော အသုံးပစ္စည်းများအားလုံး (ဉပမာအားဖြင့် အစားအသောက်၊ သားငါး၊ ပရိဘောဂပစ္စည်းနှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများ) ကို ကံဆီးကျေးရွာမှ ယူဆောင်ခဲ့ကြခြင်းဖြစ်သည်။ အသက်ရှင်လွတ်မြောက်လာသူတဦးက ထိုနေ့တွင် ကံဆီးစစ်ဆေးရေးဂိတ်၌ တာဝန်ကျသော မြန်မာစစ်သားများက အနန့်ပါကျေးရွာသို့ သွားကြသည့် အရပ်သားများကို စစ်ဆေးမေးမြန်းခြင်းမရှိ၊ ရပ်တန့်ခြင်းမရှိသည့်အပြင် ရင်းရင်းနှီးနှီးပင် ပြောဆိုခဲ့ကြသည်ဟုဆိုသည်။[30]

---

29 မဇ္ဈိမ 'ဖားကန့်မြို့နယ် ဆယ်ဇင်းကျေးရွာမှ နေအိမ် ၄၀၀ ကျော်ကို စစ်ကောင်စီတပ်မီးရှို့၊ ဒေသခံများ ထိခိုက်သေဆုံးမှုရှိ' (၂၀၂၂ ခုနှစ် ဩဂုတ် ၁၀) <https://www.mizzimaburmese.com/article/113093> accessed 5 December 2022.

30 ဉပဒေအထောက်ကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၅) ၏ ဖြေကြားချက်၊ ကံဆီးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆)။

အောက်တိုဘာလ ၂၃ ရက်၊ ညအချိန် ရှစ်နာရီလေးဆယ်မိနစ်ခန့်တွင်မူ ဂီတဖျော်ဖြေပွဲအလယ်သို့ အကြီးအကျယ် သေကြေပျက်စီးစေသော လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ မန္တလေး တံတားဦးလေဆိပ်မှ ထွက်ခွာလာသော တပ်မတော်တိုက်လေယာဉ်သုံးစင်းက တစင်းတွင်ဗုံးနှစ်လုံးစီဖြင့် စုစုပေါင်း ဗုံးခြောက်လုံးကို ဖျော်ဖြေပွဲ အလယ်တည့်တည့်သို့ ကြဲချခဲ့သည်။[31] လေကြောင်းတိုက်ခိုက်မှုကြောင့် ကချင်အနုပညာရှင်များ၊ ကေအိုင်အေ အရာရှိများ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် အနည်းဆုံး ၆၉ ဦးသေဆုံးခဲ့ပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရသူများကို ထည့်တွက်လျှင် စုစုပေါင်း ၁၀၀ ဦးဝန်းကျင်ရှိသည်။ ကေအိုင်အို၊ ကေအိုင်အေတပ်ဖွဲ့ဝင်များအပါအဝင် လူဦးရေ ၃၀၀ နီးပါး အဆိုပါ ဂီတဖျော်ဖြေပွဲသို့တက်ရောက်ခဲ့ကြသည်။[32]

လေကြောင်းတိုက်ခိုက်မှုပြီးနောက် တပ်မတော်က ယင်းဒေသသို့ သွားရာလမ်းရှိ ကံဆီးစစ်ဆေးရေးဂိတ်ကို အောက်တိုဘာလ ၂၄ ရက်တွင် ပိတ်ဆို့လိုက်သည်။ ပရဟိတသမားများ၊ လူနာတင်ယာဉ်များ၊ လူမှုကူညီရေးသမားများ၊ ဘာသာရေးခေါင်းဆောင်များနှင့် မိသားစုဝင်များ အနေဖြင့် လူနာများကို ဆေးကုသခြင်း သို့မဟုတ် သေဆုံးအလောင်းများကို သယ်ယူခြင်းမပြုနိုင်ရန် စစ်ဆေးရေးဂိတ်ကို ပိတ်လိုက်ခြင်းဖြစ်သည်။[33] ဒဏ်ရာရသူ အများစုမှာ အလွန်ပြင်းထန်ကြပြီး အရေးပေါ်ဆေးဝါးကုသရန်လိုအပ်သူများဖြစ်သည်။ စစ်တပ်က ကံဆီးဂိတ်ကို ဖြတ်သန်းသွားလာခွင့် ပိတ်လိုက်ဖြင့် ကယ်ထုတ်ခွင့်မရဘဲ ဒဏ်ရာရသူ အများအပြား သွေးထွက်လွန်ကာ သေဆုံးခဲ့ရပြီး သေဆုံးသူပေါင်း (၈၀) ဦးထိရှိလာခဲ့သည်။ အသက်ရှင် လွတ်မြောက်သူများမှာလည်း လျှို့ဝှက်တော လမ်းကြောင်း

31 ဥပဒေအထောက်ကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၂) ၏ ဖြေကြားချက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇)။

32 ဥပဒေအထောက်ကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၂) ၏ ဖြေကြားချက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇)။

33 ဥပဒေအထောက်ကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၁) ၏ ဖြေကြားချက်၊ ကံဆီးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆)။

တို့ကို အသုံးပြု၍ အိမ်သို့ပြန်ကြရသည်။[34] ဗုံးဒဏ်သင့်လူနာများကို သွားရောက်ကယ်ဆယ်ရာတွင် ပါဝင်ခဲ့သော ဒေသခံအငြိမ်းစား ကျောင်းဆရာတဦးက ကယ်ဆယ်ရေးသမားများမှာ မြန်မာစစ်သားများကို ရှောင်ရှားနိုင်ရန်အတွက် အနီးရှိ ဘော်ဆာဒီးကျေးရွာသို့ လှေ၊ ဆိုင်ကယ်များဖြင့် ဒဏ်ရာအလွန် ပြင်းထန်သူများကို ပို့ဆောင်ကုသခဲ့ရသည်ဟုဆိုသည်။[35] ကေအိုင်အေက ဖားကန့်မြို့နယ်တွင် ညမထွက်ရ အမိန့်ထုတ်ပြန်လိုက်ပြီး တဆက်ထဲတွင် တပ်မတော်ကလည်း ဗုံးဒဏ်သင့် လူနာများ၊ အခကြေးငွေယူ၍ ကုသကြသော ဆေးဆရာဝန်တို့ကို မတရား အသင်းဆက်သွယ်မှုအက်ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် တရားစွဲဆိုမည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။[36]



Mass graveyard of the victims of A Nang Pa airstrike (PHOTO: URU SHAGAN)

---

34 အင်တာဗျူး အမှတ်စဉ် (၅) ၏ဖြေကြားချက်။ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆)။

35 အင်တာဗျူး အမှတ်စဉ် (၁) ၏ဖြေကြားချက်။ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၆)။

36 မောင်ရွှေဝ ‘မြန်မာစစ်တပ်က ဒဏ်ရာရသူများကို ဆေးကုသခွင့်မပြုသဖြင့် သေဆုံးမှုများမြင့်တက်လာနိုင်’ (၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈) https://myanmar-now.org/en/news/a-nang-pa-airstrike-fatalities-expected-to-rise-as-myanmar-military-blocks-victims-access-to accessed 4 December 2022.

အခန်း (၅)

# ဥပဒေပြဿနာများ

အနန့်ပါတွင် ဖျော်ဖြေပွဲကျင်းပနေချိန် တပ်မတော်မှ လေယာဉ်ဖြင့် ဗုံးကြဲခဲ့သည့် လုပ်ရပ်မှာ တုန်လှုပ်ခြောက်ခြားဖွယ်ကောင်းသည့် လုပ်ရပ်ဖြစ်သည်။ KIO ကမကထပြုကျင်းပသည့် အဆိုပါဖျော်ဖြေပွဲတွင် တက်ရောက်ပါဝင်ကြသူအများစုမှာ အရပ်သားများဖြစ်သည်။[37] ဒေသခံပြည်သူများနှင့် သတင်းမီဒီယာများက အရပ်သားများရှိမှန်း သိပါလျက်နှင့် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း တပ်မတော်အား စွပ်စွဲထားသည်။ တပ်မတော်ကမူ အဆိုပါ စွပ်စွဲချက်များနှင့် အရပ်သားထိခိုက်သေဆုံးမှုများကို ပယ်ချထားပြီး အနန့်ပါဒေသမှာ ကေအိုင်အေ အကြမ်းဖက်အဖွဲ့၏ တပ်မဟာ ၉ ဌာနချုပ်၏ ထိန်းချုပ်နယ်မြေအတွင်းရှိ စစ်ရေးပစ်မှတ်သာဖြစ်ကြောင်း သတင်းထုတ်ပြန် ချေပထားသည်။[38] ထို့အပြင် တပ်မတော်က အဆိုပါလေကြောင်းတိုက်ခိုက်မှုကို စစ်ဥပဒေ (ဝါ) ဂျီနီဗာကွန်ဗင်းရှင်းတို့နှင့် အညီရေးဆွဲထားသော တပ်မတော်၏ ထိတွေ့တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်း (Rules of Engagement) နှင့်အညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။[39] သို့ဖြစ်ရာ တပ်မတော်က ကျူးလွန်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများက စစ်ရာဇဝတ်မှု၊ လူသားဖြစ်မှုကို ဆန့်ကျင်သည့်ပြစ်မှု မြောက်၊ မမြောက် သော်လည်းကောင်း၊ စစ်ဆင်ရေးများ ပြုလုပ်ရာတွင် ၁၉၄၉ ဂျီနီဗာ

37 သက်သေ ၁ နှင့် မေးမြန်းခန်း (နိုဝင်ဘာလ ၁၆၊ ၂၀၂၂ ခုနှစ်)။

38 Information Team of the State Administrative Council, –Security forces follow Rules of Engagement-ROE in taking necessary security measures in Phakant area– (Office of the Commander-in-Chief of Defence Services 24 October 2022) <https://cincds.gov.mm/node/19908> accessed 25 November 2022.

39 Ibid.

ကွန်ဗင်းရှင်းများတွင် ပြဋ္ဌာန်းထားသည့် လက်နက်ကိုင်ပဋိပက္ခများတွင် လိုက်နာရမည့် စည်းမျဉ်းများကို လိုက်နာခဲ့ခြင်း ရှိမရှိဟူသည်ကိုသော် လည်းကောင်း ဥပဒေကြောင်းအရ သုံးသပ်ရန် လိုအပ်ပေသည်။

## (၅.၁) အနန့်ပါဒေသ၏ တည်နေရာကို အသုံးပြုခြင်းအားဖြင့် စစ်ရေးလှုပ်ရှားမှုတွင် အကျိုးပြုခြင်းရှိပါသလား။

ဂျီနီဗာကွန်ဗင်းရှင်းများ၏ နောက်ဆက်တွဲစာချုပ် ၁ (Additional Protocol I) အပိုဒ် ၅၂ တွင် စစ်ရေးပစ်မှတ်ဟူသည်ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုချက်ကို တွေ့နိုင်သည်။

> ၂။ မည်သည့်တိုက်ခိုက်မှုများမဆို စစ်ရေးပစ်မှတ်များကိုသာ ဦးတည်ရမည်။ အရာဝတ္ထုမှန်သမျှထဲတွင် စစ်ရေးပစ်မှတ်များမှာ အရာဝတ္ထုများ၏ သဘာဝအရသော်လည်းကောင်း၊ တည်နေရာအရသော်လည်းကောင်း၊ ရည်ရွယ်ချက် သို့မဟုတ် ယင်းအရာဝတ္ထုတို့ကို အသုံးပြုခြင်းအားဖြင့် စစ်ရေးလှုပ်ရှားမှုကို ထိထိရောက်ရောက် အကျိုးပြုသည့်အရာဖြစ်ရမည်။ ထို့ပြင် ယင်းအရာဝတ္ထုများကို တခုလုံး သို့မဟုတ် တစိတ်တပိုင်းကို ဖျက်ဆီးခြင်း၊ သိမ်းပိုက်ခြင်း သို့မဟုတ် စစ်ရေးအရ အသုံးပြု၍ မရတော့အောင် ပြုလုပ်လိုက်ခြင်းအားဖြင့် ထိုသို့ပြုလုပ်နေသည့် အချိန်အခါတွင် တိကျသေချာသည့် စစ်ရေးအသာစီးမှု ရှိနေရမည်။

ထို့ကြောင့် အထက်ဖော်ပြပါ အပိုဒ် ၅၂၊ အပိုဒ်ခွဲ (၂) နှင့်ကိုက်ညီသည့် မည်သည့်အရာဝတ္ထုများကိုမဆို စစ်ရေးပစ်မှတ်ဟု မှတ်ယူနိုင်သည်။ အခြားတဖက်တွင်လည်း စစ်ရေးသဘောမရှိသည့် အရာဝတ္ထုများသည်လည်း စစ်ရေးပစ်မှတ် ဖြစ်လာနိုင်သည့်အခြေအနေကို လေ့လာသင့်ပါသည်။

အပိုဒ် ၅၂ (၂) တွင် လက်နက်ကိုင်ပဋိပက္ခအတွင်း အရာဝတ္ထု များ၏ ပြောင်းလဲတတ်သည့် သဘောတရားကိုလည်းကောင်း၊ စစ်အရေးအရလိုအပ်ချက် (military necessity) အပေါ် မူတည်ပြီး မတူညီသည့် အရာဝတ္ထုများကို ပုံစံအမျိုးမျိုးဖြင့် အသုံးပြုနိုင်ကြောင်းကိုလည်းကောင်း အသိအမှတ်ပြုထား သည်။ ယင်းအပိုဒ်တွင် ဖော်ပြထားသည့် – အရာဝတ္ထုတို့၏ သဘာဝ၊ တည်နေရာ၊ ရည်ရွယ်ချက်၊ အသုံးပြုခြင်း— စသည့် အရာတို့မှာ အချင်းချင်း ပြန်လှန်သက်ရောက်မှု ရှိသည်ကိုတွေ့ ရသည်။ ဥပမာအားဖြင့် အရာဝတ္ထုတခုအား မည်သို့မည်ပုံ အသုံးပြုနေသည်ကို ကြည့်ခြင်းဖြင့် ၎င်းအရာဝတ္ထု၏ သဘော သဘာဝ သို့မဟုတ် ၎င်း၏ မူလရည်ရွယ်ချက်တို့ ပြောင်းလဲ သွားသည်ဖြစ်ရာ ၎င်းအရာဝတ္ထုမှာ တိုက်ခိုက်နိုင်သည့် ပစ်မှတ်အဖြစ်မှ ကင်းလွတ်ခွင့်ရှိသော၊ တိုက်ခိုက်၍မရသော အရာအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်။ သို့မဟုတ် ကင်းလွတ် ခွင့်ရှိသောအရာမှ တိုက်ခိုက်၍ရသော ပစ်မှတ်အဖြစ်သို့လည်း ပြောင်းလဲသွားနိုင်သည့် သဘောကို တွေ့ရသည်။[40]

သို့ဖြစ်ရာ အပိုဒ် (၅၂) မှာ ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့များအား စစ်ရေးပစ်မှတ်ကိုသာ တိုက်ခိုက်ခွင့်ပြုထားခြင်းအားဖြင့် ခွဲခြားတိုက်ခိုက် သည့် စည်းမျဉ်း (distinction principle) ဟူသည့် နိုင်ငံတကာ ဓလေ့ ထုံးတမ်းဥပဒေ၏ အဓိကအကျဆုံးသော စည်းမျဉ်းဥပဒေများကို ကျော ထောက်နောက်ခံပြုထားခြင်းဖြစ်သည်။[41] ထို့ပြင် အရာဝတ္ထုတခုအား

40 Emily Crawford and Alison Pert, International Humanitarian Law (Cambridge University Press, Cambridge 2015) p.318.

41 International Committee of the Red Cross, – Customary IHL Database: Rule 1. The Principle of Distinction between Civilians and Combatants– <https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul_rule1> accessed 28 November 2022.


စစ်ရေးပစ်မှတ် ဟုတ်မဟုတ် ဟူသည်ကို ဆုံးဖြတ်ရန်အတွက် အဆိုပါ အပိုဒ် (၅၂) တွင်ပါဝင်သော အင်္ဂါရပ်များကို လေ့လာရန်လိုပါမည်။ အရာဝတ္ထုတခုကို ဖျက်ဆီး သို့မဟုတ် စစ်အရေးအရ အသုံးပြု၍ မရတော့အောင် ပြုလုပ်မည်ဆိုပါက ၎င်းအရာဝတ္ထုကို တိုက်ခိုက်ဖျက်ဆီးခြင်းဖြင့် စစ်ရေးအရ အကျိုးအမြတ်နှင့် စစ်ရေးအရ တိကျသေချာသည့် အသာစီးရမှု နှစ်ခုလုံးရှိနေရမည်ဖြစ်သည်၊ စစ်ရေးတွင် အကျိုးပြုခြင်း (contribution) နှင့် အသာစီးရမှု (advantage) ဟူသည့် စကားရပ်နှစ်ခုလုံးမှာ ယှက်နွယ်လျက်ရှိသည်။ ထို့ပြင် စစ်ရေးပစ်မှတ်ဟု သတ်မှတ်ရန်အတွက် အဆိုပါ အင်္ဂါရပ် နှစ်ခုလုံး တပြိုင်နက်တည်ရှိနေရမည်ဖြစ်သည်။[42] အရာဝတ္ထုတခုကို တိုက်ခိုက်ရာတွင် စစ်ရေးအရ အသာစီးရမှု (advantage) ရှိကောင်းရှိနိုင်သော်လည်း စစ်ရေးတွင် ထိထိရောက်ရောက် အကျိုးပြုခြင်း (effective contribution) မရှိပါမူ ယင်းကို စစ်ရေးပစ်မှတ်ဟု သတ်မှတ်၍ မရပေ။[43] အရာဝတ္ထုတခုက စစ်ရေးတွင် အကျိုးပြုခြင်းဆိုသည်မှာ ခံစစ်၊ တိုက်စစ် နှစ်ခုလုံးတွင် ခိုင်မာသည့် အသုံးဝင်မှုတခုခု ရှိနေခြင်းကို ဆိုလိုသည်။ ယင်းသို့ အကျိုးပြုခြင်းမှာလည်း စစ်ဆင်ရေး ပြုလုပ်နေချိန်နှင့် တိုက်ရိုက်စပ်ဆိုင်နေရမည်ဖြစ်သည်။ ထိရောက်စွာ (effective) ဟူသည့် စကားရပ်ကို ပြဋ္ဌာန်းထားခြင်းဖြင့် ခိုင်မာမှုမရှိသည့် ဖြစ်နိုင်ခြေသာဖြစ်သော သို့မဟုတ် အနုမာနအယူအဆကို အခြေခံသော သို့မဟုတ် ယုတ္တိမတန်သော အကျိုးပြုနိုင်ခြေတို့ကို ပယ်ချထားခြင်း ဖြစ်သည်။[44]

---

42 Yves Sandoz, Christophe Swinarski and Bruno Zimmermann (eds), Commentary on Protocol I Additional to the Geneva Conventions, relating to the Protection of Victims of International Armed Conflicts (online edn, International Committee of the Red Cross and Martinus Nijhoff Publishers, Geneva 1987) <https://ihl-databases.icrc.org/applic/ihl/ihl.nsf/Treaty.xsp?action=openDocument&documentId= D9E6B6264D7723C3C12563CD002D6 CE4> accessed 28 November 2022.

43 Robert Kolb, Advanced Introduction to International Humanitarian Law (Edward Elgar publishing, Cheltenham 2014) p.157-164.

44 Ibid.



Birdseye view of A Nang Pa
*(PHOTO: GENERAL GUN MAW FACEBOOK)*

အထက်ဖော်ပြပါ စစ်ရေးပစ်မှတ်၏ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အခြေခံ၍ တေးဂီတပွဲကျင်းပခဲ့သည့် အနန့်ပါ ဒေသ၏ ပထဝီဝင် အနေအထားတို့ကို ဆန်းစစ်ရပါမည်။ ၂၀၁၃ ခုနှစ်အထိ ကေအိုင်အေ အဖွဲ့က စစ်ရေးလေ့ကျင့်ကွင်းအဖြစ် ယင်းနေရာကို အသုံးပြုခဲ့သည်။ သို့ရာတွင် တပ်မတော်နှင့် တိုက်ပွဲများဖြစ်ပွားပြီးနောက် ကေအိုင်အေ ကယင်းဒေသမှ ဆုတ်ခွာသွားခဲ့ပြီးဖြစ်ရာ ယင်းနေရာကို စစ်ရေးပစ်မှတ်ဟု ဆက်လက် မှတ်ယူ၍ မရတော့ပေ။[45] ယနေ့အခါတွင် ယင်းဒေသမှာ ခရီးသွားများ ခေတ္တရပ်နားသည့် ဈေးဆိုင်တန်းများရှိပြီး ကေအိုင်အေ တပ်ဖွဲ့ဝင်များ၊ အနီးဝန်းကျင်မှ ရွာသားများ၊ ခရီးသွားများ၊ တနိုင်တပိုင်ကျောက်တူးသမားများဖြင့် စည်ကားသည့် ဈေးတန်းတခုအဖြစ် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။[46]

45 သက်သေအမှတ်စဉ် (၁) ၏ ဖြေကြားချက်။ ၁၆ ရက် နိုဝင်ဘာလ ၂၀၂၂ ခုနှစ်။

46 သက်သေအမှတ်စဉ် (၂) ၏ ဖြေကြားချက်။ ၁၇ ရက် နိုဝင်ဘာလ ၂၀၂၂ ခုနှစ်။

ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အချိန်တွင် ယင်းဒေသ၏ သဘာဝမှာ လွန်ခဲ့သည့် ၉ နှစ်ကတည်းက အရပ်သားများ နေထိုင်သည့် ရွာငယ်အဖြစ်သို့ ပြောင်းလဲသွား ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အနန့်ပါ၏တည်နေရာ (location) မှာ အနာဂတ်တွင် မဟာဗျူဟာတန်ဖိုးများ ရှိလာနိုင်သော်လည်း ဖျော်ဖြေပွဲကျင်းပနေချိန်တွင် စစ်ရေးအရ တိုက်ခိုက်ရန် အကျိုးမရှိပေ။ ထို့ကြောင့် ထိရောက်သည့်၊ တိကျသေချာသည့် စစ်ရေးအရ အကျိုးပြုမှု (contribution) မရှိသည်ကို တွေ့နိုင်သည်။ အဆိုပါ တေးဂီတဖျော်ဖြေပွဲမှာ ၆၂ နှစ်မြောက် ကေအိုင်အိုအထိမ်းအမှတ် နှစ်ပတ်လည်နေ့ကို ဂုဏ် ပြုကြိုဆိုသည့် အခမ်းအနားဖြစ်သည်။ ထိုပွဲတွင် အသုံးပြုရန်အတွက် လိုအပ်သည့် ပစ္စည်းများ၊ အစားအသောက် များအပြင် ဖျော်ဖြေပွဲကိုယ်၌က စစ်ရေးရည်ရွယ်ချက်တွက် အသုံးပြုခြင်း မဟုတ်သည့်အပြင် ဖျော်ဖြေပွဲပြုလုပ် ခြင်းမှာလည်း စစ်ရေးလှုပ်ရှားမှုမဟုတ်ပေ။ ထို့ကြောင့် အနန့်ပါ ဖျော်ဖြေပွဲမှာစစ်ဆင်ရေးအတွက်မည်သို့မျှအကျိုးပြုခြင်း (contribution) မရှိသည်ကို တွေ့နိုင်သည်။ ဆိုလိုသည်မှာ ဖျော်ဖြေပွဲကျင်းပခြင်းအားဖြင့် အနီးနားရှိ တပ်မတော် တပ်စခန်းများအား စစ်ရေးအရ မည်သည့်လက်ငင်းခြိမ်းခြောက်မှုမျှ မရှိသောကြောင့် ယင်းဖျော်ဖြေပွဲကို ဗုံးကြဲတိုက်ခိုက်ခြင်းအားဖြင့် တပ်မတော်အတွက် စစ်ရေးအသာစီးမှု တိတိကျကျ မရှိပေ။ အကယ်၍ ကေအိုင်အေ အဖွဲ့ဝင်အချို့ကို သတ်ဖြတ်ခြင်းအားဖြင့် ရန်သူ၏ အင်အားချည့်နဲ့သွားအောင် ပြုလုပ်နိုင်သည့် အသာစီးမှုရှိနေ နိုင်သည့်တိုင် ပွဲပြုလုပ်နေစဉ်အတွင်း စစ်ရေးလှုပ်ရှားမှုကို ထိရောက်စွာ အကျိုးပြုခြင်း မရှိသောကြောင့် စစ်ရေးပစ်မှတ်မဖြစ်နိုင်ပေ။ ထို့ကြောင့်လည်း အချိန်တခုတွင် ဖြစ်ပျက်နေသည့် အခြေအနေ (circumstances ruling at the time) ဟူသည့် အင်္ဂါရပ်မှာ ဤအခြေအနေတွင် အရေးပါလျက်ရှိသည်။ အပိုဒ် ၅၂ (၂) အရ အနန့်ပါတည်နေရာ နှင့် ဖျော်ဖြေပွဲတို့မှာ စစ်ရေးပစ်မှတ် ဟုသတ်မှတ်နိုင်သည့် အင်္ဂါရပ်များနှင့် ကိုက်ညီမှုမရှိသည်ကို တွေ့ရသည်။

## (၅.၂) အနန့်ပါတွင် အရပ်သားများရှိနေခြင်းကို တပ်မတော်က သိရှိခဲ့ပါသလား။

အနန့်ပါကျေးရွာကို တပ်မတော်မှ လေကြောင်းဖြင့် တိုက်ခိုက်မှုမှာ အရပ်သားများစွာ ထိခိုက်ပျက်စီးခဲ့ရသည်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထိုကဲ့သို့သော တိုက်ခိုက်မှုမှာ စစ်ရာဇဝတ်မှုကို ကျူးလွန်ခြင်း ပင်ဖြစ်ပြီး နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး (ICC) ၏ စီရင်ပိုင်ခွင့် အတွင်း ကျရောက်သည်။ ထို့ပြင် ယင်းတိုက်ခိုက်မှုမှာ အပြည်ပြည်ဆိုင်ရာ စစ်ဥပဒေ၏ အခြေခံပြဋ္ဌာန်းချက်များစွာကိုလည်း ချိုးဖောက်ခဲ့ကြောင်း တွေ့နိုင်သည်။[47] သို့ဖြစ်ရာ ယင်းတိုက်ခိုက်မှုကို အကောင်အထည်ဖော် ခဲ့သည့် တပ်မတော်၏ စိတ်ပိုင်းဆိုင်ရာ အင်္ဂါရပ် (mental element) တနည်း အားဖြင့် အရပ်သားများထိခိုက်နိုင်ကြောင်း သိပါလျက်နှင့် ရည်ရွယ်ချက် ရှိရှိ တိုက်ခိုက်ခဲ့ခြင်း ဟုတ်မဟုတ် ဟူသည်ကို ဆန်းစစ်ရန် လိုပါသည်။

ICC ၏ရောမဥပဒေ (Rome Statute) ပုဒ်မ ၈ (၂)(င)(၈) တွင် ဖော်ပြထားသည်မှာ အရပ်သားလူထုကိုသော်လည်းကောင်း၊ လက်နက်ကိုင် ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိသည့် ပုဂ္ဂိုလ်တို့ကိုသော်လည်းကောင်း ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ပါက တရားရုံးအနေဖြင့် စီရင်ပိုင်ခွင့်ကျင့်သုံး နိုင်သည် ဟူ၍ဖြစ်သည်။ အဆိုပါ အရပ်သားများကို မတိုက်ခိုက်ရန် လုံးဝ တားမြစ်ထားခြင်းဖြစ်ပြီး စစ်ရေးအရလိုအပ်ချက် (military necessity) ကြောင့်ဟု အကြောင်းပြခွင့်မပြုသည့် တားမြစ်ချက်လည်းဖြစ်သည်။[48] အထူးသဖြင့် အဆိုပါပုဒ်မတွင် အင်္ဂါရပ် (၂) ခုပါဝင်သည်ကို လေ့လာ နိုင်သည်။ ပထမအင်္ဂါရပ်မှာ ပြစ်မှုကျူးလွန်သူက ရည်ရွယ်ချက်ရှိရှိဖြင့်

47 The four essential IHL principles: distinction; military necessity, unnecessary suffering, and proportionality; see also the fundamental sources of IHL: Geneva Conventions 1949, Additional Protocol I and II 1977 and the Statute of the International Criminal Court 2001.

48 The Prosecutor v. Germain Katanga (Judgment pursuant to article 74 of the Statute) ICC-01/04-01/07 (7 March 2014) para 800.

တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ဒုတိယအင်္ဂါရပ်မှာ ယင်းတိုက်ခိုက်မှု၏ ပစ်မှတ်မှာ အရပ်သားလူထုနှင့် ပဋိပက္ခတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိသည့် ပုဂ္ဂိုလ်တို့ဖြစ်ခြင်း ဟူ၍ဖြစ်သည်။ ပထမအင်္ဂါရပ်တွင် ဖော်ပြထားသည့် – ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်ခြင်း– ဟူသည့် စကားရပ်မှာ ရောမဥပဒေ ပုဒ်မ ၃၀(၂)(က) ပါ –ပြုလုပ်မှုဟူသည်နှင့် စပ်လျဉ်းပြီး တစုံတဦးက ယင်း ပြုလုပ်မှုကို ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ကြောင်း– ဟူသည့် စကားရပ်၏ အနှစ်သာရကို ထပ်ဆင့်ပြဋ္ဌာန်းထားခြင်း ပင်ဖြစ်သည်။[49] ထို့ကြောင့် တပ်မတော်က လေကြောင်းတိုက်ခိုက်မှုကို ပြုလုပ်ခဲ့ပြီး ထိုလေကြောင်း တိုက်ခိုက်မှုမှာ အရပ်သားလူထုကို ပစ်မှတ်ထားခဲ့သည်မှာ အကြောင်းခြင်း ရာ တရပ်ပင်ဖြစ်သည်။

၁၉၄၉ ပထမ ဂျီနီဗာသဘောတူစာချုပ်၏ အပိုဒ် ၅၀ တွင်မူ ပြစ်မှု ကျူးလွန်သူ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို အတိအကျဖော်ပြ ထားသည်ကို မတွေ့ရချေ။[50] သို့ရာတွင် ရည်ရွယ်၍ဖြစ်စေ၊ ပေါ့ဆ၍ဖြစ်စေ ဤအပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်က အကာအကွယ်ပေးထားသော လူပုဂ္ဂိုလ်များကို သတ်ဖြတ်ခြင်း၊ အကြီးအကျယ် ထိခိုက်နာကျင်စေခြင်း၊ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အပြင်းအထန် ထိခိုက် စေခြင်းစသည်တို့ကို ကျူးလွန်ပါက ဤအပိုဒ်တွင် ပြဋ္ဌာန်းထားသည့် တမင်ပြုလုပ်ခြင်း (willful) ဟူသည့် အင်္ဂါရပ်တွင် အကျုံးဝင်သွားသည်။ ယေဘုယျအားဖြင့် အမျိုးမျိုးသော စိတ်ပိုင်းဆိုင်ရာအခြေအနေများကို ဖော်ထုတ်ရန် ခက်ခဲနိုင်ပါသည်။ သို့သော်လည်း ပြစ်မှုကျူးလွန်သူ၏ အပြုအမူကိုသော်လည်းကောင်း၊ ၎င်း၏ ပြုလုပ်မှု၏ သဘောသဘာဝကို

49 Noëlle Quénivet, ‘Article 8(2)(e)(i)’, Mark Klamberg and Jonas Nilsson (Eds.) Commentary on the Law of the International Criminal Court “ The Rome Statute available at <https://cilrap-lexsitus.org/clicc/8-2-e-i/8-2-e-i> accessed 2 December 2022.

50 Geneva Convention For The Amelioration Of The Condition Of The Wounded And Sick In Armed Forces In The Field (GC I, 12 August 1949), Art 50 Grave Breaches.

သော်လည်းကောင်း ခွဲခြမ်းလေ့လာခြင်းအားဖြင့် ပြစ်မှုတခုကို ကျူးလွန်ရန်တွက် ရည်ရွယ်ချက်ရှိမရှိ ဟူသည်ကိုမူ ဖော်ထုတ်နိုင်ပါသည်။

တိုက်ခိုက်ခံခဲ့ရသည့် အနန့်ပါ၏ ပထဝီဝင်အနေအထားအရ တပ်မတော်အနေဖြင့် ယင်းဒေသတွင် အရပ်သားများရှိနေသည်ကို သိရှိခဲ့ကြောင်း မှတ်ယူနိုင်သည်။ အထူးသဖြင့် ကံဆီးကျေးရွာရှိ တပ်မတော်၏ စစ်ဆေးရေးဂိတ်တည်ရှိသည့်နေရာနှင့် အနန့်ပါသည် မိုင်အနည်းငယ်သာ ကွာဝေးသည်ကိုတွေ့ရသည်။ ယင်းဒေသသို့ သွားလာသည့် ခရီးသည်များအားလုံး ထိုစစ်ဆေးရေးဂိတ်တွင် သတင်းပို့၊ စစ်ဆေးခံပြီးမှသာ ဖြတ်သန်းသွားလာခွင့်ရကြသည်။[51] ထို့ပြင် ပွဲကျင်းပရန်အတွက် တပတ်စော၍ ကြိုတင်ပြင်ဆင်ခဲ့ရပြီး ပွဲတွင်အသုံးပြုရန်အတွက် ကုန်ပစ္စည်းများ၊ အစားအသောက်များနှင့် လိုအပ်သည့် အရာများအားလုံးသည် ထိုစစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်ပြီး သယ်ယူခဲ့ကြခြင်းဖြစ်သည်။ တပ်မတော် စစ်ဆေးရေးဂိတ်က ထိန်းသိမ်းထားသည့် ဝင်ထွက်သွားလာမှု မှတ်တမ်းများကို ကြည့်ခြင်းအားဖြင့်လည်း အနီးအနားရှိ ကျေးရွာများမှ အရပ်သားများကလည်း အဆိုပါပွဲတွင် ပါဝင်နေကြောင်း သိရှိနိုင်သည်။

ဂျီနီဗာကွန်ဗင်းရှင်းများ၏ ပြဋ္ဌာန်းချက်များအရ အရပ်သားများ ထိခိုက်နစ်နာမှု မရှိစေရန်အတွက် တပ်မတော်အနေဖြင့် ကြိုတင်ကာကွယ်မှုအစီအမံများကို ချမှတ်ဆောင်ရွက်ရန် တာဝန်ရှိသည်။ တပ်မတော်အနေဖြင့် အနန့်ပါဖျော်ဖြေပွဲတွင် ဗုံးကြဲတိုက်ခိုက်မှု မပြုလုပ်မီ အရပ်သားများရှိနေကြောင်း သိရှိနိုင်သည့် အကြောင်းခြင်းရာ အခြေအနေကို သိရှိခဲ့သည်မှာ ထင်ရှားသည်။ သို့သော် ယင်းဒေသတွင် ကေအိုင်အေ တပ်ဖွဲ့ဝင်များသာရှိကြောင်း သတင်းထုတ်ပြန် ငြင်းဆိုခဲ့သည်။[52] သို့ဖြစ်၍

51 Interview with #3 (16 November 2022)

52 Information Team of the State Administrative Council, 'Security forces follow Rules of Engagement-ROE in taking necessary security measures in Phakant area' (24 October 2022) <https://cincds.gov.mm/node/19908> accessed 25 November 2022.

တပ်မတော်၏ ထိုထုတ်ပြန်ချက် ထုတ်ပြန်ခြင်းမှာ အနန့်ပါဖျော်ဖြေပွဲတွင် တက်ရောက်ကြသည့် လူအများစုမှာ အရပ်သားများဖြစ်ကြောင်း ရှင်းလင်းသည့် သက်သေအထောက်အထားကို ငြင်းဆိုသည့် ကြိုးပမ်းချက်တရပ်သာဖြစ်သည်။ ထို့ပြင် ကမ္ဘာ့တရားရုံး (ICC) ၏ ယခင်အမှုဖြစ်စဉ်များကို လေ့လာကြည့်လျှင် တရားရုံးက 'အရပ်သားပြည်သူဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီအကြုံးဝင်မှု မရှိသော လူပုဂ္ဂိုလ်များက အရပ်သားပြည်သူများအကြားတွင် ရောနှောနေသည့်တိုင် ထိုအရပ်သားလူထုကို ကာကွယ်ပေးသည့် ဝိသေသလက္ခဏာ ပျောက်ပျက်သွားမည်မဟုတ်ကြောင်း' ဆုံးဖြတ်ခဲ့သည်ကို တွေ့နိုင်သည်။[53] ထို့ပြင် ရောမဥပဒေ ပုဒ်မ ၈(၂)(င)(၈) အရ တရားရုံးက စစ်ရေးပစ်မှတ်နှင့် အရပ်သား ခွဲခြားခြင်းမရှိဘဲ မဆင်မခြင် လက်လွတ်စပယ်တိုက်ခိုက်ခြင်း (indiscriminate attack) ကို ဖွင့်ဆိုရာတွင် 'လိုအပ်သည်ထက်ပိုမိုကျယ်ပြန့်စွာ ထိခိုက်ပျက်စီးစေနိုင်သော အင်အားပြင်း လက်နက်ပစ္စည်းများကို သုံး၍ တိုက်ခိုက်ခြင်းသော်လည်းကောင်း၊'[54] 'စစ်သားများမှာ စစ်ရေးပစ်မှတ်ဖြစ်သည်ဆိုစေဦး အရပ်သားလူထုများနှင့် ရောနှောနေပါလျက် တိုက်ခိုက်ခဲ့လျှင်သော် လည်းကောင်း' အရပ်သားလူထုများကို ရည်ရွယ်ချက်ဖြင့် ပစ်မှတ်ထားကာ တိုက်ရိုက်တိုက်ခိုက်ခြင်းပင် ဖြစ်ကြောင်း[55] ဆက်စပ်ရှင်းလင်းခဲ့သည်ကို တွေ့ရသည်။

ထုတ်ပြန်ချက်ထဲတွင် တပ်မတော်က 'တရားမဝင်စီးပွားရေးလုပ်ငန်း လုပ်ဆောင်နေသော သတ္တုတူး ဖော်ရေးလုပ်ငန်းရှင်အချို့နှင့် ကေအိုင်အေ စစ်သားများကသာ အနန့်ပါဒေသသို့ ဝင်ရောက်သွားလာခွင့်ရှိပြီး အရပ်သားပြည်သူသွားလာခွင့်ကိုမူ တားမြစ်ထားသည်' ဟုဖော်ပြထားသည်။ ဤ

53 Noëlle Quénivet, 'Article 8(2)(e)(i)', Mark Klamberg and Jonas Nilsson (Eds.) Commentary on the Law of the International Criminal Court "The Rome Statute available at <https://cilrap-lexsitus.org/clicc/8-2-e-i/8-2-e-i> accessed 2 December 2022.

54 The Prosecutor v. Germain Katanga (n 30) para 802.

55 Quénivet (n 53).

စကားလုံးများကို သုံးသပ်ကြည့်လျှင်လည်း တပ်မတော်က ဖျော်ဖြေပွဲတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာတွင် တိုက်ရိုက်ပါဝင်ခြင်း မရှိသည့် အရပ်သားပြည်သူများလည်း ရှိနေသည်ကို သိရှိထားကြောင်း တစုံတရာ ညွှန်ပြလျက်ရှိသည်။

ထို့ပြင် စစ်ဆင်ရေးများ ဆောင်ရွက်ရာတွင် တပ်မတော်၏ အပြုအမူများမှာလည်း ထည့်သွင်းစဉ်စားသင့်ရမည့် အချက်ဖြစ်သည်။ ပဋိပက္ခတိုက်ပွဲဒဏ်သင့်သော ပြည်နယ်များရှိ တိုင်းရင်းသားလူနည်းစုများ၊ အထူးသဖြင့် တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များကို ထောက်ပံ့ခြင်း သို့မဟုတ် ထောက်ခံခြင်းများ ပြုလုပ်သော တိုင်းရင်းသား လူနည်းစုများကို တပ်မတော်က ပစ်မှတ်ထားကာ အလွန်ရက်စက်ကြမ်းကြုတ်သော ပြစ်မှုများ ကျူးလွန်ခဲ့သည့် သာဓကများရှိခဲ့သည်။[56] ယင်းသို့သော နည်းလမ်းဖြင့် ပြစ်မှုများကို ပြည်နယ်အားလုံးတွင် ထပ်ခါတလဲလဲ ကျူးလွန်လျက်ရှိသည်။ စစ်ပွဲတွင်ပါဝင်သော ဘက်တဘက်ကို စားနပ်ရိက္ခာနှင့် အခြားပစ္စည်းများကို ကူညီထောက်ပံ့ပေးသော အရပ်သားပြည်သူများသည် ၎င်းတို့၏ အရပ်သားပြည်သူဖြစ်မှု ဝိသေသလက္ခဏာကို ထိခိုက်ဆုံးရှုံးမည် မဟုတ်သကဲ့သို့ စစ်ပွဲတွင် တိုက်ရိုက်ပါဝင်သူများအဖြစ်လည်း ယူဆသတ်မှတ်၍ မရနိုင်ပေ။[57] ထို့ကြောင့် အရပ်သားလူထုကို ထိခိုက်စေလိုသည့် ရည်ရွယ်ချက်ရှိမရှိကို တိုက်ခိုက်သည့် အဖွဲ့၏ အပြုအမူလုပ်ရပ်ကို အထက်ဖော်ပြပါ ရှုထောင့်များမှနေ၍ သုံးသပ်ခြင်းအားဖြင့်လည်း ကောက်ချက်ချနိုင်ပါသည်။

56 UN Human Rights Council, –Report of the detailed findings of the Independent International Fact-Finding Mission on Myanmar– (39th Session, 17 September 2018) A/HRC/39/CRP.2 para.156; Available at <undocs.org/en/A/HRC/39/CRP.2> accessed 26 November 2022.

57 The Prosecutor v. Callixte Mbarushimana (Decision on the confirmation of charges) ICC-01/04-01/10 (16 December 2011) para 148.

> ဥပမာအားဖြင့် Mbarushimana အမှုတွင် လက်နက်ကိုင် အဖွဲ့က အရပ်သားပြည်သူနှင့် ရန်သူစစ်သား နှစ်ခုလုံးကို လက်စားချေလိုသည့် ဆန္ဒအတိအလင်းရှိခဲ့ခြင်း (‘မျက်လုံးတလုံးအတွက် မျက်လုံးတလုံး’ အမည်ရ ဆတူပြန်ယူမည့် စစ်ဆင်ရေး၊ Mbarushimana ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၆၊ အပိုဒ် ၁၄၄)၊ လူမှန်သမျှအားလုံးကို သတ်ဖြတ်ပစ်ရန် (ဥပမာ အားဖြင့် ‘လှုပ်ရှားတတ်သည့် အရာအားလုံးကို သတ်ဖြတ်ရမည်’၊ ‘အသက်ရှိသည့်အရာ မှန်သမျှအားလုံး ထိုနေရာတွင် လုံး၀ မရှိသင့်’၊ အပိုဒ် ၁၄၄) အမိန့်ပေးခဲ့ခြင်း၊ ယင်းအမိန့်ကို လိုက်နာကာ အရပ်သားများကို သတ်ဖြတ်နိုင်ခဲ့သည့် စစ်သားများကို ဂုဏ်ပြုခဲ့ခြင်း (အပိုဒ် ၁၅၀) စသည့်အချက်များကို ထည့်သွင်းစဉ်းစားကာ ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ရှိကြောင်းကို ကောက်ချက်ချနိုင်ခဲ့သည်။[58]

အထက်တွင် ဖော်ပြခဲ့သကဲ့သို့ တပ်မတော်က အနန့်ပါ တေးဂီတဖျော်ဖြေပွဲတွင် အရပ်သားများရှိနေကြောင်း သိရှိသည့်တိုင် ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်တခုထဲကို တိုက်လေယာဉ်သုံးစင်းဖြင့် ခြောက်ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။[59] တပ်မတော်အနေနှင့် ထိုသို့သော လုပ်ဆောင်ချက်က မည်သို့သော အကျိုးဆက်များ ဖြစ်လာနိုင်သည်ကို ကြိုတင်သိရှိထားပြီး ဖြစ်သည်။ သို့ဖြစ်ရာ တိုက်ခိုက်သည့် အဖွဲ့၏ ရည်ရွယ်ချက်ကို ဖော်ထုတ်လိုသောအခါ တိုက်ခိုက်မှုအတွင်း အသုံးပြုသော နည်းလမ်း၊ တဘက်စောင်းနင်းတိုက်ခိုက်သော အပြုအမူလက္ခဏာနှင့် ယင်းပြုလုပ်မှု၏ သဘောသဘာဝတို့ကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။[60]

58 Quénivet (n 53).

59 အင်တာဗျူးအမှတ်စဉ် (၂) ၏ဖြေကြားချက်၊ (၁၇ နို၀င်ဘာ ၂၀၂၂)

60 Quénivet (n 53).

## (၅.၃) အဘယ့်ကြောင့် တပ်မတော်၏ လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုများမှာ နိုင်ငံတကာတရားရုံး၊ ရောမဥပဒေ၏ ပုဒ်မ ၇ "လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှု" ပါ "ကျယ်ကျယ်ပြန့် ပြန့်နှင့် စနစ်တကျတိုက်ခိုက်မှု" မြောက်ပါ သလဲ။

တပ်မတော်က ၎င်း၏ ရန်သူကိုတိုက်ခိုက်ရန် ဆင်နွှဲသော စစ်ဆင်ရေးတို့ကြောင့် တနိုင်ငံလုံးရှိ တိုင်းနှင့် ပြည်နယ်တို့တွင် အရပ်သား ထိခိုက်သေဆုံးမှုများ မရေမတွက်နိုင်လောက်အောင် ရှိခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ အာဏာသိမ်းမှု မတိုင်မီ ကချင်၊ ရှမ်း၊ ရခိုင်၊ ကရင်၊ ချင်း၊ ကယား (ကရင်နီ) နှင့် မွန်ပြည်နယ်ကဲ့သို့သော တိုင်းရင်းသားပြည်နယ် များသည် နာမည်ဆိုးဖြင့် ကျော်စောသော 'နယ်မြေရှင်းလင်းရေး' စစ်ဆင်ရေးအောက်တွင် အလွန်ရက်စက် ကြမ်းကြုတ်သော ပြစ်မှုများဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းခံခဲ့ကြရသည်။ ကချင်၊ ရှမ်း၊ ရခိုင်နှင့် ကရင် ပြည်နယ်တို့တွင် လူ့အခွင့်အရေးချိုးဖောက်မှု အဆိုးရွားဆုံးဒဏ်ကို ခံခဲ့ကြရသည်။ စစ်အာဏာသိမ်းပြီးချိန်မှစ၍ စစ်တပ်က လေကြောင်း အင်အားကို ပိုမိုအားကိုးလာသဖြင့် တိုင်းပြည်တွင် အကြမ်းဖက်မှုများနှင့် အရပ်သား ထိခိုက်သေဆုံးမှုများ ယခင်ကထက် ပိုမိုမြင့်တက်လာခဲ့သည်။ တပ်မတော်၏ ထိခိုက်ပျက်စီးမှု အလွန်များသော စစ်ဆင်ရေးများ လုပ်ဆောင်ရာတွင် အရပ်သားများကိုပင် သနားညှာတာမှု မရှိကြောင်းကို မြင်တွေ့ခဲ့ရပြီးဖြစ်သည်။

စစ်ခေါင်းဆောင်အဆက်ဆက်က လုပ်ဆောင်ခဲ့သော စစ်ဆင်ရေး များအားလုံးတွင် တူညီသည့်အရာတခုရှိသည်ကို တွေ့ရသည်။ ယင်းမှာ အရပ်သားပြည်သူ ထိခိုက်သေဆုံးမှုနှင့် အများပြည်သူဆိုင်ရာ အခြေခံ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုရှိခြင်းပင်ဖြစ်သည်။ နေအိမ်များ မီးရှို့ ခြင်း၊ နေအိမ်များအတွင်း ဖောက်ထွင်းပစ္စည်းခိုးယူခြင်းနှင့် ဘာသာရေး အဆောက်အအုံ၊ စာသင်ကျောင်းနှင့် ဆေးရုံများကို ဖျက်ဆီးခဲ့ကြသည်။ အာဏာသိမ်းမှုမတိုင်ခင်က လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲ မရှိခဲ့သည့်

ဒေသများဖြစ်ကြသော စစ်ကိုင်း၊ မကွေးနှင့် ပဲခူးတိုင်းတို့တွင် တပ်မတော်က ထိုသို့သော ရာဇဝတ်မှုများကို အလားတူ ကျူးလွန်ခဲ့ကြသည်။ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်တို့တွင်လည်း မြေပြင်စစ်ဆင်ရေးနှင့် တူညီသော အပြုအမူလက္ခဏာများကို တွေ့ရသည်။ ၎င်းတို့မှာ လူဦးရေ သန်းပေါင်းများစွာ ထွက်ပြေးတိမ်းရှောင်ရသည်။ (ကလေးငယ်များ အပါအဝင်) အရပ်သားပြည်သူများ သတ်ဖြတ်ခြင်းခံရသည်။ အရပ်သားပြည်သူများ ပိုင်ဆိုင်သော ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်းခံရသည်။ ထိုကဲ့သို့ အရပ်သားများအပေါ် ကျူးလွန်သော တိုက်ခိုက်မှု အားလုံးသည် နိုင်ငံတကာဥပဒေအရ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှုမြောက်နိုင်သော ရာဇဝတ်မှုများပင်ဖြစ်သည်။

ရောမဥပဒေ၏ ပုဒ်မ ၇ တွင် လူသတ်မှု၊ ခန္ဓာကိုယ်ကိုသော်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို သော်လည်းကောင်း ပြင်းထန်စွာထိခိုက်စေမှု သို့မဟုတ် ရည်ရွယ်ချက်ဖြင့် အကြီးအကျယ် ထိခိုက်နာကျင်စေသည့် လူမဆန်သော ပြုလုပ်မှုတို့ကို လူသားဖြစ်မှုကို ဆန့်ကျင်သော ပြစ်မှုအဖြစ် သတ်မှတ်ရန်အတွက် ထိုသို့ တိုက်ခိုက်ခြင်းသည် ‘ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြင့် အရပ်သားလူထုကို ပစ်မှတ်ထားတိုက်ခိုက်’ခြင်း ဖြစ်ရမည်ဟု ဆိုထားသည်။ ‘ကျယ်ကျယ်ပြန့်ပြန့်’ ဟူသော ဝေါဟာရအသုံးအနှုန်းမှာ ကြီးမားကျယ်ပြန့်သည့် အတိုင်းအတာဖြင့် တိုက်ခိုက်ခြင်းမျိုးဖြစ်ပြီး တိုက်ခိုက်မှုဒဏ်သင့်သူ အရေအတွက်လည်း များပြားခြင်း ကိုဆိုလိုသည်။ ‘စနစ်တကျ’ ဟူသည်မှာ ရှေ့နောက်မညီညွတ်သည့် ရမ်းသမ်းလုပ်ဆောင်ခြင်း မဟုတ်ဘဲ အကြမ်းဖက်မှုကို အစီအစဉ်တကျဖြင့် လုပ်ဆောင်ခြင်းမျိုးကို ရည်ညွှန်းသည်။[61]

61 Prosecutor v. Kordic and Cerkez (Judgment) ICTY IT-95-14-A, Appeal Chamber (17 December 2004) para.94 Available at https://www.eccc.gov.kh/sites/default/files/documents/courtdoc/00206980-00207003.pdf

အာဏာသိမ်းပြီးနောက်ပိုင်း လုပ်ဆောင်ခဲ့သော တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုများသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှုမြောက်နိုင်သည်။ ဥပမာအားဖြင့် ဤအစီရင်ခံစာတွင် အဓိကထား တင်ပြသော ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဂီတဖျော်ဖြေပွဲကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှု၊ စစ်ကိုင်းတိုင်းတွင် တိုက်ခိုက်ရေး ရဟတ်ယာဉ်နှစ်စင်း အသုံးပြု၍ စာသင်ကျောင်းတခုကို လေကြောင်းမှ တိုက်ခိုက်မှုနှင့် ကယားပြည်နယ်အတွင်း လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်မှု စသည်တို့မှာ အရပ်သားလူထုကို တိုက်ရိုက်ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်သည်။ သာလွန်အင်အားဖြင့်တိုက်ခိုက်မှု၊ ထိခိုက်နစ်နာသည့် အရပ်သား အရေအတွက် များပြားမှု၊ စစ်ရေးပစ်မှတ် ရေရေရာရာ မရှိဘဲ လက်လွတ်စပယ်တိုက်ခိုက်မှုနှင့် ဂျီနီဗာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ သဘောတူစာချုပ် (၁) ၏ ပုဒ်မ ၅၇ တွင် ဖော်ပြထားသော ကြိုတင်ကာကွယ်မှု အစီအမံများကို လိုက်နာရန် ပျက်ကွက်မှုတို့မှာ တပ်မတော်က အရပ်သားလူထုကို ရည်ရွယ်ချက်ရှိရှိဖြင့် ဦးတည်ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း သက်သေပြနိုင်ရန် လုံလောက်သော သက်သေအထောက်အထားများဖြစ်သည်။[62]

'ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျတိုက်ခိုက်မှု' ဟူသည့် အင်္ဂါရပ်နှင့် ကိုက်ညီရန်အတွက် တပ်မတော်က ကျူးလွန်ခဲ့သည့် ပုံစံမှာ မတော်တဆမဟုတ်ဘဲ အလားတူရာဇဝတ်မှုများကို မတူညီသည့် ဒေသများတွင် ထပ်ခါတလဲလဲ ကျူးလွန်ခြင်းဖြစ်ရန် လိုအပ်သည်။[63] ထို့ပြင် 'ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ' ဟူသည့် အင်္ဂါရပ်နှစ်ခုလုံးကို သက်သေပြရန် မလိုဘဲ အင်္ဂါရပ်တခုတည်းထင်ရှားရုံမျှဖြင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှု မြောက်နိုင်သည်။

62 Prosecutor v. Kunarac et al. (Judgement) ICTY IT-96-23/1-A, Appeal Chamber (12 June 2002) para.91 Available at https://www.icty.org/x/cases/kunarac/acjug/en/kun-aj020612e.pdf

63 Prosecutor v. Kunarac et al. Judgement, para.94

(...) တိုက်ခိုက်မှု တခုသည် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် တိုက်ခိုက်ခြင်းမဟုတ်လျှင် စနစ်တကျဖြင့် တိုက်ခိုက်ခြင်းဖြစ်ရပေမည်။ တိုက်ခိုက်မှုတခုတည်းတွင် ထိုအင်္ဂါရပ်နှစ်ခုလုံး ရှိနေရန်မလိုအပ်ပေ။ (...)[64]

ရောမဥပဒေ ပုဒ်မ (၇) အရ လူသားမျိုးနွယ်ကို ဆန့်ကျင်သောပြစ်မှုကို အဓိပ္ပါယ် သတ်မှတ်ရာတွင် 'အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်း'နှင့် 'ယင်းတိုက်ခိုက်မှုမှာ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျဖြစ်ခြင်း' ဟူသည့် အင်္ဂါရပ်နှစ်ခုနှင့် ညီညွတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုသို့တိုက်ခိုက်ရန် မူဝါဒ၊ အစီအမံရှိနေခြင်းကို သက်သေပြရန်မှာ အမှုနှင့်များစွာ ဆက်စပ်နေနိုင်သော်လည်း ယင်းကို အထူးတလည် သက်သေပြရန် မလိုအပ်ပေ။ တိုက်ခိုက်မှုတခု သို့မဟုတ် ကျူးလွန်သူတဦးချင်းစီ၏ ပြုလုပ်မှုများမှာ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျဖြစ်ရန်သာ လိုအပ်ပြီး အဆိုပါ မူဝါဒ၊ အစီအမံ၏ အစိတ်အပိုင်း တခုအဖြင့် ကျူးလွန်ခြင်းဖြစ်ကြောင်း သက်သေပြရန် မလိုအပ်ပေ။[65]

---

64 Ibid, para.97

65 Ibid, para.98

အခန်း (၆)

# မင်းအောင်လှိုင် အာဏာသက်လက် ကိုင်ထားရေးအတွက် ဘုံစီမံချက် (Common Plan)

## (၆.၁) လောရန့်ဂါဘိုနှင့် မင်းအောင်လှိုင်တို့ကို နှိုင်းယှဉ် သုံးသပ်ခြင်း။

၂၀၀၀ ခုနှစ်တွင် အိုင်ဗရီကို့စ်နိုင်ငံ၏ သမ္မတဖြစ်သူ လောရန့်ဂါဘိုသည် လူသားဖြစ်မှုကို ဆန့်ကျင်သော ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသည့်အတွက် ၂၀၁၁ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည်။ လောရန့်ဂါဘိုသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည့် ရွေးကောက်ပွဲရလဒ်ကို လက်မခံဘဲ နောက်ပိုင်း၌ ၎င်း၏ တပ်ဖွဲ့များနှင့် ပြိုင်ဘက်သမ္မတလောင်း ကွာတာရာတို့အကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး လူဦးရေပေါင်း သုံးထောင်ဝန်းကျင်ခန့် သေဆုံးခဲ့ရသည်။[66] ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၏ စစ်ဆေးမှုကို စတင်ခဲ့သည်။ သို့သော်လည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ဂါဘိုကို အပြစ်မရှိကြောင်း ဆုံးဖြတ်ကာ စွပ်စွဲချက်များအားလုံးကို ရုတ်သိမ်းခဲ့သည်။

တရားစွဲအရာရှိအနေဖြင့် သမ္မတဂါဘိုအား အာဏာဆက်လက် ကိုင်ထားရေးအတွက် ဘုံစီမံချက် ရှိမရှိဟူသည် အပါအဝင် အခြားစွဲဆိုထားသည့် အမှုများအတွက် မရှိမဖြစ်လိုအပ်သည့်

66 Philip Andrew Churm, –Former Ivory Coast president, Laurent Gbagbo, pardoned by Ouattara– Africanews (7 August 2022) https://www.africanews.com/2022/08/07/former-ivory-coast-president-laurent-gbagbo-is-pardoned-by-ouattara/ accessed 24 December 2022.

ပြစ်မှုအင်္ဂါရပ်များကို သက်သေအထောက် အထားများနှင့် တကွတင်ပြနိုင်ခြင်းမရှိကြောင်း တရားသူကြီး အများစုက ကောက်ချက် ချခဲ့သည်။[67]

(...) တရားစွဲအရာရှိက မစ္စတာဘာလဲဂိုဒီ နှင့် မစ္စတာဂါဘိုတို့၏ မိန့်ခွန်းများတွင် စွဲဆိုထားသည့် ပြစ်မှုများကို ကျူးလွန်ရန် အမိန့်ပေးခဲ့ခြင်း၊ သွေးဆောင်ခြင်း သို့မဟုတ် တိုက်တွန်းခြင်း တို့ ရှိခဲ့သည် ဟူသည်ကို သက်သေပြနိုင်ခြင်းမရှိ။ သို့ဖြစ်၍ စွပ်စွဲခံရသူများက နောက်ထပ်သက်သေများ တင်သွင်း ချေပရန် မလိုတော့ကြောင်း ရုံးတော်က ဆုံးဖြတ်ခဲ့သည်။[68]

အိုင်စီစီ တရားစွဲအရာရှိက အယူခံဝင်စာတစောင်ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ပြုစုတင်သွင်းခဲ့သော်လည်း အယူခံတရားရုံးက ၂၀၂၁ ခုနှစ် မတ်လ ၃၁ ရက်တွင် အများစု သဘောတူညီမှုဖြင့် အပြစ်မရှိကြောင်း စီရင်ချက်ကိုသာ ထပ်မံအတည်ပြု ဆုံးဖြတ်ခဲ့သည်။[69] အခြားပူးတွဲစွပ်စွဲခံရသူများမှလွဲ၍ လောရန့်ဂါဘိုကို ဆန့်ကျင်တင်သွင်းသော တရားစွဲအရာရှိ၏ သက်သေများမှာ 'အလွန်အင်မတန်အားနည်းကြောင်း' အယူခံတရားရုံးက တွေ့ရှိခဲ့သည်။[70]

67 ICC Trial Chamber I acquits Laurent Gbagbo and Charles Blé Goudé from all charges (15 January 2019) <https://www.icc-cpi.int/news/icc-trial-chamber-i-acquits-laurent-gbagbo-and-charles-ble-goude-all-charges>

68 ၎င်း။

69 ICC Case Information Sheet, –Situation in Cote d–Ivoire: The Prosecutor v. Laurent Gbagbo and Charles Ble Goude– (updated July 2021). https://www.icc-cpi.int/sites/default/files/CaseInformationSheets/gbagbo-goudeEng.pdf

70 ICC, –Appeals Judgment in the Gbagbo and Blé Goudé case at the ICC–, (31 March 2021). https://www.icc-cpi.int/sites/default/files/itemsDocuments/2021-03-31-gbagbo-ble-goude-judgment-faq-eng.pdf

> တရားရုံး၏ စစ်ဆေးတွေ့ရှိချက်အရ တရားစွဲအရာရှိသည် သက်ဆိုင်ရာ အမှုဖြစ်စဉ်များအတွက် မစ္စတာ ဘာလဲဂိုဒီနှင့် မစ္စတာ ဂါဘိုတို့၏ တာဝန်ရှိမှုကို သက်သေပြရန် လုံလောက်သော သက်သေအထောက်အထားများ တင်ပြနိုင်ခြင်း မရှိခဲ့ကြောင်း ဖြင့် တရားသူကြီးအများစုက သတ်မှတ်ဆုံးဖြတ်ခဲ့သည်။[71]

တရားရုံး၏ စစ်ဆေးတွေ့ရှိချက်အရ တရားစွဲအရာရှိသည် သက်ဆိုင်ရာအမှုဖြစ်စဉ်တို့တွင် မစ္စတာဘာလဲဂိုဒီနှင့် မစ္စတာဂါဘိုတို့က တာဝန်ရှိကြောင်း သက်သေပြနိုင်ရန် လုံလောက်သော သက်သေအထောက်အထားများ တင်ပြနိုင်ခြင်းမရှိခဲ့ဟု တရားသူကြီးအများစုက ထင်မြင်ယူဆကြသည်။



*Military Council Leader*
*Min Aung Hlaing*
*(PHOTO: INTERNET)*

---

71 ICC, –Questions and answers on Trial Chamber I–s Acquittal–, (16 July 2019). https://www.icc-cpi.int/sites/default/files/itemsDocuments/GBG-QA-EN.pdf

## (၆.၂) အိုင်ဗရီကို့စ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုဖြစ်စဉ် ဆက်စပ်မှု။

အိုင်စီစီ တရားရုံးက လောရန့်ဂါဘို အမှုဖြစ်စဉ်ကို စီရင်ဆုံးဖြတ်ချက် ခြင်းမပြုမီ ကိုးလခန့်က ရိုဟင်ဂျာအမှုနှင့်စပ်လျဉ်း၍ အိုင်စီစီတရားစွဲ အရာရှိ Fatou Bensouda က မိမိဆန္ဒအလျောက် စုံစမ်းစစ်ဆေးမှုကို စတင် ဆောင်ရွက်ခဲ့သည်။ ရိုဟင်ဂျာတို့၏ မူလဌာနေဒေသမှာ ရောမဥပဒေ (Rome Statue) စာချုပ်အဖွဲ့ဝင် မဟုတ်သည့် မြန်မာနိုင်ငံပိုင်နက်အတွင်း ဖြစ်စေကာမူ ၎င်းတို့အား နိုင်ငံတွင်းမှ အတင်းအကြပ် စွန့်ခွာစေခဲ့ခြင်း ကြောင့် စာချုပ်အဖွဲ့ဝင်ဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် ယခုထက်တိုင် နောက်ဆက်တွဲအကျိုးဆက်များ ရှိနေသဖြင့် ထိုအမှုဖြစ်စဉ်ကို ကိုင်တွယ် ရန် အိုင်စီစီတွင် တရားစီရင်ပိုင်ခွင့်ရှိကြောင်းဖြင့် အဆိုတင်ပြခဲ့သည်။[72]

> ပုဒ်မ ၁၂ (၂) (က) အရ အငြင်းပွားသည့် ပြုလုပ်မှုမှာ စာချုပ် အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်အတွင်း ဖြစ်ပွားခဲ့ပါက အိုင်စီစီက ၎င်း၏ တရားစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးနိုင်ရန် လုံလောက်သည့် အနေအထားဖြစ်ကြောင်း တွေ့ရသည်။ ထိုပြဋ္ဌာန်းချက်တွင် ယင်းပြုလုပ်မှုကို ကျူးလွန်ခဲ့သူမှာ အဖွဲ့ ဝင်နိုင်ငံ (ဤတွင် မြန်မာနိုင်ငံ သားများ) ၏ နိုင်ငံသားများဖြစ် ရန် မလိုအပ်ပေ။ ထို့ကြောင့် အငြင်းပွားသည့် ပြုလုပ်မှုမှာ အိုင်စီစီ အဖွဲ့ဝင်နိုင်ငံ၏ ပိုင်နက်မြေပေါ်တွင် ဖြစ်ပွားခဲ့ပါက တရားရုံးအနေဖြင့် မည်သည့် နိုင်ငံ၏ နိုင်ငံသားများကို မဆို ၎င်း၏ တရားစီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးပိုင်ခွင့်ရှိသင့် ပေသည်။[73]

---

72 ICC, Application Under Regulation 46(3), Source: Office of the Prosecutor, 9 April 2018. https://www.icc-cpi.int/sites/default/files/CourtRecords/CR2018_02057.PDF

73 ဆွီဒင်နိုင်ငံရှိ စတော့ဟုမ်း တက္ကသိုလ် ဥပဒေဌာန၏ နိုင်ငံတကာဥပဒေ ပါမောက္ခ ဒေးဗစ်ဖစ် ရှာ၏ ထင်မြင်ချက် (၁၇ ဧပြီ ၂၀၁၈)

ထို့နောက် ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၄ ရက်တွင် အိုင်စီစီတရားစွဲ အရာရှိ၏ ကမကထဆောင်ရွက်မှုဖြင့် အိုင်စီစီ အကြိုတရားခွင်တရားရုံး (၃) က မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အတွင်း ဖြစ်ပွားခဲ့သော တရားရုံးက စီရင်ပိုင်ခွင့်ရှိသည့် ပြစ်မှုများကို ဆက်လက်စုံစမ်းစစ်ဆေးသွားရန် ခွင့်ပြုခဲ့သည်။[74]

**နောက်တဆင့်။ ။** တရားစွဲအရာရှိရုံးက လိုအပ်သော သက်သေအထောက်အထားများကို ယုံကြည်စိတ်ချရသော အရင်းအမြစ်မျိုးစုံမှ လွတ်လွတ်လပ်လပ်၊ ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျဖြစ်သော အချက်အလက်ပေါ်မူတည်ကာ စတင်စုဆောင်းသွားမည်ဖြစ်သည်။ လိုအပ်သော သက်သေများ စုဆောင်းရန် လိုအပ်သည့် အနေအထားရှိနေသမျှ စုံစမ်းစစ်ဆေးမှု လုပ်ငန်းကို ဆောင်ရွက်နိုင်သည်။ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအား ပြစ်မှုကြောင်းအရ တာဝန်ရှိကြောင်း စွပ်စွဲရန် လုံလောက်သည့် သက်သေများ စုဆောင်းပြီး ဖြစ်ပါက တရားစွဲအရာရှိက ဖမ်းဝရမ်း သို့မဟုတ် ရုံးတော်ရှေ့သို့ လာရောက်ရန် ဆင့်ခေါ်စာ ထုတ်ပေးရန် အကြိုတရားခွင်တရားရုံး ၃ ၏ တရားသူကြီးများကို တောင်းဆိုရမည်။ အိုင်စီစီက ထုတ်ပေးသော ဖမ်းဆီးရန်ဝရမ်းစာကို လက်တွေ့အကောင်အထည်ဖော်ရန်မှာ နိုင်ငံများ၏ တာဝန်ဖြစ်သည်။ ရောမစာချုပ် အဖွဲ့ဝင်နိုင်ငံတို့တွင် အိုင်စီစီနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် ဥပဒေကြောင်းအရ တာဝန်ရှိသည်။ အခြားနိုင်ငံများကိုလည်း အိုင်စီစီနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်နိုင်သလို မိမိဆန္ဒအလျောက် လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည်။

74 ICC judges authorise opening of an investigation into the situation in Bangladesh/Myanmar, 4 November 2019.https://www.icc-cpi.int/news/icc-judges-authorise-opening-investigation-situation-bangladesh/myanmar

အိုင်စီစီတရားစွဲအရာရှိ၏ မြန်မာ့အရေးနှင့်စပ်လျဉ်း၍ ကြိုးပမ်းဆောင်ရွက်ချက်များမှာ ကျေနပ်အားရဖွယ် ရှိသော်လည်း သူမအနေဖြင့် ထိုအမှုဖြစ်စဉ်ကို တရားစွဲဆိုနိုင်ရန်အတွက် စုံစမ်းစစ်ဆေးမှု လုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်ရာတွင် တွန့်ဆုတ်မှုများ ရှိလာနိုင်သည်။ အကြောင်းမှာ အကြိုတရားခွင် တရားသူကြီးက မြန်မာ၊ ဘင်္ဂလားဒေ့ရှ် အရေးနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ခွင့်မပြုမီ သုံးလခန့်တွင်မှ အိုင်စီစီက လောရန့်ဂါဘိုကို အရပ်သားလူထုအား ဘုံစီမံချက် (common plan) ဖြင့် အရပ်သားလူထုကို တိုက်ခိုက်ခဲ့ခြင်း မရှိကြောင်း ဆုံးဖြတ်ခဲ့သောကြောင့်ဟု ဆိုနိုင်သည်။

> သက်သေများအား သေသေချာချာ လေ့လာသုံးသပ်ပြီးသည့်နောက် တရားစွဲအရာရှိက စွပ်စွဲထားသည့် လူသားဖြစ်မှုကို ဆန့်ကျင်သော ပြစ်မှုမြောက်ရန် လိုအပ်သည့် အဓိကအရေးပါသော ပြစ်မှုအင်္ဂါရပ်များကို တရားစွဲအရာရှိက သက်သေပြနိုင်ခဲ့ခြင်းမရှိဟု တရားသူကြီးအများစုက သဘောတူ ကောက်ချက်ချခဲ့သည်။ အထူးသဖြင့် အရပ်သားလူထုကို ဆန့်ကျင်သော ပြစ်မှု ကျူးလွန်ခဲ့ခြင်း၊ ထိုသို့ တိုက်ခိုက်ရန် မူဝါဒရှိခဲ့ခြင်း၊ ယင်းမူဝါဒရှိခဲ့သည်ဟု ကောက်ချက်ချနိုင်သော အကြမ်းဖက်မှုလက္ခဏာများ ရှိနေခြင်း၊ ဂါဘိုနှင့် ဘလဲဂိုဒီတို့က သိလျက်နှင့်ဖြစ်စေ၊ တမင်ရည်ရွယ်၍ဖြစ်စေ အဆိုပါပြစ်မှုများကို ကျူးလွန်ရန် အားပေးကူညီခဲ့ခြင်း သို့မဟုတ် ၎င်းတို့ ပြောဆိုခဲ့သည့် မိန့်ခွန်းများတွင် ကျူးလွန်ရန် အမိန့်ပေးခြင်း၊ သွေးဆောင်ခြင်းနှင့် တိုက်တွန်းခဲ့ခြင်းတို့အား ထင်ရှားစွာ သက်သေပြနိုင်ခြင်း မရှိသဖြင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ပြစ်မှုမြောက်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့သည်။[75]

---

75 ၎င်း (n 72)။

## (၆.၃) ဘုံစီမံချက် (Common Plan) နှင့် အရပ်သားလူထုအား တိုက်ခိုက်ရန် မူဝါဒ။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဘုံစီမံချက် (common plan) ဖြင့်ကျူးလွန်ခဲ့ကြောင်း သက်သေပြနိုင်ခြင်း မရှိသဖြင့် အိုင်စီစီက လောရန့်ဂါဘိုကို အပြစ်မရှိကြောင်းစီရင်ဆုံးဖြတ်ကာ တရားသေလွှတ်ပေးခဲ့သည်။ သို့ဖြစ်ရာ မင်းအောင်လှိုင်အား အိုင်စီစီတရားရုံးတွင် ရုံးတင်စစ်ဆေးခဲ့သည်ဆိုစေဦး၊ လောရန့်ဂါဘိုအမှုကဲ့သို့ အဆုံးသတ်သွားမည်လားဟု စိုးရိမ်ဖွယ်ဖြစ်သည်။ အကယ်၍သာ ထိုသို့ဖြစ်ခဲ့ပါက မြန်မာနိုင်ငံတွင် စစ်တပ်က အထိန်းအကွပ်မရှိ ပြစ်ဒဏ်ကျခံရခြင်းမရှိဘဲ ဆက်လက်လွှတ်မြောက်နေဦးမည်၊ နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများလည်း လျော့ကျသွားမည်မဟုတ်ပေ။ ထို့အပြင် စစ်ဏာရှင်စနစ်၏ ရက်စက်ကြမ်းကြုတ်သော အုပ်ချုပ်မှုလည်း သက်ဆိုးရှည်ကာ ဤသံသရာကို ဘယ်တော့ခါမှ ဟန့်တားနိုင်တော့မည် မဟုတ်ဘဲ မြန်မာနိုင်ငံသည်လည်း တည်ငြိမ်အေးချမ်းပြီး၊ တရားမျှတ၊ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတခု ဖြစ်မလာနိုင်တော့ပေ။ ထို့ကြောင့် အဓိကတာဝန်ရှိသည့် တပ်မတော်ထိပ်တန်းခေါင်းဆောင်အချို့၏ တာဝန်ခံမှုကိုရှာဖွေရန် မဖြစ်မနေလုပ်ဆောင်ရန် လိုအပ်ပေသည်။

နိုင်ငံတကာဥပဒေပါ အထက်အမိန့်ပေးပိုင်ခွင့်ရှိသူ၏ တာဝန်ရှိမှုဥပဒေသအရ အမိန့်ပေးပိုင်ခွင့်ရှိသူက ပြုလုပ်မှုတခုကို အရေးယူရန် ပျက်ကွက်ခဲ့ပါကလည်း ထိုပြုလုပ်မှုအတွက် တာဝန်ခံရမည်ဖြစ်ကြောင်း နားလည် နိုင်ပါသည်။ အဆိုပါ ဥပဒေသအောက်တွင် လက်အောက်ငယ်သားများ ကျူးလွန်သည့် ပြစ်မှုများကို သိရှိပါလျက် အထက်အကြီးအကဲများက အပြစ်ပေးအရေးယူရန်နှင့် မဖြစ်ပွားအောင် တားဆီးကာကွယ်ရန်တာဝန်တို့ကို ပျက်ကွက်ခဲ့မည်ဆိုလျှင် ရာဇဝတ်မကင်းသော တာဝန်ရှိမှုဖြင့် အထက်အကြီးအကဲများက တာဝန်ခံရမည်ဖြစ်သည်။ တပ်မတော် ထိပ်တန်းခေါင်းဆောင်များက ဤအယူအဆကို အလွဲသုံးစားပြုခဲ့ကြသည်။ အတိအကျဆိုရလျှင် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ်

ရက်စက်ကြမ်းကြုတ်စွာ ကျူးလွန်ခဲ့သော အောက်ခြေစစ်သားများကို အပြစ်ပေးအရေးယူပြီး မိမိတို့၏ တဦးချင်း တာဝန်ရှိမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ အင်းဒင်အမှုဖြစ်စဉ်ကို သာဓကအနေဖြင့် လေ့လာနိုင်ပါသည်။

တပ်မတော်အကြီးအကဲ ခေါင်းဆောင်များက ပုံမှန်အားဖြင့် မြို့တော် နေပြည်တော်ရှိ ဇိမ်ခံအဆင့်မြင့် ကွပ်ကဲရေးရုံးများမှသာ ကြီးကြပ်ကွပ်ကဲ လေ့ရှိသည်။ အကြီးအကဲခေါင်းဆောင်များသည် ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ပြစ်မှုကြီးတို့အတွက် အပြစ်ပေးအရေးယူရန်၊ ကြိုတင် တားဆီးကာကွယ်ရန် တာဝန်ကို ကျေပွန်ပြီး မိမိကိုယ်ကို အပြစ်မရှိသူများ သဖွယ် ယောင်ဆောင်ခဲ့ကြသည်။ ယခင်က ယူဂိုဆလားဗီးယား ပြည်ထောင်စုအမှုနှင့် အလားတူ စစ်ခေါင်းဆောင်များအနေဖြင့် မြန်မာ နိုင်ငံဆိုင်ရာ နိုင်ငံတကာပြစ်မှုခုံရုံး သို့မဟုတ် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး တခုခုတို့တွင် ရုံးတင်စစ်ဆေးခံခဲ့ရသည်ရှိသော် ကာကွယ်ထုချေ နိုင်ရန် ကိုယ့်ကိုယ်ကို ကြိုတင်ပြင်ဆင်ထားကြခြင်းပင်ဖြစ်သည်။ ဤအခြေအနေများကြောင့် စစ်ခေါင်းဆောင်များကို ရုံးတင်စစ်ဆေး နိုင်ရေး ရည်မှန်းချက် လက်တွေ့ဖြစ်လာခဲ့သည်ဆိုစေဦး၊ တဘက်တွင် မြေပြင်တွင် ဖြစ်ပွားခဲ့သော ရိုဟင်ဂျာများအပေါ် ကျူးလွန်သော ပြစ်မှုနှင့် အခြားတဘက်တွင် နေပြည်တော်တွင် ရုံးထိုင်သည့် မင်းအောင်လှိုင် ဦးဆောင်သော စစ်တပ်ထိပ်သီးအကြီးအကဲများ၏ တာဝန်ခံမှု၊ ဤနှစ်ခု တို့၏ ချိတ်ဆက်မှုကိုပြရန် ကွင်းဆက်သက်သေများအား ရှာဖွေစုဆောင်း တည်ဆောက်ရာတွင် အတော်အတန် ခက်ခဲစေမည်ဖြစ်သည်။ သို့သော် အနန့်ပါဖြစ်စဉ်ကို ဖော်ထုတ်ဆောင်ရွက်ခြင်းက နိုင်ငံတဝှမ်း စစ်တပ်က ကျူးလွန်ခဲ့သော ပြစ်မှုကြီး စွပ်စွဲချက်များအတွက် တာဝန်ခံမှု ရှာဖွေရေး ဖြစ်စဉ်တွင် များစွာအထောက်အပံ့ဖြစ်နိုင်သည်။

အမိန့်ပေးပိုင်ခွင့်ရှိသူ၏ တာဝန်ရှိမှုဥပဒေသ (Doctrine of Superior/Command Responsibility) မှာ အထက်အရာရှိ အကြီးအကဲက နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများကို ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်ခြင်း

မရှိသည့်အခါ၌သာ အကျုံးဝင်မှုရှိနိုင်သည်။ သို့ရာတွင် အထက်အရာရှိ အကြီးအကဲကိုယ်တိုင် အဆိုပါပြစ်မှုကို ဘုံစီမံချက်ဖြင့် ကျူးလွန်ရန် အမိန့်ပေးစေခိုင်းခဲ့သည်ဆိုလျှင် မည်သို့ဖြစ်လာမည်နည်း။ အိုင်ဗရီကို့စ်အမှုတွင် အိုင်စီစီ တရားစွဲအရာရှိက သမ္မတလောရန့်ဂါဘိုကို အဆိုပါပြစ်မှုများကို ဘုံစီမံချက်ဖြင့် ကျူးလွန်ခဲ့ကြောင်းကို သက်သေပြနိုင်ခြင်းမရှိသည့် အနေအထားဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ အခင်းအကျင်းတွင် ဝေဟင်မှ တိုက်ခိုက်မှုများ၊ တိုက်လေယဉ်များဖြင့် ဗုံးကြဲမှုများကို မင်းအောင်လှိုင်ခေါင်းဆောင်သော ထိပ်တန်းအရာရှိကြီးများ၏ အမိန့်မပါဘဲ မည်သည့်အခါမျှ ပြုလုပ်၍မရကြောင်း ခိုင်မာသည့် အချက်အလက်များက ညွှန်ပြနေသည်။ ထိုအမိန့်များမှာ တပ်မတော်က ကျင့်သုံးလျက်ရှိသည့် အမိန့်စီးဆင်းမှုစနစ်အတွင်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် တပ်မတော်၏ အမိန့်စီးဆင်းမှုစနစ်အရ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဝေဟင်မှ တိုက်ခိုက်မှုများနှင့် လေကြောင်းဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်တိုင်း ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်နှင့်အဖွဲ့တွင် အတိအလင်း တာဝန်ရှိကြောင်း မှတ်ယူနိုင်ပါသည်။ ယင်းနှင့်စပ်လျဉ်း၍ တပ်မတော်၏ အမိန့်စီးဆင်းမှုစနစ်ကို အောက်တွင် လေ့လာနိုင်ပါသည်။



Tatmadaw Officers
(Photo: Internet)

## (၆.၄) ဆင့်ကဲကွပ်ကဲမှုစနစ်

မြန်မာစစ်တပ်၏ လေကြောင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ စုစည်းဖော်ပြပေးနေသော Enemy Air Route (EAR) မှ ဖော်ပြသည့် အချက်အလက်များအရ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်နေ့တွင် တံတားဦး လေတပ်စခန်းမှ ည ၇း၄၅ မိနစ်တွင် ၂ စင်းနှင့် ၇း၄၈ မိနစ်တွင် ၁ စင်း၊ စုစုပေါင်းသုံးစင်း ထွက်ခွာလာကြောင်း သိရသည်။ အဆိုပါ လေယာဉ် ၃ စင်းမှာ ည ၈း၀၅ မိနစ်တွင် ထီးချိုင့်မြို့ကို ဖြတ်သန်း၍ မြောက်ဖက်သို့ ဆက်လက် ဦးတည် ပြန်သန်းခဲ့ပြီး ည ၈း၃၀ ခန့်တွင် အနန့် ပါဒေသကို တိုက်ခိုက်ပြီးနောက် တံတားဦးလေတပ်စခန်း သို့ ည ၉း၁၂ အချိန်တွင်တစီး၊ ၉း၁၇ တွင် တစင်း၊ ၉း၁၉ တွင် တစင်း ပြန်လည်ဆင်းသက်ခဲ့ကြောင်း သိရှိရပါသည်။[76]




Photo: Enemy Air Route

76 Enemy Air Route ကစုဆောင်းထားသည့် အချက်အလက်များ https://t.me/enemyairroute

စစ်ရေးကျွမ်းကျင်သူများအဆိုအရ ထို လေယာဉ် (၃) စင်းမှာ ရုရှားနိုင်ငံထုတ် Yakolev (Yak-13) (mitten) အမျိုးအစား လေ့ကျင့်ရေးနှင့် အပေါ့စား တိုက်လေယာဉ်များဖြစ်ပြီး တပ်မတော်တွင် လက်ရှိ (၁၈) စင်း အသုံးပြုနေ ကြောင်းသိရှိရသည်။[77] YAK-130 တိုက်လေယာဉ်များတွင် 23mm စက်သေနတ်ကြီးများအပြင် S-8KO 80mm လောင်ချာများ (HEAT)၊ S-24B 240mm (Blast Fragmentation) နှင့် S"13B 122mm (Penetrator) များကို တပ်ဆင်နိုင်ပြီး များသောအားဖြင့် S-8KO လောင်ချာများ တပ်ဆင်ပစ်ခတ်လေ့ရှိသည်။[78] ဂျက်ဖိုက်တာတစင်းသည် တချိန်ထဲတွင် လောင်ချာနှစ်လုံး ဆက်တိုက်ပစ်ခတ်နိုင်ပြီး အနန့်ပါ တိုက်ခိုက်မှုတွင် လောင်ချာခြောက်လုံးဖြင့် အသုံးပြုပစ်ခတ်ခဲ့သည်။ ထိုတိုက်လေယာဉ် (၃) စင်းဖြင့် တိုက်ခိုက်ရာတွင် 23mm စက်သေနတ်ကြီးများဖြင့် ပစ်ခတ်ခဲ့ပြီး အနည်းဆုံး ပေါင် ၅၀၀ ဗုံး (၄) လုံး ကြဲချခဲ့ကြောင်း သိရှိရပါသည်။

ဤလေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားချိန်တွင် အနန့်ပါနှင့် အနီးတဝိုက်၌ မြန်မာစစ်တပ်နှင့် ကေအိုင်အေ အပါအဝင် အခြားလက်နက်ကိုင်အဖွဲ့များ အကြား မြေပြင်တိုက်ပွဲများ ဖြစ်ပွားနေခြင်း လုံးဝမရှိပါ။ အမှန်တကယ်တွင် ထိုလေကြောင်းတိုက်ခိုက်မှု မဖြစ်ပွားမီ နှစ်လနီးပါးအထိ ဖားကန့်မြို့နယ်တွင် မည်သည့်တိုက်ပွဲမျှ မရှိခဲ့ပါ။[79]

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ညွှန်ကြားချက်ဖြင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဆဌမအကြိမ်ပြန်လည်ပြင်ဆင် ဖြည့်စွက်ပုံနှိပ်ထုတ်ဝေသော ဦးစီးတာဝန် (စ၁-၄-၁၀၇၂)

77 FlightGlobal, World Air Forces Directory 2022 available at https://www.flightglobal.com/download?ac=83735

78 Myanmar Witness, ARMS INVESTIGATION: Russian YAK-130 aircraft in Myanmar (29 July 2022) https://www.myanmarwitness.org/reports/arms-investigation-russian-yak-130-aircraft-in-myanmar accessed 6 December 2022.

79 အင်တာဗျူးအမှတ်စဉ် (၂) ၏ပြောကြားချက် (၁၇ နိုဝင်ဘာ ၂၀၂၂)

စာအုပ်၏ အခန်း (၂၅)၊ တပ်မတော်(လေ) ကဏ္ဍ စာမျက်နှာ ၂၅-၁၈၊ ၂၅-၁၉၊ ၂၅-၂၀၊ ၂၅-၂၉၊ ၂၅-၃၀ နှင့် ၂၅-၃၁ တို့တွင် စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်နေစဉ် မြန်မာစစ်တပ် - တပ်မတော် (ကြည်း၊ ရေ) တပ်ဖွဲ့များ၏ စစ်ဆင်ရေးများ အတွင်းလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ လေကြောင်းအကူအညီတောင်းခံမှုအား အောက်ပါအတိုင်း ပြုလုပ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

[ ရည်ညွှန်း ကိုးကားချက် 'စ— ]

## (၆.၅) လေကြောင်းအကူအညီတောင်းခံခြင်း

တပ်မတော် (ကြည်း၊ရေ) တပ်ဖွဲ့များ၏ စစ်ဆင်ရေးများတွင် လေကြောင်းအကူ လိုအပ်ပါက လွယ်ကူအဆင်ပြေစွာ တောင်းနိုင်ရန် အတွက် လေကြောင်းအကူတောင်းခံနည်းကို ဦးစီးအရာရှိတိုင်း သိရှိထားရန် လိုအပ်ပါသည်။ လေကြောင်းအကူ တောင်းခံရာတွင် ကြိုတင်စီစဉ်ထားသော လေကြောင်းအကူနှင့် ရုတ်ခြည်းလေကြောင်း အကူဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။

### ကြိုတင်စီစဉ်ထားသောအကူ

ဆင့်ကဲကွပ်ကဲမှုစနစ်ဖြင့် တင်ပြတောင်းခံရသည်။

### ရုတ်ခြည်းအကူ

ဆင့်ကဲကွပ်ကဲမှုစနစ်ဖြင့် ခြေလျင်စစ်ကြောင်းများမှ နည်းဗျူဟာ စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်သို့ တိုက်ရိုက်တောင်းခံခွင့်ရှိသည်။ တောင်းခံသည့်အခါ စစ်ကြောင်း၏ အထက်တပ်ဖွဲ့များသို့ မိတ္တူပေးရမည်။ တိုင်း/ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်/ တပ်မဌာနချုပ်/ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်များသို့ လေယာဉ်သုံးစွဲခွင့်အာဏာ ခွဲဝေပေးထားလျှင် လေတပ်စခန်း ဌာနချုပ်၊ လေတပ်စခန်း၊ လေတပ် (တပ်ဆွယ်) နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

လေယာဉ်များခွဲဝေပေးထားသော်လည်း သုံးစွဲခွင့်အာဏာကို အထက်မှ ချုပ်ကိုင်ထားလျှင် ကာကွယ်ရေးဦးစီးချုပ်ရုံး၊ အထူးစစ်ဆင်ရေးအဖွဲ့၊ တိုင်း/ဒေသကွပ်ကဲမှုစစ်ဌာနချုပ်/ တပ်မဌာနချုပ်/ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်များမှ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ထံသို့ တောင်းခံသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ လေကြောင်းအကူ ပေးမည်ဟု ဆုံးဖြတ်လျှင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)နှင့် ပေါင်းစပ်ညှိနှိုင်းသည်။

မှတ်ချက်။ လေကြောင်းအကူတောင်းခံပုံအတွက် ဆက်သွယ်ရေးစနစ်ကို စာမျက်နှာ ၂၅-၂၉ တွင် ဖော်ပြထားသည်။

## လေကြောင်းအကူတောင်းကြေးနန်းစာရေးပုံ

လေကြောင်းအကူတောင်းခံရာတွင် လွယ်ကူရှင်းလင်းပြီး လျင်မြန်မှုရှိစေရန်အတွက် အောက်တွင် ဖော်ပြထားသည့် စာပိုဒ်ခွဲခေါင်းစဉ်များအလိုက် (က)၊ (ခ) စသည်ဖြင့် တပ်ပြီး ကြေးနန်းရေးသားတောင်းခံရသည်။

(က) လေကြောင်းအကူ အဆင့်အတန်း
- (၁) ကြိုတင်အကူ။
- (၂) ရုတ်ခြည်းအကူ။

(ခ) လေကြောင်းအကူ အမျိုးအစား
- (၁) လေယာဉ်ဖြင့် တိုက်ခိုက်ရေး။
- (၂) ဝေဟင် ကင်းထောက်ရေး။
- (၃) လူနာရွှေ့ထုတ်ရေး။
- (၄) လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေး။
- (၅) လေကြောင်းချီတပ်များဖြင့် တိုက်ခိုက်ရေး။

(ဂ) မြေပုံညွှန်း (ဂဏန်း ၆ လုံးဖြင့် ဖော်ပြရမည်) ။

(ဃ) နောက်ဆုံးအချိန်နှင့် နေ့ရက်။

(င) အကောင်းဆုံးအချိန်နှင့် နေ့ရက်။

(စ) ဆောင်ရွက်ရမည့်တာဝန်။


(ဆ) အဓိကဆောင်ရွက်ရမည့်နေရာ။

(ဇ) မိမိတပ်နေရာ။

(ဈ) အခြားထူးခြားချက်များ။

လေကြောင်းအကူအညီတောင်းခံသည့် နမူနာပုံစံအား စာမျက်နှာ ၂၅-၃၀ တွင် ဖော်ပြထားသည်။

**လေကြောင်းအကူ တောင်းခံပုံအတွက် ဆက်သွယ်ရေးစနစ်**



## ရည်ညွှန်းချက်

ကြိုတင်စီမံထားသောအကူ။

ရုတ်ခြည်းအကူ။

ပေါင်းစပ်ညှိနှိုင်းခြင်း။

လေတပ်သို့ ညွှန်ကြားခြင်း။

အာဏာခွဲဝေပေးထားလျှင် ကွပ်ကဲရန်။

အာဏာခွဲဝေပေးထားလျှင် ကွပ်ကဲရန်။

ဝေဟင် မြေပြင် ဆက်သွယ်မှုယူရန်။

ပုံစံ၊ ဆသရ-၁ကြီး

# မှတ်ပုံတင်ကြေးနန်းစာပုံစံ

မှတ်ပုံတင်အမှတ်

| အခေါ်အမည် | အမှတ်စဉ် | ဦးစား | ညွှန်ကြားချက် |
|---|---|---|---|

(ဤမျဉ်းထူ၏ပြင်ပတွင် ဆက်သွယ်ရေးရုံးများသာ အသုံးပြုရန်)

| (ပ) ရေးသူလိပ်စာ | ရက်၊ အချိန် | လက်ခံရက်၊ အချိန် |
|---|---|---|
| အရေးယူလိပ်စာ | | ရုံး၊ ရက်စွဲ |
| တံဆိပ် | | |

မိတ္တူလိပ်စာ

ရေးသူအမှတ် -

(က) ရုတ်ခြည်း။ (ခ) လေယာဉ်ဖြင့်တိုက်ခိုက်ရေး။

(ဂ) အယ်လ် ၆၀၄၃၂၁။ (ဃ) ၂၄၁၆၅၄။ (င) မလို။

(စ) ချေမှုန်း။ (ဆ) ရွာရှေ့ တောင်ထိပ် ဘန်ကာ။

(ဇ) ပစ်မှတ်မြောက် ကိုက် ၁၀၀၀။

(ဈ) ရန်သူ့ စက်လတ် တစ်လက် အခေါ် ဇင်ယော်။

ရှင်းလင်းချက်။

(၁) အကောင်းဆုံးအချိန်နှင့် နေ့ရက်မှာမူ လောလောဆယ်ပစ်ခတ်ကူညီရမည့်အတွက် 'မလို' ဟူ၍ ဖော်ပြရမည်။

(၂) ရန်သူအား လေကြောင်းမှ တိုက်ခိုက်ရာ၌ မည်သည့်တိုက်ခိုက်မှု အမျိုးအစားလိုသည်ကို မိမိအခြေအနေအရဖော်ပြရန်။

[ ရည်ညွှန်းကိုးကားချက် –ဆုံး– ]

အထက်တွင် ရည်ညွှန်း ကိုးကားထားသော မြန်မာစစ်တပ်၏ ဦးစီးတာဂန် (စ၁-၄-၁၀၇၂) စာအုပ်ပါ ဖော်ပြချက်များအရ ဤလေကြောင်းတိုက်ခိုက်မှုမှာ မြေပြင်တိုက်ပွဲများဖြစ်ပွားနေချိန် လေကြောင်းအကူတောင်းခံ၍ စစ်ရေးပစ်မှတ်များအား ဦးတည်တိုက်ခိုက်ခြင်းမျိုး လုံးဂမဟုတ်ဘဲ လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားခြင်း အလျင်းမရှိ နေသည့် အချိန်တွင် စနစ်တကျ ကြိုတင်ပြင်ဆင်ပြီး အရပ်သားပစ်မှတ်များအား ဦးတည်တိုက်ခိုက်ခဲ့မှုဖြစ်ကြောင်း ထင်ရှားပါသည်။ အရပ်သားများကို ဦးတည်တိုက်ခိုက်ခဲ့သည့် အဆိုပါ အကြမ်းဖက် လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်တွင် အမြင့်ဆုံးတာဂန်ရှိသော မြန်မာစစ်တပ်၏ ဦးစီးကွပ်ကဲမှု တာဝန်အဆင့်ဆင့်ကို အောက်ပါဇယားတွင် ကြည့်ရှုနိုင် ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)**

| စဉ် | ရာထူး/အမည် | ကိုယ်ပိုင်အမှတ်၊ အပါတ်စဉ် | တာဂန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ကြည်း-၁၄၂၃၂ စတသ-၁၉ | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် | |
| ၂ | ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဂင်း | ကြည်း-၁၆၄၈၉ စတသ-၂၂ | ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) | |
| ၃ | ဗိုလ်ချုပ်ကြီး မောင်မောင်အေး | ကြည်း-၁၈၁၃၁ စတသ-၂၅ | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) | |
| ၄ | ဗိုလ်ချုပ် ကြီးထွန်းအောင် | လေ-၁၉၈၂ စတသ-၂၇ | ကာကွယ်ရေးဦးစီးချုပ်(လေ) | |
| ၅ | ဒုတိယဗိုလ်ချုပ် ကြီးတေဇကျော် | ကြည်း-၂၀၂၇၈ ဗကသ-၇၃ | အမှတ်(၁)စစ်ဆင်ရေး အထူး အဖွဲ့မှူး ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း) | |

| | | | | |
|---|---|---|---|---|
| ၆ | ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း | ကြည်း-၂၁၃၉၅<br>စတသ-၃၀ | စစ်ဦးစီးအရာရှိချုပ် (ကြည်း)<br>စစ်ဦးစီးဌာန(ကြည်း) | |
| ၇ | ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့် | လေ-၂၀၈၀<br>စတသ-၂၈ | စစ်ဦးစီးအရာရှိချုပ် (လေ)<br>စစ်ဦးစီးဌာန (လေ) | |
| ၈ | ဗိုလ်မှူးချုပ်ဝေလင်း | ကြည်း-၂၉---<br>စတသ-၃၉ | စစ်ဦးစီးဗိုလ်မှူးချုပ်<br>(စစ်ဆင်ရေး)<br>စစ်ဦးစီးဌာန (ကြည်း) | |
| ၉ | ဗိုလ်မှူးချုပ် | | စစ်ဦးစီးဗိုလ်မှူးချုပ်<br>(စစ်ဆင်ရေး)<br>စစ်ဦးစီးဌာန (ကြည်း) | |
| ၁၀ | ဗိုလ်မှူးချုပ်ဇော်မင်းဦး | လေ-<br>စတသ-၃၄ | စစ်ဦးစီးဗိုလ်မှူးချုပ်(လေ)<br>စစ်ဦးစီးဌာန(လေ) | |

အခန်း (၇)

# နိဂုံးချုပ်သုံးသပ်ချက်

## မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ်ကို လုံးဝ အမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် ဘုံစီမံချက် (Common Plan)

### (၇.၁) ပြစ်မှုကျူးလွန်ထားသော်လည်း ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်ကင်းနေခြင်းနှင့် ကင်းလွတ်ခွင့် တို့ကို နိုင်ငံတကာ ဥပဒေ ရှုထောင့်မှ ချဉ်းကပ်ခြင်း။

စစ်အစိုးရအဆက်ဆက်သည် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာဥပဒေကို အကြိမ်ကြိမ် ချိုးဖောက်ခဲ့သည့်အပြင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာဥပဒေစံသတ်မှတ်ချက်များ အပါအဝင် စစ်ရာဇဝတ်မှု၊ လူမျိုးတုံးသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှုတို့ကို တောက်လျှောက် ကျူးလွန်လာခဲ့သည်။ သို့သော် ပြစ်မှုကျူးလွန်သူများမှာ ပြစ်ဒဏ်ကျခံရခြင်း အလျဉ်းမရှိဘဲ ဆက်လက် လွတ်မြောက်နေသည်။ ထို့ကြောင့် စစ်တပ်အာဏာသိမ်းပြီးနောက် သွေးရူးတန်းရူးဖြင့် မင်းအောင်လှိုင် ဦးဆောင်သည့် စစ်အုပ်စုက ဖော်ပြရက်စရာမရှိလောက်အောင် ဆိုးဝါးသော ပြစ်မှုများကို သနားညှာတာစိတ်ကင်းမဲ့စွာ ဆက်လက်ကျူးလွန်လျက်ရှိသည်မှာ အံ့သြဖွယ်မဟုတ်တော့။ လက်ယက်ကုန်းနှင့် အနန့်ပါ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ်များ အပါအဝင် ဤအစီရင်ခံစာ တွင်ဖော်ပြထားသည့် တပ်မတော်၏ အဆင်အခြင်မဲ့ တိုက်ခိုက်မှုဖြစ်စဉ်များမှာ အသေးစား သာဓကများသာဖြစ်သည်။

မြန်မာနိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခမှာ နိုင်ငံတကာအသွင်မဆောင်သော်လည်း တပ်မတော်က ကျူးလွန်သော ပြစ်မှုတို့မှာ အလွန်ရက်စက်ကြမ်းကြုတ်သဖြင့် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှု

မြောက်နိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် စစ်အစိုးရအဆက်ဆက်၏ ပြစ်ဒဏ်ကျခံရခြင်းမရှိဘဲ အစဉ်လွတ်မြောက်နေမှုကို ရပ်တန့်နိုင်ရန်နှင့် ဤသို့သောပြစ်မှုမျိုး ထပ်မံမဖြစ်ပွားရန်၊ တားဆီးကာကွယ်ရန် နိုင်ငံတကာ အသိုင်းအဝိုင်း တခုလုံး တွင်တာဝန်ရှိသည်။ ထို့အပြင် စစ်အစိုးရ၏ ရွေးကောက်ပွဲ အငြင်းပွားမှု စွပ်စွဲချက်များသည် ကပ်ဘေးဆိုက်သည့် အခြေအနေသို့ ရောက်အောင် တိုင်းပြည်ကို အောက်ဆုံးထိဆွဲချသွားသည့် စစ်အာဏာသိမ်းမှု နောက်ကွယ်က တခုထဲသော အကြောင်းအရင်းတော့ မဟုတ်။ အာဏာသိမ်းမှု၏ အဓိကရည်မှန်းချက်မှာ မင်းအောင်လှိုင်၏ အာဏာဆက်လက် တည်မြဲရေးဖြစ်သည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်အာဏာသိမ်းခဲ့သည့် အကြောင်းရင်းနှင့်ဆက်စပ်၍ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ မှတ်ချက်ကို လေ့လာသင့်သည်။ ယင်းမှာ မင်းအောင်လှိုင်သည် ဇွန်လတွင် ကာကွယ်ရေး ဦးစီးချုပ်ရာထူး သက်တမ်းပြည့်မည်ဖြစ်ရာ အိုင်စီစီ၊ အိုင်စီဂျေတို့တွင် တရားစွဲဆိုထားမှု ဖြစ်စဉ်များလည်းရှိနေသဖြင့် ၎င်း အနေဖြင့် လက်တွင် အာဏာမရှိပါက ကင်းလွတ်ခွင့်မရမည်ကို စိုးရိမ်သောကြောင့် တိုင်းပြည် အာဏာသိမ်းခဲ့ခြင်းဖြစ်နိုင်သည် ဟူ၍ဖြစ်သည်။[80] သို့ဖြစ်၍ NLD အစိုးရကို ဆက်လက်အာဏာကိုင်ထားစေမည့် ၂၀၂၀ ရွေးကောက်ပွဲ ရလာဒ်ကို အသိအမှတ်ပြုမည့်အစား အာဏာသိမ်းလိုက်ခြင်း ပင်ဖြစ်သည်။ ထိုသို့ တိုင်းပြည် အာဏာလက်လွတ်ရမည့် အနေအထားက နိုင်ငံတကာ ပြစ်မှုကြီးများ ကျူးလွန်ထားသော စစ်ဗိုလ်ချုပ်ကြီးများအဖို့ နိုင်ငံတကာ တရားမျှတမှုရှာဖွေရေး ယန္တရားများ၏ အရေးယူခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် အာဏာကို ဆက်လက်ကိုင်ထားနိုင်ရေး အချက် ပေးသံကဲ့သို့ ဖြစ်လာသည်။

---

80 Press Conference on the Situation in Myanmar by Christine Schraner Burgener, the UN Special Envoy, (3 March 2021). <https://www.unmultimedia.org/avlibrary/asset/2605/2605832/> accessed 18 Nov 2021.

သို့သော်နိုင်ငံတကာအနေဖြင့် ပြစ်ဒဏ်ကျခံရခြင်းမရှိဘဲ လွတ်မြောက်နေမှုနှင့် ကင်းလွတ်ခွင့်ကိစ္စရပ်တို့ကို ကိုင်တွယ်ဖြေရှင်းနိုင်သည်ဆိုစေဦး၊ ဥပဒေစိုးမိုးရေးအခြေခံတွင် မြန်မာနိုင်ငံနှင့် သင့်တော်သော ဖက်ဒရယ်စနစ် ပေါ်ပေါက်လာရေးအတွက် လူထု၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်အတွက် မြန်မာနိုင်ငံအနေဖြင့် ထိထိရောက်ရောက် ရင်ဆိုင်ဖြေရှင်းရန် လိုအပ်ပေအုံးမည်။ သို့မှသာလျှင် တိုင်းပြည်မှာ တည်ငြိမ်၊ တရားမျှတ၊ ငြိမ်းချမ်း၊ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတခု ဖြစ်လာမည်ဖြစ်သည်။

## (၇.၂) ဖက်ဒရယ်စနစ်အခြေခံမှ ချဉ်းကပ်ခြင်း။

အာဏာသိမ်းပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ စတင်၍ အကြမ်းမဖက် အာဏာဖီဆန်သည့် လှုပ်ရှားမှုကို ဦးဆောင်ကြသော လူငယ်များက ဒီမိုကရေစီကို စတင်တောင်းဆိုခဲ့ကြသည်။ သို့သော် တိုင်းရင်းသား အဖွဲ့များက လှုပ်ရှားမှုကြီးတွင် ပါဝင်လာခဲ့ပြီးနောက်မှသာလျှင် မြောက်များစွာသော လူထုတို့က ဖက်ဒရယ်ဒီမိုကရေစီကို ရှင်းရှင်းလင်းလင်း တောင်းဆိုကြွေးကြော်လာခဲ့သည်။ ထို့ကြောင့် NLD ပါတီခေါင်းဆောင် အများစုအားဖြင့် လွှမ်းမိုးထားသော CRPH သည် ဖက်ဒရယ်စနစ်ကိစ္စရပ်နှင့် ရင်ဆိုင်လာကြရပြီး ပြည်သူလူထု၏ ဖိအားရှိလာချိန်တွင် ၎င်းကို ဖြေရှင်းရန် လိုအပ်လာခဲ့သည်။ ကံမကောင်းစွာဖြင့် များစွာသော တိုင်းရင်းသား အဖွဲ့အစည်းများနှင့် ကြိမ်ဖန်များစွာ တွေ့ဆုံဆွေးနွေးပြီးသည့်နောက်တွင် CRPH က တန်ဖိုးရှိသော ပြဋ္ဌာန်းချက်တချို့ပါဝင်သော်လည်း မသေချာမှုများစွာဖြင့် ပြည့်နှက်နေသော ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်နှင့်သာ အဆုံးသတ်ခဲ့သည်။ လက်ရှိအချိန်တွင် ရေပန်းစားလျက်ရှိသော ဖက်ဒရယ်စနစ်အားချဉ်းကပ်မှုကို ဤနိဂုံးချုပ်သုံးသပ်ချက်တွင် သင့်တင့်လျောက်ပတ်စွာ တင်ပြထားသည်။

မြန်မာနိုင်ငံနှင့်သင့်တော်သော ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေးအတွက် စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ခိုက်နေသည့်

အချိန်မှာပင် ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် ကြားကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေများ မဖြစ်မနေ ရေးဆွဲအတည်ပြု၊ လိုက်နာဖော် ဆောင်ရန်လို အပ်ပေသည်။ မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာယဉ်ကျေးမှု မထွန်းကားသောကြောင့် ခက်ခဲကြမ်းတမ်းသော အလုပ်တခုဖြစ်လာမည်မှာ မလွဲဧကန်ပင်၊ သို့သော် မဖြစ်နိုင်သည်တော့ မဟုတ်ပါ။ အထက်ဖော်ပြပါ ကြားကာလဖွဲ့စည်းပုံ အခြေခံဥပဒေများ အနေဖြင့် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ (ပထမမူကြမ်း)၊ ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေ (မူကြမ်း) ရေးဆွဲရေး နှင့်ညှိနှိုင်းမှုကော်မတီ - FCDCC ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (ဒုတိယမူကြမ်း) တို့တွင် ပါဝင်သော အဓိကအရေးပါသော စံတန်ဖိုးများ၊ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်၏ တန်ဖိုးရှိသော အစိတ်အပိုင်းအချို့၊ De jure နှင့် De facto စံနှုန်းအခြေခံ အရ ပေါင်းစပ်ဖွဲ့စည်းမှုကို တရားဝင်ဖြစ်စေမည့် ဥပဒေပြဋ္ဌာန်းချက်များ၊ မြေပြင်တွင်ဖြစ်ပျက်နေသော လက်ရှိအရင်းခံပြဿနာကိစ္စရပ်များကို ဖြေ ရှင်းနိုင်မည့် အခြားအရာများကို ထင်ဟပ်နိုင်ရန်လိုအပ်ပေမည်။

အောင်မြင်သော ဖက်ဒရယ်ပြည်ထောင်စုတရပ် ပေါ်ပေါက်လာနိုင် ရန်အတွက် မြန်မာနိုင်ငံနှင့် သင့်တော် သည့်ဖက်ဒရယ်စနစ်၏ အောက် ဖော်ပြပါ သွင်ပြင်လက္ခဏာများကို လေ့လာသင့်ပါသည်။

၁။ လူ့အခွင့်အရေးကို မြှင့်တင်၊ ကာကွယ်စောင့်ရှောက်ခြင်းသည် ထိပ်တန်း ဦးစားပေးရမည့်အရာ ဖြစ်ပေရာ လူ့အခွင့်အရေးကို ဥပဒေစိုးမိုးရေးဖြင့် ကာကွယ်စောင့်ရှောက်ရမည်ဖြစ်သဖြင့် ဥပဒေစိုးမိုးရေးကို အဓိကထား ဖော်ဆောင်ခြင်းက ပင်မဦးစားပေးဖြစ်သင့်သည်။

၂။ အစိုးရအာဏာကို ထိန်းကျောင်းကန့်သတ်သည့် အခြေခံမှ ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ်ကို အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် ဖက်ဒရယ်အဆင့်နှင့် ပြည်နယ်အဆင့်အစိုးရများက လွတ်လပ်၊ ဘက်မလိုက်၊ ထက်မြက်ပြီး လိုအပ်သည့် အရင်းအမြစ်တို့ဖြင့်

ဖြည့်ဆည်းပေးခြင်းခံရသော တရားစီရင်ရေးက ဥပဒေအရ ပြန်လည်သုံးသပ်ခြင်းအာဏာကို လက်တွေ့ကျင့်သုံးရမည်။

၃။ ကွဲပြားစုံလင်သော နိုင်ငံရေးအယူအဆများကို ကိုင်စွဲကျင့်သုံးသော နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူထုအဖွဲ့အစည်း (CSOs)[81] တို့၏ လွတ်လပ်စွာ ဖွဲ့စည်းလည်ပတ်မှုကို အာမခံပေးရန် လိုအပ်သည်။

၄။ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်များမှ လူထုများနှင့် ကွဲပြားစုံလင်သော တိုင်းရင်းသားလူနည်းစုတို့ကို အရင်းခံအားဖြင့် ကိုယ်စားပြုသည့် ရှင်းရှင်းလင်းလင်းနှင့် တာဝန်ခံမှုရှိသော ဒီမိုကရေစီအစိုးရဖွဲ့စည်းမှုမျိုး ဖက်ဒရယ်ပြည်ထောင်စု၏ အလွှာသုံးခုလုံး (ပြည်ထောင်စု၊ ပြည်နယ်နှင့် ဓုံသို့မဟုတ် ဒေသန္တရအဆင့်များ) ၌ရှိရန် လိုအပ်သည်။

၅။ တိုင်းရင်းသားပြည်နယ်တခုချင်းစီတွင် အထက်ဖော်ပြထားသော အခြေအနေလေးရပ်နှင့် ပြည့်စုံကိုက်ညီမှုရှိပြီးနောက် ပြည်နယ်၏ အချုပ်အခြာအာဏာကို ကျင့်သုံးသော မြန်မာပြည်နယ် အပါအဝင် တိုင်းရင်းသားပြည်နယ်များ၏ ပါဝင်၊ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအသစ်တရပ်ကို ဖွဲ့စည်းထူထောင်သွားရမည်ဖြစ်သည်။

---

81 မှတ်ချက်။ ဖက်ဒရယ်ပြည်ထောင်စု တခုတွင် CSOs များ၏ တည်ရှိလည်ပတ်မှုမှာ လွန်စွာအရေးကြီးပေသည်။ အကြောင်းအရင်းများစွာထဲမှ အဓိကနှစ်ခုမှာ ၎င်းတို့အနေဖြင့် အစိုးရအဆင့်ဆင့်၏ အာဏာအလွဲသုံးစားပြုမှုကို စစ်ဆေးနိုင်သည်။ ထို့ပြင် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်အသီးသီးရှိ ပြည်သူများကို ထိခိုက်စေသော ဘုံပြဿနာများကို ဖြေရှင်းချင်းဖြင့် ပြည်ထောင်စု တခုလုံး၏ စုစည်းညီညွတ်မှုကို ထောက်ကူပြုပေးနိုင်သည်။ အစိုးရအဖွဲ့အစည်းများလည်း တန်းတူတန်ဖိုးရှိပါသည်၊ သို့သော် လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း CSOs များမှာ တိုးတက်များပြားလာပြီး ကမ္ဘာ့အရေးအရာများတွင်လည်း ၎င်းတို့၏ ပါဝင်ပတ်သက်မှုများ သိသိသာသာ ရှိလာသည်။

## (၇.၃) စစ်မှန်သော ငြိမ်းချမ်းရေး ရှာဖွေမှုဖြစ်စဉ်အား အထောက်အကူပြုရန်အတွက် ဖက်ဒရယ်ပြည်ထောင်စုအဆင့်၌ ဥပဒေပြုလွှတ်တော် ဖွဲ့စည်းပြီး ယုံကြည်မှုကို ရှာဖွေခြင်း။

De jure/de facto စံနှုန်းအခြေခံနှင့် အမျိုးသားညီညွတ်ရေး အစိုးရကို ပေါင်းစပ်ဖွဲ့စည်းထားမှုမှာ ထူးခြားပေသည်။ သို့သော် ရွေးကောက်ပွဲစနစ် အားနည်းချက်ကို ကိုင်တွယ်ဖြေရှင်းရန် ဉာဏ်မြှုနှင့် မလုံလောက်။ ၂၀၂၀ ရွေးကောက်ပွဲအပါအဝင် ယခင်ရွေးကောက်ပွဲများ၌ ဥပဒေပြုလွှတ်တော်များတွင် တိုင်းရင်းသားလူနည်းစုတို့၏ ထိုင်ခုံခွဲတမ်း မှာ မှန်းချက်နှင့် နှမ်းထွက်မကိုက်ဘဲ တလွဲတချော်ရလဒ်မျိုးတို့ကိုသာ ရရှိ ခဲ့ကြသည်။ အပြန်အလှန်အားဖြင့် တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ ပြည်နယ်များက မိမိကံကြမ္မာ၊ ဥပဒေတို့ကို မိမိတို့ကိုယ်တိုင် ဖန်တီး၊ ဥပဒေ ပြုရန်ဆန္ဒရှိမှုကို ထုတ်ဖော်ပြောဆိုလာကြသည်။ ပို၍အရေးကြီးသည်မှာ အဓိကကျသော တိုင်းရင်းသား ခုခံစစ်ဆင်အဖွဲ့ကြီးများ၊ တိုင်းရင်းသား နိုင်ငံရေးပါတီများထံမှ ယုံကြည်မှုရရှိရန်နှင့် မြေပြင်တွင် ဖြစ်ပျက်နေသော အရင်းခံပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းရာလမ်းကြောင်းတွင် နိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုနှင့် ကြားနေစေ့စပ် ဖြန်ဖြေမှုတို့အတွက် တာဝန်ခံမှု ရှိသော ယန္တရားတရပ်ပါဝင်သည့် စနစ်တကျနှင့်တရားဝင်မှုရှိသော နေရာ အခင်းအကျင်းတခု လိုအပ်သည်။ လက်ရှိတွင် ဘာမျှမရှိဘဲ ဖက်ဒရယ် ပြည်ထောင်စုအဆင့်တွင် ဥပဒေပြုလွှတ်တော် တရပ်သာရှိသည့် အနေ အထားဖြစ်သည်။

၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် NLD ပါတီတခုထဲကသာ တောင်ပြို ကမ်းပြိုအနိုင်ရခဲ့သည်။[82] ထို့ကြောင့် တိုင်းရင်းသား နိုင်ငံရေးပါတီများက

82 (US-ASEAN Business Council) Myanmar Analytical Update: Ruling NLD Party Wins 2020 General Elections in a Landslide; Will Form New Government (12 November 2020) <https://www.usasean.org/article/2020/11/12/myanmar-analytical-update-ruling-nld-party-wins-2020-general-elections-landslide> accessed 16 July 2022.

ဥပဒေပြုရေးဖြစ်စဉ်နှင့် ဥပဒေအရာတို့တွင် လွှမ်းမိုးနိုင်မည့် အခွင့်အရေးဘယ်တော့အခါမှ ရရှိလာမည်မဟုတ်ဟူသော တိုင်းရင်းသား ခုခံစစ်အဖွဲ့များ၏ စိုးရိမ်ချက်မှာ တစုံတရာ ကျိုးကြောင်းဆီလျော်မှုရှိပေသည်။ ထို့ကြောင့်လည်း ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (ဝသပ) အနေဖြင့် စစ်တပ်ကအပိုင် ယူထားသော ၂၅ ရာခိုင်နှုန်းနေရာတွင် တိုင်းရင်းသားလူနည်းစုများဖြင့် အစားထိုးသင့်ကြောင်း အကြံပြုခဲ့ဖူးသည်။[83]

ဤပြဿနာကိစ္စရပ်ကို ဖြေရှင်းနိုင်ရန် နည်းလမ်းလေးသွယ်ရှိသည်။ (၁) စစ်တပ်ရယူထားသော ၂၅ ရာခိုင်နှုန်း နေရာကို အပြီးတိုင် ဖျက်သိမ်းပစ်ရမည်။ (၂) ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တွင် တိုင်းရင်းသားပြည်နယ်များ၏ အကျိုးစီးပွားအလို့ငှာ ဖက်ဒရယ်အစိုးရသို့ လွှဲအပ်ထားသော ကိစ္စရပ်များမှလွဲ၍ ကျန်ဥပဒေပြုရေး အာဏာများကို ပြည်နယ်ဥပဒေပြုလွှတ်တော်တို့တွင် ထားရှိသင့်သည်။ (၃) ဖက်ဒရယ်နိုင်ငံ တနိုင်ငံဖြစ်သော ဘယ်ဂျီယံနိုင်ငံ ကဲ့သို့ ဥပဒေပြုလွှတ်တော်များတွင် လူဦးရေအားဖြင့် အလွန်နည်းပါးသော တိုင်းရင်းသား လူနည်းစုတို့အတွက် နေရာချန်လှပ်ထားပေးသင့်သည်။[84] (၄) မဲများသူနိုင်တမ်းစနစ် (FPTP) ကို ဒုတိယအကြိမ်ယှဉ်ပြိုင်သည့်စနစ် (TRS) သို့မြှင့်တင်ကျင့်သုံးပြီး အချိုးကျကိုယ်စားပြု ရွေးကောက်ပွဲစနစ်ကိုပါ ထပ်ပေါင်းကျင့်သုံးသင့်သည်။ အတော်အတန် ရှုပ်ထွေးမှုရှိသည်ဆိုစေဦး၊ ဖက်ဒရယ်ပြည်ထောင်စုတခုလုံး၏ ရေရှည်အကျိုးစီးပွားအတွက် အကျိုးရှိမည်ဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားပြည်နယ်များ၏ အကျိုးစီးပွားအတွက် ကောင်းမွန်မည်ဖြစ်သည်။

---

83 ဝပြည်သွေးစည်းညီညွတ်ရေးပါတီ၊ –ဝ– ဗဟိုပေါ်လစီဗျူရိုကော်မတီ၊ –နိုင်ငံရေးဆွေးနွေးမှုအပေါ် –ဝ– ပြည်နယ်၏ အထွေထွေ မူဝါဒနှင့် အသေးစိတ်တောင်းဆိုချက်များ–(၃၁ ဩဂုတ် ၂၀၁၆) အပိုင်း (၃) – လွှတ်တော်၏ လွှတ်တော်အမတ်နေရာ ခွဲဝေမှုဆိုင်ရာကိစ္စ။ https://drive.google.com/file/d/1bMDbw2m0kP06fFBcv2mgnjyDcEvDyniv/view accessed 5 August 2020.

84 The Parliament of the Brussels-Capital Region in Belgium includes 17 reserved seats for the Flemish minority on a total of 89, but there are no separate electorates. <https://en.wikipedia.org/wiki/Reserved_political_positions>

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် FPTP စနစ်တခုထဲကိုသာ ခွင့်ပြုထားသည်။ ‘မြို့နယ်ကို အခြေခံသည့် မဲဆန္ဒနယ်’ ကိုသာ ပြဋ္ဌာန်းထားရာ PR စနစ်ကိုကျင့်သုံး၍မရပေ။[85] ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင်လည်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ‘မြို့နယ်မဲဆန္ဒနယ်’ ဟူသော ဝေါဟာရကို အကြိမ်ကြိမ်သုံးနှုန်းထားသည်ကိုသာ တွေ့ရသည်။[86] လွှတ်တော်ထဲတွင် တိုင်းရင်းသားလူနည်းစုများ၏ ကိုယ်စားပြုပါဝင်မှုကို မြှင့်တင်နိုင်မည့် PR ရွေးကောက်ပွဲစနစ်ကို ပိတ်ပင်ထားရာရောက်သည်။ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်တွင် ရွေးကောက်ပွဲဖြတ်သန်းရန်မလိုဘဲ တက်လာသော တိုင်းရင်းသားလူမျိုးများအတွက် လွှတ်တော်တွင် သီးသန့်နေရာ ချန်လှပ်ထားရန် ပြဋ္ဌာန်းချက်မပါရှိ။ ထို့ကြောင့် ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်မှာ ပြည်တွင်းစစ်ဖြစ်ပွားရခြင်း အကြောင်းရင်းထဲမှ တခုဖြစ်သော လူများစုဒီမိုကရေစီကို ဆက်လက်ရှင်သန်စေသည့် အရာမျှသာဖြစ်မည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ကျင်းပသော ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လွတ်လပ်မှုနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ခဲ့သည်။[87] ယေဘုယျအားဖြင့် ကော်မရှင်အဖွဲ့ဝင်အားလုံးကို ဖက်ဒရယ်ပြည်ထောင်စု၏ အဖွဲ့ဝင်ယူနစ်များဖြစ်သော တိုင်းရင်းသားပြည်နယ်များ၏ သဘောထားဆန္ဒ

85 ပုဒ်မ ၁၀၉ (က)၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ။

86 အစိတ်အပိုင်း ၁၊ အခန်း ၄၊ အပိုင်း ၃၊ အပိုဒ် (၇)၊ ဖက်ဒရယ် ဒီမိုကရေစီ ပဋိညာဉ်။

87 Nehginpao Kipgen, –The 2020 Myanmar Election and the 2021 Coup: Deepening Democracy or Widening Division?– (2021) 52 Asian Affairs 1, 5-11; Su Mon Thant and Nicholas Ross, –Myanmar–s electoral management institutions: the challenges of monitoring– (New Mandala 30 September 2020) <https://www.newmandala.org/myanmars-electoral-management-institutions-the-challenges-of-monitoring-the-2020-elections/> accessed 18 March 2022; Soe Thu Aung, –2020 Myanmar elections see more electoral disputes than previous elections– (Mizzima 21 November 2020) <https://www.mizzima.com/article/2020-myanmar-elections-see-more-electoral-disputes-previous-elections> accessed 18 March 2022.

မပါဝင်ဘဲ[88] သမ္မတတဦးထဲက ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သည်။[89] လွတ်လပ်မှုရှိသော ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းရေးနှင့်ဆက်စပ်၍ ပဋိညာဉ်တွင်မတွေ့ရ။[90] ထို့အပြင် ပဋိညာဉ်တွင် နိုင်ငံတော် အတိုင်ပင်ခံ ပုဂ္ဂိုလ်ရာထူးကို ထပ်မံထည့်သွင်းထားပြီး ယခင်ကအမှားမျိုးကို ဆက်လက်ပြုလုပ်ထားသည်။[91] ပဋိညာဉ်အရ နိုင်ငံတော်အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် အုပ်ချုပ်ရေးတွင် အမြင့်ဆုံးပုဂ္ဂိုလ်ဖြစ်သော ဝန်ကြီးချုပ်၏ အထက်တွင်ရှိ နေသည်။[92] ဤရာထူးအင်္ဂါစဉ်ကိုကြည့်လျှင် ပါလီမန်စနစ် ကျင့်သုံးကြသော ဒီမိုကရက်တစ်နိုင်ငံတို့၏ ကျင့်စဉ်တို့နှင့် ဆန့်ကျင် နေသည်။ ထို့ပြင် ပဋိညာဉ်တွင် သမ္မတနှင့် ဒုတိယသမ္မတများကို ရွေးချယ် တင်မြှောက်ရန် သမ္မတရွေး ကောက်ပွဲစနစ်ကို မည်သို့ကျင်းပမည် ဖြစ်ကြောင်းမတွေ့ရ။ ၎င်းတို့၏ရာထူးများကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှ ဆွဲယူတုပထားဖွယ်ရှိသည်။[93] အထက်ပါအချက်များကိုကြည့်လျှင် အတိတ်ကာလက အမွေအနှစ်ဆိုးအမှားများကို ပဋိညာဉ်တွင် စုစည်း ပေါင်းစပ်ထားသည်ကို တွေ့ရသည်။

အထက်ပါအခြေအနေများနှင့် ဆက်စပ်၍ ၂၀၂၀ ရွေးကောက်ပွဲ ရလဒ်၏ တရားဝင်မှုကို အသိအမှတ်ပြုသည် ဆိုလျှင်ပင် ဖက်ဒရယ် ပြည်ထောင်စုအဆင့် ဥပဒေပြုလွှတ်တော်ကို ၂၀၂၀ ရွေးကောက်ပွဲတွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော ကိုယ်စားလှယ်များဖြင့်သာ မဖွဲ့စည်းသင့်။

---

88 ဖက်ဒရယ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ဖွဲ့အစည်းပုံအခြေခံဥပဒေ (ဒု မူကြမ်း)၊ ပုဒ်မ ၁၈၇။

89 ပုဒ်မ ၃၉၈၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ။

90 အစိတ်အပိုင်း ၁၊ အခန်း ၄၊ အပိုင်း ၃၊ အပိုဒ် ၁၅ (ခ)၊ ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်။

91 ၎င်း၊ အစိတ်အပိုင်း ၂၊ အခန်း ၃၊ အပိုဒ် ၇(ခ)။

92 ၎င်း။

93 မှတ်ချက်။ ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်စေလွှတ်သည့် စစ်ဗိုလ်ချုပ်ကို သမ္မတ (သို့) ဒုသမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခွင့်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မကျင့်သုံးပါ။ ထို့ပြင် ၂၀၀၈ အခြေခံဥပဒေအောက်တွင် ကျင့်သုံးသည့် သမ္မတ ရွေးချယ်တင်မြှောက်ပုံစနစ်မျိုးကလည်း အခြားသမ္မတစနစ်ကျင့်သုံးသည့် နိုင်ငံများ၏ ကျင့်သုံးမှုမျိုးနှင့် ဆန့်ကျင်နေသည်။

ကိုယ်စားပြုမှုမရှိဘဲ အခွန်ကောက်ခံပိုင်ခွင့်မရှိ[94]ဟူသော မူစည်းမျဉ်းကို တိုင်းရင်းသားပြည်နယ်များ၏ ရှုထောင့်မှနေ၍ အလေးထားသင့်သည်။ ဤကိစ္စရပ်ကို ဖြေရှင်းနိုင်ရန်အတွက် ဖက်ဒရယ်လွှတ်တော်ကို အောက်ပါ အစိတ်အပိုင်းများ ပါဝင်စေ၍ ယခုကြားကာလ၏ ပထမအဆင့်တွင် ဖွဲ့စည်းသင့်ပါသည်။

(၁) ၆၅ ရာခိုင်နှုန်းကို ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပြည်ထောင်စု လွှတ်တော်သို့ ရွေးကောက်ခံရသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်။

(၂) ၃၅ ရာခိုင်နှုန်းကို ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ် တခုချင်းစီအတွင်းရှိ တိုင်းရင်းသား ခုခံစစ်ဆင် အဖွဲ့ကြီးများ[95]က ရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များ၊ သို့မဟုတ် အဖွဲ့ဝင်ပြည်နယ်တခုအတွင်း အဖွဲ့ တခုထက်ပိုရှိလျှင် ၎င်းတို့အချင်းချင်း ညှိနှိုင်းရွေးချယ်စေလွှတ်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန်။

---

94 No taxation without representation

95 တိုင်းရင်းသား ခုခံစစ်ဆင်အဖွဲ့ကြီးများ (EROs) ၏အဓိပ္ပါယ်ဖွင့်ဆိုခြင်း။ အောက်ပါ အင်္ဂါရပ်အားလုံးနှင့် ပြည့်စုံသော အဖွဲ့အစည်းအား တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းအဖြစ် သတ်မှတ်သည်။

(က) ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေးအတွက်ဖြစ်စေ၊ အခြားနိုင်ငံရေးအတွေးအခေါ်အခြေခံတရပ်ရပ်ကို ကိုင်စွဲ၍ဖြစ်စေ၊ စစ်အာဏာရှင်စနစ်နှင့် ယင်းကိုဖော်ဆောင်လျက်ရှိသော မြန်မာစစ်တပ်တို့အား ဦးတည်ပြီး အဆက်မပြတ်တိုက်ပွဲဝင်ခဲ့သည့် အတွေ့အကြုံ သို့မဟုတ် အစဉ်အလာ အနည်းဆုံး (၁၀) နှစ်ရှိခဲ့ခြင်း။

(ခ) ရှင်းလင်းသော နိုင်ငံရေးရည်မှန်းချက်နှင့် နိုင်ငံရေးဦးဆောင်မှုရှိသော လွတ်လပ်သည့် အဖွဲ့အစည်းဖြစ်ခြင်း။ မြန်မာစစ်တပ် (တပ်မတော်) ၏ ကွပ်ကဲမှုအောက်တွင် တနည်းနည်းဖြင့် ကျရောက်နေသောအဖွဲ့အစည်း မဟုတ်ခြင်း။ မိခင်တိုင်းရင်းသားခုခံစစ်ဆင် အဖွဲ့အစည်းကြီး တရပ်ရပ်ကို ကျောခိုင်းပြီး ထပ်မံတည်ထောင်ထားသည့် အဖွဲ့အစည်း မဟုတ်ခြင်း။

(ဂ) အဆိုပါနိုင်ငံရေးဦးဆောင်မှုအောက်တွင် စနစ်တကျဖွဲ့စည်းထားပြီး လက်နက်ကိုင်အင်အားအနည်းဆုံး (၁၀၀၀) တထောင်မှ အထက်ဖြင့် ဖွဲ့စည်းထားသည့် လက်နက်ကိုင် တပ်မတော်ရှိခြင်း။

(ဃ) ၎င်းအဖွဲ့အစည်းက လွှမ်းမိုးထားသော (တနည်းအားဖြင့်) ထိန်းချုပ်လှုပ်ရှားနိုင်သော နယ်မြေရှိခြင်း။

(င) စစ်အာဏာရှင်စနစ်ကို ပြတ်သားစွာ ဆန့်ကျင်ရပ်တည်ပြီး လက်ရှိ CDM လှုပ်ရှားမှုကြီးတွင် ပါဝင်လျက် ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေသော ပြည်သူလူထုများအား ကာကွယ်စောင့်ရှောက်လိုသည့် သဘောထား အခိုင်အမာရှိခြင်း၊ စစ်ကောင်စီနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း။

## (၇.၄) နိုင်ငံတကာဥပဒေအား လေးစားလိုက်နာရန် နိုင်ငံများ၏ တာဝန်ရှိမှု

၂၀၀၁ ခုနှစ် နိုင်ငံတကာအဆင့် မှားယွင်းသော ပြုလုပ်မှုများအတွက် နိုင်ငံများ၏ တာဝန်ရှိမှုဆိုင်ရာ ပုဒ်မမူကြမ်း (၂၀၀၁) များအရ နိုင်ငံများ အနေဖြင့် မဖြစ်မနေလိုက်နာရန် လိုအပ်သည့် နိုင်ငံတကာဥပဒေသများ (jus cogens) ကို ချိုးဖောက်သော ပြုလုပ်မှု၊ ပျက်ကွက်မှုများ အပါအဝင် နိုင်ငံတကာအဆင့် မှားယွင်းသော ပြုလုပ်မှုများ၊ ပျက်ကွက်မှုများအတွက် သက်ဆိုင်ရာ နိုင်ငံအစိုးရတို့တွင် တာဝန်ရှိသည်။[96] အဆိုပါ နိုင်ငံတကာ ဥပဒေစံထားချက်များအား ချိုးဖောက်မှုဟုဆိုရာတွင် လူမျိုးတုံးသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှု၊ ညှင်းပန်း နှိပ်စက်မှု စသဖြင့်ပါဝင်သည်။ တပ်မတော်က ထိုသို့သော ပြစ်မှုများကို ကျူးလွန်ခဲ့ကြောင်း စွဲချက်များဖြင့် မြန်မာနိုင်ငံကို ကမ္ဘာ့တရားရုံး အိုင်စီဂျေတွင် စစ်ဆေးလျက်ရှိပြီး[97] ၂၀၂၁ ခုနှစ် အာဏာမသိမ်းခင်ကာလအထိ ကျူးလွန်ခဲ့သော ပြစ်မှုအားလုံး သက်ဆိုင်အကြုံးဝင်သည်။ နိုင်ငံတကာအဆင့် ပြစ်မှုကြီးများအတွက် တဦးချင်းအရ တာဝန်ရှိမှုကိုမူ အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာတရားရုံး အိုင်စီစီတွင် စစ်ဆေးလျက်ရှိသည်။[98]

မြန်မာနိုင်ငံတွင် ကျူးလွန်သော နိုင်ငံတကာအဆင့်ပြစ်မှုကြီးများ အဓိကပါဝင်သော အခြေအနေများကို ကိုင်တွယ်ဖြေရှင်းရန်ကြိုးပမ်းရာတွင် နိုင်ငံတကာအသိုင်းအဝိုင်းတခုလုံး အထူးသဖြင့် 'နိုင်ငံများ' တွင် ဥပဒေ

---

96 Art. 1 and cf. Art. 26. <https://legal.un.org/ilc/texts/instruments/english/draft_articles/9_6_2001.pdf> accessed 6 January 2022.

97 International Court of Justice (ICJ); 2021 28 January General List No. 178. Application of the Convention on the Prevention and Punishment of the Crime of Genocide (THE GAMBIA v. MYANMAR), ORDER. <https://www.icj-cij.org/public/files/case-related/178/178-20210128-ORD-01-00-EN.pdf>

98 ICC judges authorize opening of an investigation into the situation in Bangladesh/Myanmar, ICC Press Release (14 November 2019). <https://www.icc-cpi.int/Pages/item.aspx?name=pr1495>.

စိုးမိုးရေးကို ဦးတည်လျက် အပြည်ပြည်ဆိုင်ရာ ဥပဒေစိုးမိုးရေးကို လိုက်နာဖော်ဆောင်ရန် တာဝန်ရှိပါသည်။

အထွေထွေနိုင်ငံတကာဥပဒေအနေဖြင့် မဖြစ်မနေလိုက်နာရမည့် နိုင်ငံတကာဥပဒေစံထားချက် (jus cogens) များသည် အသွင်လက္ခဏာအရဖြစ်စေ၊ သက်ရောက်မှုအရဖြစ်စေ နိုင်ငံတကာဥပဒေ အခြားစံချိန်၊ စံနှုန်းများအားလုံး၏ အထက်တွင်ရှိကြောင်း နိုင်ငံတကာဥပဒေကော်မရှင်က မီးမောင်းထိုးပြထားသည်။[99] သို့ဖြစ်၍ နိုင်ငံတကာအဆင့်ပြစ်မှုကြီးများ ကျူးလွန်ခဲ့ကြောင်း စွဲချက်တင်ခံထားရသော မင်းအောင်လှိုင်ခေါင်းဆောင်သည့် တပ်မတော်မှ ပြစ်မှုကျူးလွန်သူ တရားခံများကို တာဝန်ခံမှုရှာဖွေရန်အတွက် အပြစ်ပေးအရေးယူရမည်ဖြစ်သည်။ jus cogens စံထားချက်ကို လိုက်နာမည်၊ မလိုက်နာမည်မှာ နိုင်ငံများသို့မဟုတ် အစိုးရလက်နက်ကိုင်မဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ၏ သဘောထားဆန္ဒအပေါ်တွင် မူတည်ခြင်းမရှိ။ တကမ္ဘာလုံးရှိ နိုင်ငံအားလုံးက ချွင်းချက်မရှိ လိုက်နာကြရမည်ဖြစ်သည်။ နိုင်ငံများအနေဖြင့် အဆိုပါတာဝန်ရှိမှုကို –လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အပစ်အခတ်ရပ်စဲမှု–[100] ကဲ့သို့ မိမိဘာသာ အထူးစည်းမျဉ်းများ ဖန်တီးကာ ရှောင်လွှဲပိုင်ခွင့်မရှိပေ။[101] ယင်းမှာ စစ်အာဏာရှင်စနစ်ကိုသာ သက်ဆိုးရှည်စေမည်ဖြစ်သည်။ ကော်မရှင်၏ jus cogens စံချိန်စံနှုန်းဆိုင်ရာ သတ်မှတ်ချက်များကို ၁၉၆၉ ခုနှစ် ဗီယင်နာကွန်ဗင်းရှင်း၏ ပုဒ်မ ၅၃ တွင် ပါဝင်သော အဓိပ္ပာယ်ဖွင့်ဆိုချက်မှ ထုတ်နုတ်ယူထားခြင်းဖြစ်သည်။ သို့ဖြစ်၍ နိုင်ငံ

---

99 United Nations General Assembly, –Draft report of the International Law Commission on the work of its seventy first session–, conclusion (8), (12 June 2019). < https://legal.un.org/ilc/reports/2019/english/chp5.pdf>

100 ဥပဒေအထောက်အကူပြုကွန်ရက်၊ မြန်မာစစ်ကောင်စီနှင့် ရက္ခိုင့်တပ်တော်တို့ကြား အပစ်ရပ်သဘောတူညီချက်အပေါ် ဥပဒေရေးရာသုံးသပ်ချက် (ပထမပိုင်း) <https://bit.ly/3WSp2lo>

101 ILC, –Report of the International Law Commission on the Work of its 71st Session– (29 April-7 June and 8 July-9 August 2019) UN Doc A/74/10, p. 155, Conclusion (3), para 12.

တကာ အသိုင်းအဝိုင်းတခုလုံးက လက်ခံအသိအမှတ်ပြုထားသော jus cogens စံချိန်စံနှုန်းများနှင့် ဆန့်ကျင်ပါက မည်သည့်နိုင်ငံတကာ သဘောတူစာချုပ်မဆို ပျက်ပြယ်သည်။[102]

## (၇.၅) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုကို လမ်းကြောင်းသစ်မှချဉ်းကပ်ခြင်း။

မြန်မာနိုင်ငံအခင်းအကျင်းအတွင် တာဝန်ခံမှုဆိုင်ရာ ပြဿနာကို ဥပဒေစိုးမိုးရေး အခြေခံမှနေ၍ ထိထိရောက်ရောက် ဖြေရှင်းနိုင်ခြင်းမရှိလျှင် စစ်မှန်သော ငြိမ်းချမ်းရေးကို မည်သည့်အခါမှ ရရှိနိုင်လိမ့်မည်မဟုတ်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားသည့် နိုင်ငံတို့၏ အတွေ့အကြုံများအရ တွေ့ဆုံဆွေးနွေးရေး လမ်းကြောင်းမှတဆင့် အောင်မြင်သော ရလဒ်ကောင်း တခုကို ရရှိခဲ့ကြသည့်တိုင် တဖက်တွင် ပြစ်မှုကျူးလွန်သူအားလုံးကို အပြစ်ပေး အရေးယူနိုင်ခြင်း မရှိခဲ့ကြသဖြင့် ဥပဒေစိုးမိုးရေးကို အပြည့်အဝ ဖော်ဆောင်နိုင်ခြင်းမရှိခဲ့ကြ။ သို့သော် အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ရှာဖွေခြင်းဆိုင်ရာ အယူအဆကို ကျင့်သုံးပြီး တာဝန်ခံမှုကိစ္စရပ်ကိုမူ အတိုင်အတာတခုအထိ ဖြေရှင်းနိုင်ခဲ့ကြသည်။[103] မြန်မာနိုင်ငံတွင်မူ 'အမျိုးသားပြန်လည်သင့်မြတ်ရေး' ဟူသော စကားလုံးကို အစဉ်တစိုက် ထပ်ခါတလဲလဲ ရေရွတ်ပြောဆိုခဲ့ကြသော်လည်း အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ရှာဖွေခြင်းဆိုင်ရာ အစီအမံများကို မည်သည့်အခါကမျှ ချမှတ်ဖော်ဆောင်ခြင်းမရှိခဲ့။ အပြင်းထန်ဆုံးသော နိုင်ငံတကာအဆင့်

---

102 1969 Vienna Convention, Article 53 and 64.

103 United Nations, Building Just societies: Reconciliation in transitional settings, Workshop report, AccrA, GhAnA, (5-6 June 2012) 6. https://www.un.org/peacebuilding/sites/www.un.org.peacebuilding/files/documents/12-58492_feb13.pdf မှတ်ချက် - မြန်မာနိုင်ငံ၌ –အမျိုးသားပြန်လည်သင့်မြတ်ရေး– ဟူသော ဝေါဟာရ စကားလုံးကို အစဉ်တစိုက် ပြောဆိုသုံးနှုန်းမှုများရှိခဲ့စေကာမူ အနည်းဆုံးအားဖြင့် လွန်ခဲ့သော ဆယ်စုနှစ်သုံးခုကျော်ကြာကာလအတွင်း ဖော်ပြပါပြန်လည် သင့်မြတ်ရေး အယူအဆနှင့် ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်တို့ပေါ်ပေါက်ခဲ့ခြင်းမရှိသည်မှာ အတိအလင်းပင်ဖြစ်သည်။

ပြစ်မှုကြီးများကို ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်သူများကို လွယ်ကူရိုးရှင်းသော အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ရှာဖွေခြင်း ဆိုင်ရာ အယူအဆဖြင့်ပင် ဖြေရှင်းနိုင်ခြင်းမရှိခဲ့သဖြင့် မြန်မာနိုင်ငံသည် အခြား နိုင်ငံများနှင့် ကွာခြားသည်ဟုဆိုနိုင်သည်။ တာဝန်ခံမှုကို ရှာဖွေရာ၌ အနိမ့်ဆုံးအားဖြင့် အသစ်သော တိုင်းပြည်လုံခြုံရေးဆိုင်ရာ အဆောက် အအုံများနှင့် လွတ်လပ်သော တရားစီရင်ရေးတို့က လူ့အခွင့်အရေးကို အဓိက ကာကွယ်စောင့်ရှောက်၊ တိုးမြှင့်ဖော်ဆောင်သည့် အခြေခံဖြင့် ပေါ်ပေါက်လာသည့်အချိန်အထိ ရှာဖွေရမည်ဖြစ်သည်။ ဤအယူအဆကို အထောက်အပံ့ပြုရန်အတွက် ဥရောပသမဂ္ဂ၏ ရပ်တည်ချက်ကို လေ့လာ အပ်ပေသည်။

ဥရောပသမဂ္ဂအနေဖြင့် ပုံမှန်အသွင်ကူးပြောင်းရေးကာလ တရား မျှတမှု ရှာဖွေခြင်းဆိုင်ရာ အစီအမံများကို ချမှတ်ဖော်ဆောင်ခြင်းအပြင် ပြစ်ဒဏ်ကင်းလွတ်နေမှုကို အဆုံးသတ်ခြင်း၊ တာဝန်ခံမှုရှာဖွေခြင်းတို့ အပေါ်တွင်လည်း အရေးစိုက်လာပြီဖြစ်သည်။ ဤသည်က တရားမျှတမှု တခုတည်းထက် ဥပဒေစိုးမိုးရေးကို ပြန်လည်တည်ဆောက်ခြင်း၊[104] အားကောင်းခိုင်မာအောင် ပြုလုပ်ခြင်းတို့တွင် ပိုမိုအထောက်အပံ့ ဖြစ်လာ မည်ဖြစ်သည်။ ဥရောပသမဂ္ဂ၏ ထိုအစီအစဉ်မှာ နည်းလမ်းသုံးသွယ်ဖြင့် အရေးပါသည်ကိုတွေ့ရသည်။ ပထမအချက်အနေဖြင့် ပြစ်မှုကြောင်းအရ တရားမျှတမှုရှာဖွေမှု၏ အရေးကြီးပုံကို မီးမောင်းထိုးပြခြင်း၊ 'နိုင်ငံတကာ ဥပဒေအရ ပြင်းထန်ဆိုးဝါးသော ပြစ်မှုကြီးများ'ကို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုရန်မှာ နိုင်ငံများ၏ တာဝန်ဖြစ်ကြောင်း နိုင်ငံများအား ပြန်လည် သတိပေးထားခြင်းတို့ဖြစ်သည်။[105] ဒုတိယအချက်မှာ ရောမဥပဒေ၏ ပုဒ်မ (၁) တွင် ပြဋ္ဌာန်းထားသော ဖြည့်ဆည်းမှုဆိုင်ရာမူ (Complementarity

104 ဥရောပသမဂ္ဂအီးယူ၏ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု ရှာဖွေခြင်းဆိုင်ရာ မူဝါဒ မူဘောင် (၂၀၂၀)။ https://eeas.europa.eu/archives/docs/top_stories/pdf/the_eus_policy_framework_on_support_to_transitional_justice.pdf

105 ၎င်း၊ EU 5.

principle) ကို ကျင့်သုံးပြီး နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး (ICC) ၏ အခန်းကဏ္ဍကို လေးနက်စေခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းဥပဒေဆိုင်ရာ ယန္တရားတို့အကြား ကွာဟချက်ကို ဖြည့်ဆည်းပေးရန်အတွက် ကြိုးပမ်းအား ထုတ်ထားခြင်းတို့ဖြစ်သည်။[106] တတိယအချက်အနေဖြင့် ပဋိပက္ခများ ပြန်လည်ဖြစ်ပွားခြင်းကို တားဆီးရန် ဥပဒေစိုးမိုးရေး၏ အရေးပါသော အခြေခံအုတ်မြစ်တခုဖြစ်သည့် တိုင်းပြည်အဆောက်အအုံ ပြုပြင်ပြောင်းလဲမှု၏ အခန်းကဏ္ဍကို အလေးထားဆောင်ရွက်ခြင်းတို့ဖြစ်သည်။[107]

## (၇.၆) အမေရိကန်နိုင်ငံ၏ ၂၀၂၃ ခုနှစ် အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့်ဆိုင်ရာ အက်ဥပဒေ (NDAA) ကို တိုင်းရင်းသား လူမျိုးတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့် ရှုထောင့်မှနေ၍ လေ့လာသုံးသပ်ခြင်း။

မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေနှင့်စပ်လျဉ်း၍ အမေရိကန်နိုင်ငံတွင် အဆိုပါအက်ဥပဒေ[108] ပေါ်ပေါက်လာခြင်းကို ကြိုဆိုအသိအမှတ်ပြုရမည်ဖြစ်သည်။ ၎င်းသည် ဖက်ဒရယ်အစိုးရပုံစံ ဖွဲ့စည်းနိုင်ရေးအတွက် ဦးတည်ကြိုးပမ်းနေသော လူနည်းစုများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်မှုကို အဓိကထားပြီး အရင်းခံပြဿနာ အတော်များများကို ဖြေရှင်း

106 ၎င်း၊ EU 3. – နိုင်ငံတကာနှင့် နိုင်ငံများအကြား တရားမျှတမှုရှာဖွေရေး လုပ်ငန်းစဉ်တွင် ဖြည့်ဆည်းဆက်စပ်ပေးနိုင်ရေး လမ်းညွှန်ချက်အတိုင်း ဥရောပသမဂ္ဂနှင့် အဖွဲ့ဝင်နိုင်ငံများက ရောမဥပဒေပါ တာဝန်ဝတ္တရားများအား ကျေပွန်စွာ လိုက်နာလာနိုင်စေရေး ရည်ရွယ်ချက်ဖြင့် တတိယနိုင်ငံများ၏ လုပ်ကိုင်နိုင်စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်၊ အားကောင်းခိုင်မာလာစေရေးတို့တွင် လိုအပ်သော အထောက်အပံ့အကူအညီများ ပေးအပ်လျက်ရှိသည်။ ဥပမာအားဖြင့် ရောမဥပဒေကို လိုက်နာအကောင်အထည်ဖော်မည့် အမျိုးသားအဆင့် ဥပဒေပြုရေးကို တိုးမြှင့်ဖော်ဆောင်ခြင်း၊ ပြစ်မှုကြောင်းအရ တရားမျှတမှုပေါ် အခြေခံသော တရားမျှတမှုရှာဖွေခြင်းနှင့် ဥပဒေစိုးမိုးရေးအစီအစဉ်တို့တွင် ဖြစ်သည်။

107 ၎င်း၊ EU 7.

108 အမေရိကန်နိုင်ငံ၏ ၂၀၂၃ ခုနှစ် အမျိုးသားကာကွယ်ရေးလုပ်ပိုင်ခွင့်ဆိုင်ရာ အက်ဥပဒေ (NDAA)။ ဤလင့်ခ်တွင် ဖတ်ရှုနိုင်သည်။ <https://www.congress.gov/bill/117th-congress/house-bill/5497/text>

နိုင်ရန် ကြိုးပမ်းထားသော အက်ဥပဒေတခုဖြစ်သည်။[109] ဤဥပဒေမှာ အထူးသဖြင့် မြန်မာလူထုနှင့် တိုင်းရင်းသားလူမျိုးများအပေါ် လူ့အခွင့်အရေးချိုးဖောက်သူများ၊ ပြစ်မှုကြီးများကို ကျူးလွန်သူများ၏ တာဝန်ခံမှုအားရှာဖွေနိုင်ရန် ဖြစ်သည်။[110] လူထုတရပ်လုံးဟူသည်ထက် တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးကို အလေးထားဆောင်ရွက်သည့် အက်ဥပဒေဖြစ်သည်မှာလည်း အတိအလင်းထင်ရှားသည်။

ထို့ပြင် အဆိုပါဥပဒေက မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်နယ်များအတွင်းနှင့် ပြည်နယ်တို့အကြား၌ ဖက်ဒရယ်စနစ် ပိုမိုခိုင်မာလာစေရန် ရည်ရွယ်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များအား လွယ်ကူချောမွေ့စွာ ပံ့ပိုးပေးနိုင်ရန်အတွက် အမေရိကန်အစိုးရကို လုပ်ပိုင်ခွင့် ထပ်လောင်းပေးထားသည်။[111] NDAA နှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိုင်းအဝိုင်းမှလွဲ၍ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအားလုံးအနေဖြင့် ဥပဒေတွင် –ဖက်ဒရယ်အစိုးရပုံစံ—နှင့်—ဖက်ဒရယ်စနစ်— ဟူသော ဝေါဟာရအား ဖော်ပြပြီးမှသာ တိုင်းရင်းသားပြည်နယ်များဟု ဖော်ပြသုံးနှုန်းထားခြင်းကို သတိပြုလေ့လာသင့်သည်။ ထို့ကြောင့် အဆိုပါဝေါဟာရမှာ သီးခြားလွတ်လပ်သော တိုင်းရင်းသား ပြည်နယ်များမဟုတ်ဘဲ ဖက်ဒရယ်မူဘောင်အတွင်းနှင့် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းရာတွင် ပါဝင်သော တိုင်းရင်းသားပြည်နယ်များကိုသာ ရည်ညွှန်းသည်မှာ သိသာသည်။ ယင်းနောက် အမျိုးသားကာကွယ်ရေး လုပ်ပိုင်ခွင့်ဆိုင်ရာ အက်ဥပဒေတွင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအတွက် နည်းပညာနှင့် လူ့အသက်ကို မသေစေနိုင်သော အကူအညီများ ပေးအပ်သွားရန် အမေရိကန်အစိုးရကို လုပ်ပိုင်ခွင့်ပြုထားသည်။

109 NDAA ၊ အပိုင်း (၁) - မြန်မာနိုင်ငံ၏ပဋိပက္ခဆိုင်ရာအကြောင်းအရာများ၊ ပုဒ်မ ၅၅၆၉၊ မူဝါဒထုတ်ပြန်ချက်၊ အပိုဒ် (၃)။

110 ၎င်း၊ အပိုဒ် (၄)။

111 ၎င်း၊ အပိုင်း ၃၊ မြန်မာနိုင်ငံအတွက် အကူအညီပေးအပ်ခြင်းအတွက် လျာထားချက်၊ ပုဒ်မ ၅၅၇၅၊ လျာထားချက်ဆိုင်ရာအတွက် အထွေထွေခွင့်ပြုချက်၊ အပိုဒ် (၁)။

အမေရိကန်နိုင်ငံသမိုင်းတွင် ယခင်က ယင်းကဲ့သို့ တိုင်းရင်းသားလူမျိုးများနှင့် ၎င်းတို့၏ ကိုယ်စားပြုအဖွဲ့အစည်းတို့ကို စနစ်တကျနှင့် တရားဝင်အသိအမှတ်ပြုမှု မည်သည့်အခါကမျှ မရှိခဲ့ဖူးပါ။ အခြားနိုင်ငံတို့ကလည်း အလားတူ ဆောင်ရွက်လာနိုင်သည်။ NDAA ဥပဒေသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့ထက်တိုင် အကြီးအကျယ် ပြင်းထန်ဆိုးရွားစွာ ဒုက္ခပင်လယ်ဝေနေကြရသော တိုင်းရင်းသားလူမျိုးအားလုံးအတွက် အောင်ပွဲအမှတ်သင်္ကေတအဖြစ် ရပ်တည်လျက်ရှိသည်။

NDAA အက်ဥပဒေပါ မူဝါဒထုတ်ပြန်ချက်တရပ်အောက်၌ NUG၊ NUCC နှင့် CRPH တို့ကိုလည်း ရည်ညွှန်း[112] ဖော်ပြထားပြီး အထောက်အပံ့အကူအညီ လက်ခံရရှိထိုက်သူများဖြစ်ကြောင်းကိုလည်း ဆိုထားသည်။ သို့သော် ယင်းအက်ဥပဒေက NUG တခုတည်း သက်သက်ကို မြန်မာနိုင်ငံ၏ တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြုခြင်း မရှိသေးပါ။ ထို့အပြင် ဥပဒေက တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့များကို အသိအမှတ်ပြုရန်၊ ၎င်းတို့နှင့်အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းထားသည်ကို သတိချပ်ရန်လိုအပ်သည်။ ဤအစီအစဉ်ကို ပံ့ပိုးဆောင်ရွက်ရာ၌ မင်းအောင်လှိုင် ဦးဆောင်သော နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ သို့မဟုတ် စစ်ကောင်စီနှင့် လက်တွဲပူးပေါင်းကြသော တိုင်းရင်းသား ခုခံစစ်ဆင်အဖွဲ့များအနေဖြင့် ၎င်းတို့၏ မှားယွင်းသော မူဝါဒရပ်တည်ချက်တို့ကို လေ့လာဆန်းစစ်ပြီး စစ်ကောင်စီကို အပြီးတိုင် စွန့်ခွာရမည်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော အင်အားစုနှစ်ခုအနေဖြင့် ၎င်းတို့အကြား ထိထိရောက်ရောက်နှင့် တရားဝင် ပူးပေါင်းဆောင်ရွက်ရာတွင် အချင်းချင်းညှိနှိုင်းပြီး မြန်မာနိုင်ငံနှင့် သင့်တော်သော ဖက်ဒရယ်စနစ်နှင့်ပတ်သက်၍ ပုံစံအမျိုးမျိုးဖြင့် အကျေအလည် တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ကာ ရရှိလာသော အမြင်သဘောတူညီချက်တို့ကို အခြေခံ၍ ကြားကာလ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတူတကွ ရေးဆွဲသွားသင့်ပေသည်။

112 ၎င်း၊ အပိုဒ် (၃)။

အခန်း (၈)

# ထောက်ခံအကြံပြုချက်

စစ်အာဏာရှင်စနစ်ကို တိုက်ခိုက်နေချိန်အတွင်းမှာပင် အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ (ANSAs) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDFs) များအပါအဝင် သက်ဆိုင်သူ အစုအဖွဲ့အားလုံးနှင့် တိုင်းပြည်တစ်ခုလုံးကို လွှမ်းခြုံ၍ ဥပဒေစိုးမိုးရေး အုတ်မြစ်ချနိုင်ရေးသည် မဖြစ်မနေ အရေးကြီးလျက်ရှိသည်။ မြန်မာနိုင်ငံနှင့် သင့်တော်သော ဖက်ဒရယ်စနစ်ပေါ်ပေါက်လာရေးကို ဦးတည်သွားစေမည့် သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးစုအသီးသီးတို့၏ အမျိုးသားရေးဝါဒကို ထိန်းသိမ်းသင့်သည်မှာမှန်သော်လည်း ဥပဒေစိုးမိုးရေးနောက်ခံမှ လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သွားခြင်းကသာလျှင် ပထမဦးစားပေးဖြစ်ရမည်။ ယင်းကို အနိမ့်ဆုံးအားဖြင့် စစ်ဥပဒေခေါ် ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ဖော်ဆောင်သွားရမည်ဖြစ်သည်။ ထို့ပြင် ၂၀၂၀ ရွေးကောက်ပွဲရလဒ်နှင့်ဆက်စပ်လျက် အစိုးရအာဏာကို ကန့်သတ်မှု အယူအဆကို အဓိကအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို အသက်သွင်းရန် လိုအပ်သည်။ အချုပ်အားဖြင့် ဥပဒေ၏ အနှစ်သာရ၊ ထူးခြားမှုရှိသော အသွင်သဏ္ဌာန်ကို မီးမောင်းထိုးပြကာ တရားမျှတ၊ ငြိမ်းချမ်း၊ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတစ်ရပ်အတွက် မရှိမဖြစ်အရေးကြီးသော ခိုင်မာသည့် ဥပဒေစနစ်ကို တည်ဆောက်ရန် လိုအပ်ပေသည်။

ဥပဒေအထောက်အကူပြုကွန်ရက်အနေဖြင့် အာဏာသိမ်းမှုကို ဆန့်ကျင်သော တော်လှန်ရေးအဖွဲ့များ၊ တိုင်းရင်းသား ခုခံစစ်ဆင်အဖွဲ့များနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့အနေဖြင့် အောက်ပါကိစ္စရပ်များကို ဖော်ဆောင်ကြပါရန် တိုက်တွန်းတောင်းဆို အပ်ပါသည်။

(က) အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုရှာဖွေခြင်းဆိုင်ရာ အစီအမံများအပြင် မင်းအောင်လှိုင်နှင့် အပေါင်းပါများကို အနာဂတ်တွင် တရားစွဲဆိုရာ၌ အထောက်အပံ့ဖြစ်စေမည့် အစီအမံများပါဝင်သည့် ကြားကာလ ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေများကို တိုင်းရင်းသားပြည်နယ်များနှင့် ဖက်ဒရယ်အဆင့်တွင် ရေးဆွဲအတည်ပြု ကျင့်သုံးကြရန်။

(ခ) မြန်မာနိုင်ငံနှင့် သင့်တော်သည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးလျက် ၂၀၂၀ ရွေးကောက်ပွဲရလဒ်ကို လက်တွေ့အကောင်အထည်ဖော်သည့် အနေဖြင့် တိုင်းရင်းသားပြည်နယ်များနှင့် ဖက်ဒရယ်ပြည်ထောင်စု အဆင့်တွင် de jure နှင့် de facto ကို ပေါင်းစပ်ပြီး ဥပဒေပြု လွှတ်တော်များကို ဖွဲ့စည်းရန်နှင့် ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့်အညီ ဖက်ဒရယ်တရားရုံးချုပ်နှင့် ပြည်နယ်အဆင့် တရားရုံးချုပ်များကို အသီးသီး ဖွဲ့စည်းတည်ထောင်ရန်၊

(ဂ) အချိန်တိုအတွင်း အဆုံးသတ်နိုင်ဦးမည် မဟုတ်သည့် လက်နက်ကိုင် ပဋိပက္ခအတွင်း အရပ်သားလူထုကို ထိထိရောက်ရောက် ကာကွယ်နိုင်ရန်အတွက် ဂျီနီဗာကွန်ဗင်းရှင်းကို အခြေပြုကိုးကားပြီး စစ်ဥပဒေတခုကို ရေးဆွဲပြဋ္ဌာန်းရန်၊

(ဃ) ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်သစ် ပေါ်ပေါက်လာရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တပ်မတော် အက်ဥပဒေတရပ် ပေါ်ပေါက်လာရေးအတွက် ပံ့ပိုးဆောင်ရွက်ကြရန်။ သို့မှသာ ဖက်ဒရယ်ပြည်ထောင်စု တပ်မတော်အတွက် ပူးတွဲဆင့်ကဲကွပ်ကဲမှုစနစ် တခုကို ဖန်းတီးနိုင်မည်ဖြစ်ကာ စစ်ဥပဒေနှင့် တပ်မတော် အက်ဥပဒေများအား ချိုးဖောက်သော တော်လှန်ရေးအဖွဲ့များကို အရေးယူအပြစ်ပေး၊ တားဆီးနိုင်မည်ဖြစ်သည်။

(င) အစိုးရအာဏာကို ကန့်သတ်သည့် အယူအဆကို ကျင့်သုံးသော လွတ်လပ်သည့် တရားစီရင်ရေးကို ငြင်းပယ်ထားသည့် ၂၀၁၀ ခုနှစ်

တရားစီရင်ရေး ဥပဒေကို ပယ်ဖျက်ရန်၊ ပြည်နယ်များနှင့် ဗဟိုအဆင့် နှစ်ခုလုံးတွင် တပ်တွင်းတရားရုံးများအပေါ် အရပ်ဘက်တရားစီရင်ရေးက ကြပ်မတ်နိုင်သည့် တရားစီရင်ရေးဥပဒေများကို ပြဋ္ဌာန်းရန်။

(စ) နောင်တွင် မည်သည့်နေရာ၌မဆို လေကြောင်းမှဗုံးကြဲ၊ တိုက်ခိုက်မှု ရှိလာသည့်အခါတိုင်း တာဝန်ရှိ ပုဂ္ဂိုလ်များကို အကြီးအကျယ် ဖိအားပေးနိုင်ရန်အတွက် မင်းအောင်လှိုင်ခေါင်းဆောင်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သို့မဟုတ် စစ်ကောင်စီ၏ ပြစ်မှုကြောင်း အရတာဝန်ရှိမှုကို ပြည်တွင်း၌ရော ပြည်ပ၌ပါ ကျယ်ကျယ်လောင်လောင် မီးမောင်းထိုး ထုတ်ဖော်ပြောဆိုကြရန်။ သို့မှသာ ဤသို့သော ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ဟန့်တားနိုင်မည် ဖြစ်သည်။

(ဆ) နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံး၊ နိုင်ငံတကာပြစ်မှုဆိုင်ရာခုံရုံး၊ သို့မဟုတ် ပူးတွဲတရားရုံးတို့တွင် မင်းအောင်လှိုင်နှင့် ၎င်း၏ စစ်တပ်အကြီးအကဲအပေါင်းအပါများကို အရေးယူနိုင်ရန်အတွက် ယခင်ထက် ပိုမိုကြိုးပမ်းအားထုတ်ကြရန်နှင့်

(ဇ) ရက်စက်ကြမ်းကြုတ်သော ပြစ်မှုကြီးများ ကျူးလွန်ခံရမှုကြောင့် နစ်နာဆုံးရှုံးသူများ၊ စစ်ဘေးရှောင်ပြည်သူများ၊ အာဏာသိမ်းမှုကို ဆန့်ကျင်သော ခုခံစစ်ဆင်အဖွဲ့များနှင့် စုံစမ်းစစ်ဆေးရေး လုပ်ဆောင်သည့် အဖွဲ့အစည်းများထံသို့ နည်းပညာ၊ ငွေကြေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့ အကူအညီများ ဆက်လက်ပေးအပ်ကြရန်။

ဥပဒေအထောက်အကူပြုကွန်ရက်

၂၀၂၃ ခုနှစ် မေလ ၆ ရက်။

# နောက်ဆက်တွဲ

## လူသားမျိုးနွယ်ကိုဆန့်ကျင်သောပြစ်မှုမြောက်သည့် လေယာဉ်ဗုံးကြဲ တိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အာဏာသိမ်းစစ်ခေါင်းဆောင် မင်းအောင်လှိုင်နှင့် စစ်ကောင်စီထိပ်တန်းခေါင်းဆောင်များတွင် တာဝန်ရှိမှု ထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်နေ့ မနက် ၇ နာရီကျော် ၈ နာရီဝန်းကျင်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာ၌ ပြည်သူ့အုပ်ချုပ်ရေးရုံးဖွင့်ပွဲ ပြုလုပ်နေစဉ် စစ်ကောင်စီတပ်မှ တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက် ပြီးနောက် Mi“35 တိုက်ခိုက်ရေး ရဟတ်ယာဉ်အသုံးပြု၍ စက်သေနတ်ဖြင့် ၂၀ မိနစ်ခန့်ကြာ ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။[1] မနက်ပိုင်း လေကြောင်းတိုက်ခိုက်မှုအပြီး နေ့လယ် တစ်နာရီခန့်တွင် တကြိမ်၊ ညနေ ၅ နာရီကျော်ခန့်တွင် တကြိမ် ထပ်မံလာရောက် တိုက်ခိုက်ခဲ့သည်။[2] ယင်းသို့ စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် အပြင်းအထန် ဗုံးကြဲတိုက်ခိုက်၊ ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ အနည်းဆုံး ၈၀ မှ ၁၀၀ ကျော်ခန့် သေဆုံးပြီး ထိခိုက်ဒဏ်ရာရသူများ ၅၀ ခန့်ရှိသည်။ သေဆုံးသွားသည့် ပြည်သူများ တွင် ကလေးငယ်များ၊ အမျိုးသမီးများ အများအပြားပါဝင်သည်။[3]

အလားတူပြုလုပ်မှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၃ ရက်၊ ညအချိန် ရှစ်နာရီ လေးဆယ်မိနစ်ခန့်တွင် တိုက်လေယာဉ်သုံးစင်းဖြင့် (၆၂) ကြိမ်မြောက် ကေအိုင်အိုအထိမ်းအမှတ် အကြိုနေ့အတွက် ရည်ရွယ်ပြုလုပ်သည့် ဂီတဖျော်ဖြေပွဲ

---

1 RFA ‘ကန့်ဘလူ ပဇီကြီးရွာ လေကြောင်းတိုက်ခံရပြီး လူ ၅၀ ကနေ ၁၀၀ ကြားသေဆုံးနိုင်’၊ ၂၀၂၃ ဧပြီလ ၁၁ရက်နေ့။ https://www.rfa.org/burmese/program_2/kanbalu-pazigyi-village-airstrike-04112023032045.html RFA ‘ပဇီကြီးရွာတိုက်ခိုက်မှု စစ်ကောင်စီဝန်ခံ’၊ ၂၀၂၃ ဧပြီလ ၁၁ ရက်နေ့။ https://www.facebook.com/watch?v=291703723528359

2 Myanmar Now ‘ကန့်ဘလူ၊ ပဇီကြီးရွာတွင် ရုပ်အလောင်း ၈၀ ကျော်သဂြိုလ်နေစဉ် လေတပ် ဗုံးထပ်ကြဲ’၊ ၂၀၂၃ ဧပြီလ ၁၁ ရက်နေ့။ https://myanmar-now.org/mm/news/31052/

3 The Irrawaddy ‘ပဇီကြီးလေကြောင်းတိုက်ခိုက်မှုတွင် အမျိုးသမီးနှင့် ကလေးအများဆုံးသေဆုံး’ ၂၀၂၃ ဧပြီလ ၁၁ ရက်နေ့။ https://burma.irrawaddy.com/news/2023/04/11/ 259327.html. The Irrawaddy ‘ဘယ်သူ ဘယ်ဝါကို ခွဲမရဘူး (ရုပ်သံ)’ ၂၀၂၃ ဧပြီလ ၁၁ ရက်နေ့။ https://www.facebook.com/theirrawaddyburmese/videos/6328342213890426

အလယ်တည့်တည့်သို့ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အရပ်သားလူထု ၁၀၀ ဦးနီးပါးထိခိုက်သေဆုံးခဲ့သည်။[4] ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ သုံးလအတွင်း မြန်မာနိုင်ငံအနှံ့တွင် စစ်ကောင်စီ၏ အပြစ်မဲ့ပြည်သူများအပေါ် လေကြောင်းဖြင့်ပစ်မှတ်ထား တိုက်ခိုက်မှုပေါင်း ၅၆ ကြိမ်ထက်မနည်းရှိခဲ့သည်။[5]

အာဏာသိမ်းပြီးနောက်ပိုင်း လုပ်ဆောင်ခဲ့သော စစ်ကောင်စီ၏ လေကြောင်း တိုက်ခိုက်မှုများသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှုမြောက်နိုင်သည်။

လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှု၏ 'ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျတိုက်ခိုက်မှု' ဟူသည့် အင်္ဂါရပ်နှင့် ကိုက်ညီရန်အတွက် တပ်မတော်က ကျူးလွန်ခဲ့သည့် ပုံစံမှာ မတော်တဆမဟုတ်ဘဲ အလားတူ ရာဇဝတ်မှုများကို မတူညီသည့်ဒေသများတွင် ထပ်ခါတလဲလဲ ကျူးလွန်ခြင်းဖြစ်ရန် လိုအပ်သည်။[6] ထို့ပြင် 'ကျယ်ကျယ်ပြန့်ပြန့်နှင့်စနစ်တကျ' ဟူသည့်အင်္ဂါရပ်နှစ်ခုလုံးကို သက်သေပြရန်မလိုဘဲ အင်္ဂါရပ်တခုတည်း ထင်ရှားရုံမျှဖြင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုမြောက်နိုင်သည်။

> (...) တိုက်ခိုက်မှုတခုသည် ကျယ်ကျယ်ပြန့်ပြန့်ဖြင့် တိုက်ခိုက်ခြင်းမဟုတ်လျှင် စနစ်တကျဖြင့် တိုက်ခိုက်ခြင်းဖြစ်ရပေမည်။ တိုက်ခိုက်မှုတခုတည်းတွင် ယင်း အင်္ဂါရပ်နှစ်ခုလုံး ရှိနေရန်မလိုအပ်ပေ။ (...)[7]

ရောမဥပဒေ ပုဒ်မ (၇) အရ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ပြစ်မှုကို အဓိပ္ပါယ်သတ်မှတ်ရာတွင် 'အရပ်သားများကို ဦးတည်တိုက်ခိုက်ခြင်း' နှင့် 'ယင်းတိုက်ခိုက်မှုမှာ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျဖြစ်ခြင်း'ဟူသည့် အင်္ဂါရပ်နှစ်ခုနှင့် ညီညွတ်ရမည်ဟု ပြဌာန်းထားသည်။ ထိုသို့တိုက်ခိုက်ရန် မူဝါဒ၊ အစီအမံ ရှိနေခြင်းကို သက်သေပြရန်မှာ အမှုနှင့်များစွာဆက်စပ်နေနိုင်သော်လည်း ယင်းကို အထူးတလည် သက်သေပြရန် မလိုအပ်ပေ။ တိုက်ခိုက်မှုတခု သို့မဟုတ် ကျူးလွန်သူတဦးချင်းစီ၏ ပြုလုပ်မှုများမှာ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျဖြစ်ရန်သာလိုအပ်ပြီး အဆိုပါ မူဝါဒ၊ အစီအမံ၏ အစိတ်အပိုင်းတခုအဖြစ် ကျူးလွန်ခြင်းဖြစ်ကြောင်း သက်သေပြရန်မလိုအပ်ပေ။[8]

စစ်ကောင်စီတပ်၏ အထက်ပါကဲ့သို့ လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုသည် သာလွန်အင်အားဖြင့် တိုက်ခိုက်မှု၊ ထိခိုက်နစ်နာသည့် အရပ်သားအရေအတွက်

---

4 ဥပဒေအထောက်ကူပြုကွန်ရက်၊ အင်တာဗျူးအမှတ်စဉ် (၂) ၏ဖြေကြားချက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်၊ မြန်မာနိုင်ငံ (၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၇)။

5 ၂၀၂၃ ဇန်နဝါရီလမှ မတ်လအထိ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ (ဉာဏ်လင်းသစ် သုတေသနအဖွဲ့)။ https://bit.ly/3GBp1wx

6 Prosecutor v. Kunarac et al. Judgement, para.94

7 Ibid, para.97

8 Ibid, para.98

များပြားမှု၊ စစ်ရေးပစ်မှတ် ရေရေရာရာမရှိဘဲ လက်လွတ်စပယ် တိုက်ခိုက်မှုနှင့် ဂျီနီဗာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ သဘောတူစာချုပ် (၁) ၏ ပုဒ်မ ၅၇ တွင် ဖော်ပြထား သော ကြိုတင်ကာကွယ်မှု အစီအမံများကို လိုက်နာရန် ပျက်ကွက်မှုတို့မှာ တပ်မတော်က အရပ်သားလူထုကို ရည်ရွယ်ချက်ရှိရှိဖြင့် ဦးတည်ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်ကြောင်း သက်သေပြနိုင်ရန် လုံလောက်သော သက်သေအထောက်အထားများ ဖြစ်သည်။[9]

## ဘုံစီမံချက် (Common Plan) နှင့် အရပ်သားလူထုအား တိုက်ခိုက်ရန် မူဝါဒ

၂၀၁၁ ခုနှစ်တွင် အိုင်ဗရီကို့စ်နိုင်ငံ၏သမ္မတဖြစ်သူ လောရန့်ဂါဘိုသည် လူသား ဖြစ်မှုကိုဆန့်ကျင်သော ပြစ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသည့်အတွက် ၂၀၁၁ ခုနှစ်တွင် ဖမ်းဆီးခံခဲ့ရသည်။ လောရန့်ဂါဘိုသည် ရွေးကောက်ပွဲတွင် ရှုံးနိမ့်သည့် ရွေးကောက်ပွဲ ရလဒ်ကိုလက်မခံဘဲ နောက်ပိုင်း၌ ၎င်း၏ တပ်ဖွဲ့များနှင့် ပြိုင်ဘက်သမ္မတလောင်း ကွာတာရာတို့အကြား ပဋိပက္ခဖြစ်ပွားခဲ့ပြီး လူဦးရေပေါင်း သုံးထောင်ဝန်းကျင်ခန့် သေဆုံးခဲ့ရသည်။[10] ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်တွင် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံး၏ စစ်ဆေးမှုကို စတင်ခဲ့သည်။ သို့သော်လည်း ဘုံစီမံချက် (common plan) ဖြင့်ကျူးလွန်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိသဖြင့် အိုင်စီစီက လောရန့်ဂါဘိုကို အပြစ်မရှိကြောင်း စီရင်ဆုံးဖြတ်ကာ တရားသေလွှတ်ပေးခဲ့သည်။

သို့ဖြစ်ရာ မင်းအောင်လှိုင်အား အိုင်စီစီတရားရုံးတွင် ရုံးတင်စစ်ဆေးခဲ့သည်ဆို စေဦး၊ လောရန့်ဂါဘိုအမှုကဲ့သို့ အဆုံးသတ်သွားမည်လားဟူသည့် အချက်မှာ စိုးရိမ် ဖွယ်ဖြစ်သည်။ ထို့ကြောင့် အဓိကတာဝန်ရှိသည့် ထိပ်တန်းခေါင်းဆောင် အချို့၏ တာဝန်ခံမှုကိုရှာဖွေရန် မဖြစ်မနေ လုပ်ဆောင်ရန် လိုအပ်ပေသည်။

နိုင်ငံတကာဥပဒေပါ အထက်အမိန့်ပေးပိုင်ခွင့်ရှိသူ၏ တာဝန်ရှိမှုဥပဒေသအရ ဥပဒေသအောက်တွင် လက်အောက်ငယ်သားများ ကျူးလွန်သည့် ပြစ်မှုများကို သိရှိပါ လျက် အထက်အကြီးအကဲများက အပြစ်ပေး အရေးယူရန်နှင့် မဖြစ်ပွားအောင် တားဆီး ကာကွယ်ရန်တာဝန်တို့ကို ပျက်ကွက်ခဲ့မည်ဆိုလျှင် ရာဇဝတ်မကင်းသော တာဝန်ရှိမှု ဖြင့် အထက်အကြီးအကဲများ ကတာဝန်ခံရမည်ဖြစ်သည်။ တပ်မတော်ထိပ်တန်း ခေါင်းဆောင်များက ဤအယူအဆကို အလွဲသုံးစားပြုခဲ့ကြသည်။ အတိအကျဆိုရလျှင် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် ရက်စက်ကြမ်းကြုတ်စွာကျူးလွန်ခဲ့သော

9 Prosecutor v. Kunarac et al. (Judgement) ICTY IT-96-23/1-A, Appeal Chamber (12 June 2002) para.91 Available at https://www.icty.org/x/cases/kunarac/acjug/en/kun-aj020612e.pdf

10 Philip Andrew Churm, –Former Ivory Coast president, Laurent Gbagbo, pardoned by Ouattara– Africanews (7 August 2022) https://www.africanews.com/2022/08/07/former-ivory-coast-president-laurent-gbagbo-is-pardoned-by-ouattara/ accessed 24 December 2022.

အောက်ခြေစစ်သားများကို အပြစ်ပေးအရေးယူပြပြီး မိမိတို့၏ တဦးချင်းတာဝန်ရှိမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခဲ့ကြခြင်းကို အင်းဒင်အမှုဖြစ်စဉ်အား သာဓကအနေဖြင့် လေ့လာနိုင်ပါသည်။ ယခင်က ယူဂိုဆလား ဗီးယားပြည်ထောင်စုအမှုနှင့် အလားတူ စစ်ခေါင်းဆောင်များအနေဖြင့် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာပြစ်မှုခုံရုံး သို့မဟုတ် နိုင်ငံတကာပြစ်မှုဆိုင်ရာ တရားရုံးတခုခုတို့တွင် ရုံးတင်စစ်ဆေး ခံခဲ့ရသည်ရှိသော် ကာကွယ်ထုချေနိုင်ရန် ကိုယ့်ကိုယ်ကို ကြိုတင်ပြင်ဆင်ထားကြခြင်းပင်ဖြစ်သည်။

အမိန့်ပေးပိုင်ခွင့်ရှိသူ၏ တာဝန်ရှိမှု ဥပဒေသ (Doctrine of Superior/ Command Responsibility) မှာ အထက်အရာရှိအကြီးအကဲက နိုင်ငံတကာအဆင့်ရှိပြစ်မှုကြီးများကို ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်ခြင်းမရှိသည့် အခါ၌သာ အကျုံးဝင်မှုရှိနိုင်သည်။ သို့ရာတွင် အထက်အရာရှိ အကြီးအကဲကိုယ်တိုင် အဆိုပါပြစ်မှုကို ဘုံစီမံချက်ဖြင့် ကျူးလွန်ရန် အမိန့်ပေးစေခိုင်းခဲ့သည်ဆိုလျှင် မည်သို့ဖြစ်လာမည်နည်း။ အိုင်ဗရီကို့စ်အမှုတွင် အိုင်စီစီတရားစွဲ အရာရှိက သမ္မတလောရန့်ဂါဘိုကို အဆိုပါပြစ်မှုများကို ဘုံစီမံချက်ဖြင့် ကျူးလွန်ခဲ့ကြောင်းကို သက်သေပြနိုင်ခြင်း မရှိသည့်အနေအထားဖြစ်သည်။

သို့သော်လည်း မြန်မာနိုင်ငံ၏ အခင်းအကျင်းတွင် ဝေဟင်မှ တိုက်ခိုက်မှုများ၊ တိုက်လေယဉ်များဖြင့် ဗုံးကြဲမှုများကို မင်းအောင်လှိုင်ခေါင်းဆောင်သော ထိပ်တန်းအရာရှိကြီးများ၏ အမိန့်မပါဘဲ မည်သည့်အခါမျှ ပြုလုပ်၍မရကြောင်း ခိုင်မာသည့် အချက်အလက်များက ညွှန်ပြနေသည်။ ထိုအမိန့်များမှာ တပ်မတော်က ကျင့်သုံးလျက်ရှိသည့် အမိန့်စီးဆင်းမှုစနစ်အတွင်းမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထို့ကြောင့် တပ်မတော်၏ အမိန့်စီးဆင်းမှုစနစ်အရ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဝေဟင်မှ တိုက်ခိုက်မှုများနှင့် လေကြောင်းဗုံးကြဲ တိုက်ခိုက်မှုများပြုလုပ်တိုင်း ကာကွယ်ရေးဦးစီးချုပ်မင်းအောင်လှိုင်နှင့်အဖွဲ့တွင် အတိအလင်းတာဝန်ရှိကြောင်း မှတ်ယူနိုင်ပါသည်။ ယင်းနှင့်စပ်လျဉ်း၍ တပ်မတော်၏ အမိန့်စီးဆင်းမှုစနစ်ကို အောက်တွင် လေ့လာနိုင်ပါသည်။

## ဆင့်ကဲကွပ်ကဲမှုစနစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ညွှန်ကြားချက်ဖြင့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်ရုံးမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဆဌမအကြိမ်ပြန်လည်ပြင်ဆင်ဖြည့်စွက်ပုံနှိပ်ထုတ်ဝေသော ဦးစီးတာဝန် (စ၁-၄-၁၀၇၂) စာအုပ်၏ အခန်း (၂၅)၊ တပ်မတော်(လေ) ကဏ္ဍ စာမျက်နှာ ၂၅-၁၈၊ ၂၅-၁၉၊ ၂၅-၂၀၊ ၂၅-၂၉၊ ၂၅-၃၀ နှင့် ၂၅-၃၁ တို့တွင် စစ်ရေးလှုပ်ရှားမှုများပြုလုပ်နေစဉ် မြန်မာစစ်တပ် - တပ်မတော် (ကြည်း၊ရေ) တပ်ဖွဲ့များ၏ စစ်ဆင်ရေးများအတွင်းလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ လေကြောင်းအကူအညီ တောင်းခံမှုအား အောက်ပါအတိုင်း ပြုလုပ်နိုင်ကြောင်း ပြဌာန်းထားပါသည်။

**[ရည်ညွှန်း ကိုးကားချက် 'စ' ]**

**(၆.၅) လေကြောင်းအကူအညီတောင်းခံခြင်း**

တပ်မတော် (ကြည်း၊ရေ) တပ်ဖွဲ့များ၏ စစ်ဆင်ရေးများတွင် လေကြောင်းအကူ လိုအပ်ပါက လွယ်ကူအဆင်ပြေစွာ တောင်းနိုင်ရန်အတွက် လေကြောင်းအကူတောင်းခံနည်းကို ဦးစီးအရာရှိတိုင်း သိရှိထားရန် လိုအပ်ပါသည်။ လေကြောင်းအကူတောင်းခံရာတွင် ကြိုတင်စီစဉ်ထားသော လေကြောင်းအကူနှင့် ရုတ်ခြည်းလေကြောင်းအကူ ဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။

**ကြိုတင်စီစဉ်ထားသောအကူ။** ဆင့်ကဲကွပ်ကဲမှုစနစ်ဖြင့် တင်ပြတောင်းခံရသည်။

**ရုတ်ခြည်းအကူ။** ဆင့်ကဲကွပ်ကဲမှုစနစ်ဖြင့် ခြေလျင်စစ်ကြောင်းများမှ နည်းဗျူဟာ စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ်သို့ တိုက်ရိုက်တောင်းခံခွင့်ရှိသည်။ တောင်းခံသည့်အခါ စစ်ကြောင်း၏ အထက်တပ်ဖွဲ့များသို့ မိတ္တူပေးရမည်။ တိုင်း/ဒေသကွပ်ကဲမှု စစ်ဌာနချုပ်/ တပ်မဌာနချုပ်/ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်များသို့ လေယာဉ်သုံးစွဲခွင့်အာဏာ ခွဲဝေပေးထားလျှင် လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်း၊ လေတပ် (တပ်ဆွယ်)နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

လေယာဉ်များ ခွဲဝေပေးထားသော်လည်း သုံးစွဲခွင့်အာဏာကို အထက်မှ ချုပ်ကိုင်ထားလျှင် ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ အထူးစစ်ဆင်ရေးအဖွဲ့၊ တိုင်း/ဒေသ ကွပ်ကဲမှုစစ်ဌာနချုပ်/ တပ်မဌာနချုပ်/ စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်များမှ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ထံသို့ တောင်းခံသည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ လေကြောင်းအကူ ပေးမည်ဟုဆုံးဖြတ်လျှင် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) နှင့် ပေါင်းစပ်ညှိနှိုင်းသည်။

**မှတ်ချက်။** လေကြောင်းအကူတောင်းခံပုံအတွက် ဆက်သွယ်ရေးစနစ်ကို စာမျက်နှာ ၂၅-၂၉ တွင် ဖော်ပြထားသည်။

**လေကြောင်းအကူတောင်းကြေးနန်းစာရေးပုံ။** လေကြောင်းအကူတောင်းခံရာတွင် လွယ်ကူရှင်းလင်းပြီး လျင်မြန်မှုရှိစေရန်အတွက် အောက်တွင်ဖော်ပြထားသည့် စာပိုဒ်ခွဲခေါင်းစဉ်များအလိုက် (က)၊ (ခ) စသည်ဖြင့် တပ်ပြီး ကြေးနန်းရေးသားတောင်းခံရသည်။


(က) လေကြောင်းအကူ အဆင့်အတန်း
- (၁) ကြိုတင်အကူ။
- (၂) ရုတ်ခြည်းအကူ။

(ခ) လေကြောင်းအကူ အမျိုးအစား
- (၁) လေယာဉ်ဖြင့် တိုက်ခိုက်ရေး။
- (၂) ဝေဟင် ကင်းထောက်ရေး။
- (၃) လူနာရွှေ့ထုတ်ရေး။
- (၄) လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေး။
- (၅) လေကြောင်းချီတပ်များဖြင့် တိုက်ခိုက်ရေး။

(ဂ) မြေပုံညွှန်း (ဂဏန်း ၆ လုံးဖြင့် ဖော်ပြရမည်)။
(ဃ) နောက်ဆုံးအချိန်နှင့် နေ့ရက်။
(င) အကောင်းဆုံးအချိန်နှင့် နေ့ရက်။
(စ) ဆောင်ရွက်ရမည့်တာဝန်။
(ဆ) အဓိကဆောင်ရွက်ရမည့်နေရာ။
(ဇ) မိမိတပ်နေရာ။
(ဈ) အခြားထူးခြားချက်များ။

လေကြောင်းအကူအညီတောင်းခံသည့် နမူနာပုံစံအား စာမျက်နှာ ၂၅-၃၀ တွင် ဖော်ပြထားသည်။

**လေကြောင်းအကူ တောင်းခံပုံအတွက် ဆက်သွယ်ရေးစနစ်**



## ရည်ညွှန်းချက်

- ကြိုတင်စီမံထားသောအကူ။
- ရုတ်ခြည်းအကူ။
- ပေါင်းစပ်ညှိနှိုင်းခြင်း။
- လေတပ်သို့ ညွှန်ကြားခြင်း။
- အာဏာခွဲဝေပေးထားလျှင် ကွပ်ကဲရန်။
- အာဏာခွဲဝေပေးထားလျှင် ကွပ်ကဲရန်။
- ဝေဟင် မြေပြင် ဆက်သွယ်မှုယူရန်။

ပုံစံ၊ ဆသရ-၁ကြီး

## မှတ်ပုံတင်ကြေးနန်းစာပုံစံ

မှတ်ပုံတင်အမှတ်

| အခေါ်အမည် | အမှတ်စဉ် | ဦးစား | ညွှန်ကြားချက် |
|---|---|---|---|

(ဤမျဉ်းထူ၏ပြင်ပတွင် ဆက်သွယ်ရေးရုံးများသာ အသုံးပြုရန်)

| | | |
|---|---|---|
| (ပ) ရေးသူလိပ်စာ | ရက်၊ အချိန် | လက်ခံရက်၊ အချိန် |
| အရေးယူလိပ်စာ | | ရုံး၊ ရက်စွဲ |
| တံဆိပ် | | |

မိတ္တူလိပ်စာ

ရေးသူအမှတ် -

(က) ရုတ်ခြည်း။ (ခ) လေယာဉ်ဖြင့်တိုက်ခိုက်ရေး။

(ဂ) အယ်လ် ဖ၀၄၃၂၁။ (ဃ) ၂၄၁၆၅၄။ (င) မလို။

(စ) ချေမှုန်း။ (ဆ) ရွာရှေ့ တောင်ထိပ် ဘန်ကာ။

(ဇ) ပစ်မှတ်မြောက် ကိုက် ၁၀၀၀။

(ဈ) ရန်သူ့ စက်လတ် တစ်လက် အခေါ် ဇင်ယော်။

ရှင်းလင်းချက်။

(၁) အကောင်းဆုံးအချိန်နှင့် နေ့ရက်မှာမှ လောလောဆယ်ပစ်ခတ်ကူညီ ရမည့်အတွက် 'မလို' ဟူ၍ ဖော်ပြရမည်။

(၂) ရန်သူအား လေကြောင်းမှ တိုက်ခိုက်ရာ၌ မည်သည့်တိုက်ခိုက်မှု အမျိုးအစားလို သည်ကို မိမိအခြေအနေအရဖော်ပြရန်။

[ ရည်ညွှန်းကိုးကားချက် –ဆုံး– ]

အထက်တွင် ရည်ညွှန်း ကိုးကားထားသော မြန်မာစစ်တပ်၏ ဦးစီးတာဝန် (စ၁-၄-၁ဝ၀၂) စာအုပ်ပါ ဖော်ပြချက်များအရ ဤလေကြောင်းတိုက်ခိုက်မှုမှာ မြေပြင်တိုက်ပွဲများဖြစ်ပွားနေချိန် လေကြောင်းအကူ တောင်းခံ၍ စစ်ရေးပစ်မှတ်များအား ဦးတည်တိုက်ခိုက်ခြင်းမျိုး လုံးဝမဟုတ်ဘဲ လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားခြင်း အလျင်းမရှိနေသည့် အချိန်တွင် စနစ်တကျကြိုတင်ပြင်ဆင်ပြီး အရပ်သားပစ်မှတ်များအား ဦးတည်တိုက်ခိုက်ခဲ့မှု ဖြစ်ကြောင်းထင်ရှားပါသည်။ အရပ်သားများကို ဦးတည်တိုက်ခိုက်ခဲ့သည့် အဆိုပါအကြမ်းဖက် လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် အမြင့်ဆုံးတာဝန်ရှိသော မြန်မာစစ်တပ်၏ ဦးစီးကွပ်ကဲမှု တာဝန်အဆင့်ဆင့်ကို အောက်ပါဇယားတွင် ကြည့်ရှုနိုင်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)**

| စဉ် | ရာထူး/အမည် | ကိုယ်ပိုင်အမှတ်၊ အပါတ်စဉ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် | ကြည်း-၁၄၂၃၂ စတသ-၁၉ | တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် | |
| ၂ | ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း | ကြည်း-၁၆၄၈၉ စတသ-၂၂ | ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) | |
| ၃ | ဗိုလ်ချုပ်ကြီးမောင်မောင်အေး | ကြည်း-၁၈၁၃၁ စတသ-၂၅ | ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) | |
| ၄ | ဗိုလ်ချုပ် ကြီးထွန်းအောင် | လေ-၁၉၈၂ စတသ-၂၇ | ကာကွယ်ရေးဦးစီးချုပ်(လေ) | |
| ၅ | ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော် | ကြည်း-၂၀၂၇၈ ဗကသ-၇၃ | အမှတ်(၁)စစ်ဆင်ရေး အထူးအဖွဲ့မှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | |
| ၆ | ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း | ကြည်း-၂၁၃၉၅ စတသ-၃၀ | စစ်ဦးစီးအရာရှိချုပ် (ကြည်း) စစ်ဦးစီးဌာန(ကြည်း) | |
| ၇ | ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့် | လေ-၂၀၈၀ စတသ-၂၈ | စစ်ဦးစီးအရာရှိချုပ် (လေ) စစ်ဦးစီးဌာန (လေ) | |
| ၈ | ဗိုလ်မှူးချုပ်ဝေလင်း | ကြည်း-၂၉--- စတသ-၃၉ | စစ်ဦးစီးဗိုလ်မှူးချုပ် (စစ်ဆင်ရေး) စစ်ဦးစီးဌာန (ကြည်း) | |

| | | | | |
|---|---|---|---|---|
| ၉ | ဗိုလ်မှူးချုပ် | | စစ်ဦးစီးဗိုလ်မှူးချုပ်<br>(စစ်ဆင်ရေး)<br>စစ်ဦးစီးဌာန (ကြည်း) | |
| ၁၀ | ဗိုလ်မှူးချုပ်<br>ဇော်မင်းဦး | လေ-<br>စတသ-၃၄ | စစ်ဦးစီးဗိုလ်မှူးချုပ်(လေ)<br>စစ်ဦးစီးဌာန(လေ) | |

ဥပဒေအထောက်အကူပြုကွန်ရက်
၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်။

**အသေးစိတ်သိလိုလျှင် ဆက်သွယ်ရန်၊**


၁။ ဦးအောင်ထူး
(လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက် တည်ထောင်သူ)
Email: legalaidnetwork@gmail.com
Website: legalaidnetwork.org
Signal: +46 73 207 77 30

၂။ ဦးကျော်ကျော် (မဟာဗျူဟာနှင့် မူဝါဒရေးရာ အကြံပေး)


Legal Aid Network